ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ ရက်နေ့တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၀ ပြည့်နှစ် တပေါင်းလပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 2 April 2019 ၉၆၀၉

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြောင်းမြတံတားဖွင့်ပွဲ တက်ရောက် ကျောင်းကုန်းမြို့နှင့် ပုသိမ်မြို့များရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

ပုသိမ် ဧပြီ ၁

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဦးမင်းသူ၊ ဒေါက်တာအောင်သူနှင့် ဦးအုန်းဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ရောက်ရှိကြသည်။**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက ပုသိမ်မြို့လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် တပ်မတော်ရဟတ်ယာဉ်များဖြင့် မြောင်းမြသို့ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မြောင်းမြတံတားဖွင့်ပွဲအခမ်းအနားကျင်းပမည့် ယာယီမဏ္ဍပ်သို့ ရောက်ရှိကြသည်။

**နှုတ်ခွန်းဆက်**

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုအခမ်းအနားကို တက်ရောက်လာကြတဲ့ ပြည်သူပြည်သားအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြောင်းမြတံတားသစ်ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။**





ရွှေးမြစ်ကိုဖြတ်၍ တည်ဆောက်ထားသော သံကူကွန်ကရစ်အမျိုးအစား မြောင်းမြတံတားသစ်အား ဧပြီ ၁ ရက်က ဖွင့်လှစ်ပြီး တွေ့ရစဉ်။



ကြေးမုံ

# လုပ်ငန်းကျွမ်းကျင်မှု တိုးတက်အောင်မြင်

ကျွမ်းကျင်လုပ်သား၊ ကျွမ်းကျင်သူ၊ ကျွမ်းကျင်ပညာရှင်ဆိုသည်မှာ ဆရာဝန်၊ အင်ဂျင်နီယာ၊ ဆေးဘက်ပညာ၊ စာရင်းကိုင်ပညာ၊ နည်းပညာမှအစ အောက်ခြေသိမ်းလုပ်သားအားလုံးအထိ ပါဝင်ပါသည်။ ၎င်းတို့သည် နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်အရေးပါသော လူသားအရင်းအမြစ်များဖြစ်ကြပါသည်။ ကျွမ်းကျင်သော အရင်းအမြစ်များ နည်းပါးပါက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနည်းပြီး များပြားပါက ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာပါသည်။

ကျွမ်းကျင်မှုဟူသည် မွေးရာပါတတ်မြောက်လာခြင်းမဟုတ်ချေ။ ကျွမ်းကျင်မှုပညာတစ်ရပ်အား အပတ်တကုတ်လေ့လာလိုက်စား ဆည်းပူးသင်ယူခြင်းမှ တတ်မြောက်လာသောပညာတစ်ရပ်ဖြစ်သည်။ ထိုပညာကို နည်းမှန်လမ်းမှန်ဖြင့် ခေတ်မီနည်းကျ တတ်မြောက်ဖို့ လိုအပ်သည်။ ပုံသေကားကျမဟုတ်ဘဲ တီထွင်ကြံဆမှုဖြင့် စနစ်တကျလုပ်ကိုင်တတ်ဖို့ လိုအပ်သည်။ မြန်မာမှုနယ်ပယ်တွင် ဆရာမပြ ငါးပိဖုတ်ပင် နည်းမကျဆိုသကဲ့သို့ စနစ်တကျနည်းလမ်းပြသော ဆရာလိုအပ်သည်။

ချမ်းသာကြွယ်ဝသော အနောက်နိုင်ငံများကို သံသေ တစ်ပြည်ဝ၊ ပြဒါးသေ တစ်ဆွေဝသည့် နိုင်ငံများဟု ဆိုကြသည်။ အမှန်တွင် သံ၊ သတ္တုတို့ကို အရည်ကျိုချက်၍ များလှသော လူ့အသုံးအဆောင် ကိရိယာတန်ဆာတို့ကို ကျွမ်းကျင်စွာ ဖန်တီးစီရင်တတ်သောကြောင့် ငွေအမြောက်အမြား ဝင်လာပြီး တိုင်းပြည်ကြွယ်ဝချမ်းသာခြင်းကို ဆိုလိုသည်။ ထို့ကြောင့် နည်းပညာ၊ အတတ်ပညာတို့ကို ကျွမ်းကျင်စွာ တတ်မြောက်ခြင်းသည် ချမ်းသာခြင်း အကြောင်းရင်းခံဖြစ်ပေသည်။

မြန်မာနိုင်ငံသည် လုပ်သားအင်အား ပေါများသောနိုင်ငံဖြစ်သည်။ သို့သော် ကျွမ်းကျင်သောအတတ်ပညာကို ခေတ်မီနည်းကျ စနစ်တကျ တတ်မြောက်သောသူများမှာ နည်းပါးလှသည်။ ခေတ်မီနည်းစနစ်တကျ မတတ်မြောက်သရွေ့ မိမိနိုင်ငံကိုလည်း အကျိုးမဖြစ်၊ သူတစ်ပါးနိုင်ငံတွင်လည်း အလုပ်မဖြစ်လောက်ချေ။ စားနိုင်သောက်နိုင်ရုံလောက် ချောင်ချောင်လည်လည်တော့ ရှိပေလိမ့်မည်။

ထိုင်းနိုင်ငံ၏စစ်တမ်းအရ ထိုင်းနိုင်ငံတွင် မြန်မာအလုပ်သမား သုံးသန်းကျော်ရှိပြီး မလေးရှား၊ စင်ကာပူနှင့် အခြားနိုင်ငံများတွင် မြန်မာလုပ်သား သိန်း၊ သောင်းချီရှိသည်။ ပြည်ပရောက် မြန်မာလုပ်သားများတွင် အောက်ခြေသိမ်းလုပ်သားများမှာ ၆၅ ရာခိုင်နှုန်းကျော်ရှိပြီး ကျန် ၃၅ ရာခိုင်နှုန်းနီးပါးမှာ အသိပညာရှင်၊ အတတ်ပညာရှင်နှင့် ကျွမ်းကျင်သူများဖြစ်သည်။ သူတစ်ပါးနိုင်ငံမှ ကျွမ်းကျင်သူများ၊ အလုပ်သမားများထက် လုပ်ခသက်သာသော မြန်မာများကို အသုံးချရသဖြင့် ၎င်းတို့နိုင်ငံအတွက် အကျိုးဖြစ်ထွန်းကြသည်။

ပြည်ပနိုင်ငံများ၌ ကျွမ်းကျင်မှုလိုအပ်ချက်ရှိပါက အလုပ်အကိုင်ဆုံးရှုံးခြင်း၊ လုပ်ခလစာနည်းပါးခြင်းတို့နှင့် ကြုံတွေ့ရမည်။ မြန်မာနိုင်ငံ၏ အဓိကစိန်ခေါ်မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားများ နည်းပါးနေခြင်းဖြစ်သည်။ ထိုအချက်ကို ဖြည့်ဆည်းသည့်အနေဖြင့် မတ်လ ၂၉ ရက်နေ့က နေပြည်တော်တွင် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ISO 9001:2015 အသိအမှတ်ပြု လက်မှတ်ရရှိခြင်းနှင့် အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလက်မှတ်ပေးအပ်ခဲ့သည်။

လုပ်ငန်းခွင်အတွင်း လုပ်သားများကို ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ် မတ်လအထိ အလုပ်အကိုင် ကျွမ်းကျင်မှုအလိုက် စစ်ဆေးအကဲဖြတ်ခဲ့ရာ အလုပ်အကိုင် ၂၃ မျိုးအတွက် အမျိုးသားအဆင့်အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပေသည်။ သို့သော် လုပ်ငန်းနယ်ပယ်များမှာ များပြားကျယ်ပြန့်လှသဖြင့် ကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ သင်ကြားမွေးထုတ်ပေးနိုင်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများကို စဉ်ဆက်မပြတ် သင်ကြားမွေးထုတ်ပေးနိုင်ခြင်းဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဖြည့်ဆည်းပေးနိုင်မည့်အပြင် ဒေသတွင်းနိုင်ငံများတွင် သွားရောက်လုပ်ကိုင်နေကြသော မြန်မာလုပ်သားများ၏ ရပိုင်ခွင့်နှင့် အကျိုးခံစားခွင့်များ ဒေသတွင်းနိုင်ငံများရှိ ကျွမ်းကျင်လုပ်သားများနှင့်တန်းတူ အကျိုးရလဒ်ကောင်းများ ရရှိမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm




## ဓမ္မာစရိယစာမေးပွဲ ဆဋ္ဌမနေ့ ကျင်းပ

**နေပြည်တော် ဧပြီ ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၁၉ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့ (ဆဋ္ဌမနေ့) တွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၄ ဌာနတို့၌ စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၅၁၅ ပါး အနက် ၁၁၉၇ ပါး ဖြေဆိုကြသဖြင့် ၇၃ ဒသမ ၉၀ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ကျောင်းပြင်ပ မူလတန်းနှင့် အလယ်တန်း ပညာရေးအစီအစဉ်ဂုဏ်ပြုပွဲနှင့် ပညာရေးသံတမန်ဂုဏ်ပြုချီးမြှင့်ခြင်း ကျင်းပ

**ရန်ကုန် ဧပြီ ၁**

မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန (MLRC)မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျောင်းပြင်ပ မူလတန်းနှင့် အလယ်တန်း ပညာရေးအစီအစဉ် ဂုဏ်ပြုပွဲနှင့် ပညာရေးသံတမန်ဂုဏ်ပြုချီးမြှင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမတွင် ကျင်းပသည်။



**မှာကြားစကား**

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနဥက္ကဋ္ဌ ဒေါက်တာ ဦးသန်းဦးက ဂုဏ်ပြုစကားပြောကြားကာ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဦးတင်ညိုက ဂုဏ်ပြုပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ ကုလသမဂ္ဂကလေးများရန်ပုံငွေဌာန ကိုယ်စားလှယ်ရုံး Chief Education Section မှ Ms.Mitsue Uemura က အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာန (MLRC) ပညာရေးသံတမန်အဖြစ် ဒေါက်တာချစ်သုဝေအား ဂုဏ်ပြုချီးမြှင့်လွှာပေးအပ်ရာ ဒေါက်တာချစ်သုဝေက မှာကြားစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ မြန်မာနိုင်ငံ အမျိုးသားပညာရေး မူဝါဒကော်မရှင်အဖွဲ့ဝင် ဦးစောအောင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီအဖွဲ့ဝင် ဦးတင်လှိုင်၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဌေးတို့က ကျောင်းပြင်ပ မူလတန်း ပညာရေး အစီအစဉ် အလှူရှင်ကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြသော ကျောင်းပြင်ပ မူလတန်း ပညာရေး မျိုးဆက်ကလေးများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သော ကလေးများကိုယ်စား ဘိုကလေး ပညာရေးကောလိပ် ပထမနှစ်ကျောင်းသား မောင်ရဲကျော်ခန့်က ကျေးဇူးတင်စကားပြောကြားကာ ကျောင်းပြင်ပ မူလတန်းဆရာမများက "ကလေးများအတွက်ဒီနေ့" တေးသီချင်းဖြင့် အခမ်းအနားကို ရုပ်သိမ်းသည်။

**ဆည်းပူးခွင့်ရရှိ**

ကျောင်းပြင်ပရောက် ကလေးများ ပညာသင်ယူခွင့် ကင်းမဲ့ခဲ့ရာမှ ကျောင်းပြင်ပ မူလတန်း ပညာရေးအစီအစဉ်ဖြင့် ပညာသင်ယူခွင့်ရရှိခဲ့ရာ ကလေးများကိုယ်တိုင် ကြိုးစားအားထုတ်မှု၊ ပညာရေးစေတနာရှင်များ၏ ပံ့ပိုးမှုများကြောင့် မမျှော်မှန်းရဲခဲ့သည့် အဆင့်မြင့်တက္ကသိုလ်ပညာရပ်များကို ဆည်းပူးခွင့်ရရှိနေကြသည်ဖြစ်ရာ အလားတူ ကျောင်းပြင်ပရောက် ကလေးများအတွက်လည်း အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးစောင့်ရှောက်ပေးမည့် အလှူရှင်ကြီးများ ပေါ်ထွက်လာနိုင်ရန် မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန MLRC က စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေးနှင့် စက်သုံးဆီဈေးနှုန်း

**နေပြည်တော် ဧပြီ ၁**

**ရန်ကုန် (ရွှေဈေး)** ၁၀၄၅၀၀၀ - ၁၀၄၅၀၀၀ **မန္တလေး (ရွှေဈေး)** ၁၀၄၅၀၀၀ - ၁၀၄၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၃၀/၉၈၅ ကျပ် | ၉၈၅/၁၀၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၆၀/၉၁၅ ကျပ် | ၉၅၅/၉၆၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၈၁၅ ကျပ် | ၈၇၀/၈၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၄၀/၉၉၅ ကျပ် | ၁၀၀၀/၁၀၁၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၅/၉၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၀၅/၉၃၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၁၀/၈၂၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဧပြီ ၁**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ မြောင်းမြတံတားသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**✳ ရှေ့ဖုံးမှ**

“မြောင်းမြကြိုးတံတားဟောင်းဟာ ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ကြံ့ခိုင်မှု အားနည်းပြီး ကျိုးကျခဲ့တဲ့အတွက် မနှစ်က ဒီအချိန်မှာ ဒေသခံပြည်သူများအတွက် စိတ်ထိခိုက်စရာ၊ ဝမ်းနည်းစရာများဖြစ်ပေါ်ခဲ့ရပါတယ်။ အခု တစ်နှစ်ပြည့်ခဲ့ပြီးနောက်မှာတော့ ဒေသခံများ မျှော်လင့်တောင့်တခဲ့တဲ့ မြောင်းမြတံတားသစ်ကြီး ပြီးစီးလို့ ဖွင့်လှစ် အသုံးပြုနိုင်ပါပြီ။ မြောင်းမြတံတားကြီးကတော့ ကြံ့ခိုင်၊ စိတ်ချရတဲ့အနေအထား ရှိနေပြီဖြစ်ပေမယ့် ဧရာဝတီတိုင်းဒေသကြီးအတွင်းက ကြံ့ခိုင်မှုအားနည်းနေတဲ့ တံတားတွေရှိနေပါသေးတယ်။ ကြိုးတံတားများဖြစ်တဲ့ လပွတ္တာ(ပင်လယ်လေး)တံတား၊ ဝါးခယ်မတံတား၊ ရွှေလောင်းတံတားတွေကိုလည်း မြောင်းမြတံတားသစ်ကြီးလို ခံနိုင်ရည်အားကောင်းတဲ့ Steel Box Girder တံတားများအဖြစ် အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိလို့ ယာယီအခက်အခဲများနဲ့ အဆင်မပြေမှုများ ရှိခဲ့ရင်လည်း သည်းခံပေးကြပါလို့ ပြည်သူလူထုကို မေတ္တာရပ်ခံချင်ပါတယ်။ တည်ဆောက်ပြီး လမ်း၊ တံတားများကို ရေရှည်ခိုင်ခံ့ဖို့ ဒေသခံများက ဝိုင်းဝန်းကူညီ ထိန်းသိမ်းစောင့်ရှောက်ပေးကြပါလို့လည်း တိုက်တွန်းမှာကြားလိုပါတယ်။

**ဦးစားပေးဆောင်ရွက်**

“ကျွန်မတို့ဟာ တည်ဆောက်ရုံနဲ့မလုံလောက်ပါဘူး။ ဆက်ပြီးတော့ ထိန်းသိမ်းဖို့ အင်မတန်မှအရေးကြီးပါတယ်။ ပြည်သူပြည်သားများ အားလုံးဟာ တစ်ဦးချင်း တစ်ဦးချင်းကနေ ကိုယ့်ရဲ့တာဝန်လို့ နှလုံးထဲမှာထားပြီး ကူညီပေးစေချင်ပါတယ်။ အခုလို လမ်း၊ တံတားတွေဟာ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံအကျဆုံး အချက်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(၂၀၁၈-၂၀၃၀)မှာ ချမှတ်ထားတဲ့ သာယာဝပြောမှုနဲ့ ပူးပေါင်း ဆောင်ရွက်မှု မဏ္ဍိုင်ရဲ့ မဟာဗျူဟာတွေထဲမှာလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုနဲ့ စီးပွားရေးလုပ်ငန်း အမျိုးမျိုးကို ပံ့ပိုးပေးမယ့် ဦးစားပေးအခြေခံအဆောက်အအုံများ တည်ဆောက်ရေးဆိုပြီး မျှော်မှန်းချက်၊ ရည်မှန်းချက်တွေ ထည့်သွင်းချမှတ်ကြိုးပမ်းလျက်ရှိပါတယ်။ ဒါကြောင့် အစိုးရအနေနဲ့ လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း အပါအဝင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်**

“ဧရာဝတီတိုင်းဒေသကြီးဟာ မြစ်ဝကျွန်းပေါ်ဒေသဖြစ်တာနဲ့အညီ မြစ်/ချောင်းများ ပေါများပြီး မြေဆီသြဇာကောင်းမွန်တာကြောင့် စိုက်ပျိုးရေးလုပ်ငန်း ကောင်းမွန်တဲ့အပြင် ရေထွက်သယံဇာတတွေလည်း ပေါကြွယ်ဝပါတယ်။ ရှေးယခင်ကာလက ခရီးသွားလာရေးမှာ ရေလမ်းကြောင်းကိုပဲ အဓိကအားပြုနေခဲ့ရပေမယ့် အခုဆိုရင် ကုန်းလမ်းကြောင်းမှာ လမ်းကွန်ရက်တွေများစွာနဲ့ အချိန်တိုအတွင်း ပြည်နယ်နဲ့တိုင်း အသီးသီးကို ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးရဲ့ မြို့တော်ပုသိမ်နဲ့ ရန်ကုန်ကို လေကြောင်းလိုင်းနဲ့လည်း ပို့ဆောင်ပေးနေတဲ့အတွက် ပိုမိုအဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီး ပြည်သူများအတွက် အခက်အခဲတွေဟာ နည်းပါးသွားပါတယ်။ ဒီလို လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေလွယ်ကူလာတာနဲ့အမျှ ကုန်စည်ပို့ဆောင်ရေး ပိုမိုလွယ်ကူမြန်ဆန်လာပြီး စီးပွားရေးလုပ်ငန်းတွေ ပိုမိုတိုးတက်လာမှာဖြစ်သလို ဧရာဝတီတိုင်းဒေသကြီးအတွင်းက သဘာဝအတိုင်းနီးပါး ရှိသေးတဲ့ လှပတဲ့ပင်လယ်ကမ်းခြေတွေကိုလည်း ပြည်တွင်း/ပြည်ပခရီးသွားတွေ ပိုမိုလာရောက်ကြမှာဖြစ်တဲ့အတွက် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက်အကူဖြစ်စေနိုင်ပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွှေ့လျားစာကြည့်တိုက်တွင် ကလေးငယ်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

**ပူးပေါင်းဆောင်ရွက်ကြစေ**

“နိုင်ငံတော်အစိုးရက အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ အကန့်အသတ်နဲ့သာရှိတဲ့ ရင်းမြစ်တွေကို သုံးရကျိုးနပ်အောင်၊ အလေအလွင့်အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ကြဖို့လိုပါတယ်။ ဌာနအသီးသီးအနေနဲ့ တင်ဒါလုပ်ထုံးလုပ်နည်းညွှန်ကြားချက်တွေနဲ့အညီ ဆောင်ရွက်ကြဖို့၊ သတ်မှတ်အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြဖို့ အထူးမှာကြားလိုပါတယ်။

“နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တွေ၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဟာ ပြည်သူများရဲ့ တက်ကြွတဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိမှသာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ခေတ်ဟောင်း စနစ်ဟောင်းတစ်ခုကနေ ဒီခေတ်ရဲ့လိုအပ်ချက်၊ ပြည်သူတွေရဲ့မျှော်လင့်ချက်တွေနဲ့ ကိုက်ညီတဲ့ စနစ်သစ်တစ်ခုကို ပြောင်းလဲတဲ့နေရာမှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေနဲ့ ကြုံတွေ့ရမှာ သဘာဝပဲဖြစ်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးကသာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ဘယ်လို အတားအဆီးတွေ၊ စိန်ခေါ်မှုတွေကိုမဆို ရင်ဆိုင်ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာလည်း ဧရာဝတီတိုင်းအတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူများအနေနဲ့ ပူးပေါင်းဆောင်ရွက်ကြစေလိုပါတယ်။

**ကတိတွေတည်ဖို့ အင်မတန်မှအရေးကြီး**

“မြောင်းမြတံတားသစ်ကြီးကို ရည်မှန်းထားတဲ့အတိုင်း အချိန်(၁)နှစ်တာကာလအတွင်း ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့တဲ့ အလုပ်သမားများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကာယဉာဏဝန်ထမ်းများနဲ့ အခြားဆက်စပ်ဝန်ကြီးဌာနများ၊ ပံ့ပိုးကူညီတဲ့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများကို နိုင်ငံတော်အစိုးရက ကျေးဇူးအထူးတင်ရှိပါတယ်။

“နိဂုံးချုပ်အနေဖြင့် ကျွန်မအတွက် မြောင်းမြတံတားဟာ အထူးအရေးကြီးပါတယ်လို့ ပြောချင်ပါတယ်။ မြောင်းမြတံတားပျက်သွားတုန်းကလည်း လာကြည့်ခဲ့ပါတယ်။ အလုပ်တစ်ခုဟာ စပြီဆိုရင် ဆုံးခန်းတိုင်အောင် အောင်မြင်အောင် လုပ်ဖို့ဟာ ကျွန်မတို့အားလုံးမှာ တာဝန်ရှိပါတယ်။ အဲဒီတုန်းက အမြန်ဆုံး ဒီတံတားကို တည်ဆောက်ပေးပါမယ်လို့ ပြည်သူကို ကတိကဝတ်ပေးခဲ့ပါတယ်။ ဒါဟာလည်း အင်မတန်အရေးကြီးပါတယ်။ အုပ်ချုပ်ရေးယန္တရားကို တာဝန်ယူတဲ့အဖွဲ့အစည်းတစ်ခုဟာ ပြည်သူကိုပေးတဲ့ ကတိတွေတည်ဖို့ဆိုတာဟာ အင်မတန်မှကို အရေးကြီးပါတယ်။ ပြည်သူနဲ့အစိုးရကြားမှာ ယုံကြည်မှုရှိဖို့ တစ်ဦးနဲ့တစ်ဦး ယုံကြည်ဖို့၊ လေးစားဖို့ဆိုရင် နှစ်ဖက်စလုံးက ကိုယ့်တာဝန်ကိုကျေပြီးတော့ ကိုယ့်အခွင့်အရေးကိုလည်း စောင့်ရှောက်နိုင်ရပါမယ်။ အစိုးရတာဝန်တစ်ခုဟာ ပြည်သူလူထုတွေကို ပေးထားတဲ့ ကတိကိုတည်ဖို့ပဲဖြစ်ပါတယ်။ ပေးထားတဲ့ကတိအတိုင်း ဒီနေ့မှာ ဒီတံတားဖွင့်နိုင်တာကို အင်မတန်မှ ဝမ်းသာပါတယ်။

**အစဉ်အလာကောင်းတွေကို ထိန်းသိမ်း**

“ကျွန်မတို့ ငယ်ငယ်ကတည်းက မြောင်းမြမြို့နဲ့ နတ်မောက်မြို့ဆိုတာသိခဲ့ပါတယ်။ အထူးသံယောဇဉ်ရှိတဲ့ မြို့လို့ ပြောမယ်ဆိုရင် တခြားမြို့တွေက နားလည်ခွင့်လွှတ်မယ်လို့ ထင်ပါတယ်။ အထူးတာဝန်ရှိတဲ့အတိုင်းပဲ အင်မတန်မှ တိုးတက်စေချင်ပါတယ်။ မြောင်းမြမြို့ဟာ ဧရာဝတီတိုင်းမှာ အတိုးတက်ဆုံး၊ ခေတ်အမီဆုံး၊ အတော်ဆုံးပဲလို့ ပြောကြပါတယ်။ ဒါကတော့ မြောင်းမြဒေသခံတွေက ပြောတာဖြစ်ပါတယ်။ တခြားမြို့ရဲ့ဒေသခံတွေက တစ်မျိုးပြောရင် ပြောမှာပါ။ ပခုက္ကူဆရာတော်ကြီးရဲ့ မိန့်ကြားခဲ့တဲ့ သြဝါဒထဲမှာဆိုရင် မြှောက်တိုင်းလည်း မမြောက်နဲ့ မမြှောက်ဘဲနဲ့လည်း မနေနဲ့တဲ့ဆိုတဲ့စကားကို သွားပြီးတော့ သတိရပါတယ်။ မြောင်းမြ ပြည်သူ ပြည်သားများက မြှောက်တိုင်း မမြောက်ပေမယ့်လည်း မမြှောက်ဘဲတော့ မနေပါနဲ့၊ ကိုယ်ထိန်းသိမ်းရမယ့် အစဉ်အလာကောင်းတွေကို ထပ်ပြီးတော့ ထိန်းသိမ်းသွားပါလို့ တိုက်တွန်းချင်ပါတယ်။

**တာဝန်သိသိနဲ့ လုပ်ဆောင်**

“ကျွန်မတို့နိုင်ငံ တိုးတက်ဖို့ဆိုတာ အဓိကအားဖြင့် ပြည်သူမှာ တာဝန်ရှိပါတယ်။ အထူးသဖြင့် ဒီမိုကရေစီစနစ်ကိုသွားနေပြီဆိုရင် ပြည်သူမှာ တာဝန်ရှိတယ်။ မှန်ကန်တဲ့ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တွေကို ရွေးချယ်တင်မြှောက်ရမယ်။ ဒါမှကိုယ့်ကိုလေးစားမယ့်၊ ကိုယ့်ကိုထောက်ထားမယ့် အစိုးရတစ်ခုကနေပြီး နိုင်ငံတာဝန်ကို ယူမှာဖြစ်ပါတယ်။ အစိုးရအနေနဲ့လည်း ပြည်သူတွေရဲ့မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးဖို့ တာဝန်ရှိပါတယ်။ နှစ်ဦး နှစ်ဖက်ကနေပြီးတော့ တာဝန်သိသိနဲ့ လုပ်ဆောင်သွားရင် ကျွန်မတို့ဟာ စိန်ခေါ်မှုမှန်သမျှကို ကျော်လွှားရင်ဆိုင်နိုင်ပြီး စိန်ခေါ်မှုတွေဟာ အခွင့်အရေးတွေဖြစ်သွားမယ်လို့ သေသေချာချာ စွဲစွဲမြဲမြဲယုံကြည်ပါတယ်။ ဒီအတိုင်းပဲ ပြည်သူလူထုကလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပြီးတော့ ကိုယ့်ရဲ့အင်အားကို အားကိုးပြီးတော့ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက်ကို တစိုက်မတ်မတ်ကြိုးစားပေးကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်”ဟု ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က တံတားတည်ဆောက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒေသခံပြည်သူ စဝေလွင်မိုးက တံတားတည်ဆောက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မြောင်းမြတံတားသစ် မုခ်ဦးသို့ ရောက်ရှိကြပြီး တံတားသစ်အား ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး ဝန်ကြီး ဦးဝင်းငွေ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက **စာမျက်နှာ ၄ သို့ ✳**

✻ စာမျက်နှာ ၃ မှ

ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြကာ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တံတားသစ်မော်ကွန်းကမ္ပည်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

**အမွှေးနံ့သာရည်များ ပက်ဖျန်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တံတားသစ်မော်ကွန်းကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မော်တော်ယာဉ်ဖြင့် မြောင်းမြတံတားသစ်အား ဖြတ်သန်းကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြောင်းမြတံတားသစ်တည်ဆောက်ရေးတွင် ပါဝင်

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် မြောင်းမြမြို့မှ ကျောင်းကုန်းမြို့သို့ရောက်ရှိကြပြီး ကျောင်းကုန်းမြို့နယ် အားကစားခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့နိုင်ငံသည် ပတ်ဝန်းကျင်ရှိ နိုင်ငံများနှင့်စာလျှင် ဖွံ့ဖြိုးတိုးတက်မှုမှာ နောက်ကျကျန်နေခဲ့ပါကြောင်း၊ ကျောင်းကုန်းမြို့ ပြည်သူ ပြည်သားများနှင့် ဧရာဝတီတိုင်းမှ ပြည်သူပြည်သားများ သိပြီးဖြစ်ပါကြောင်း၊ ခက်ခဲသည့်အချိန်ကို ကျော်ဖြတ်ရမည့်အချိန်တွင် အရေးကြီးဆုံးမှာ စိတ်ဓာတ်ဖြစ်ပြီး ယင်းစိတ်ဓာတ်ဖြင့် ကျော်လွှားရမည်ဖြစ်ကြောင်း၊ မိမိတို့ ယခုလိုလုပ်ဆောင်သည့်အခါ စိတ်ထားခိုင်သကဲ့သို့ ပစ္စုပ္ပန်ကို တည့်တည့်ရှုပြီး ကိုယ်တတ်နိုင်သည်ကို လုပ်ရန် စိတ်ဓာတ်က များစွာအရေးကြီးပါကြောင်း၊ မိမိကို နှစ်သစ်ကူးအချိန်က သတင်းဌာနတစ်ခုက မေးပါကြောင်း၊ နှစ်သစ်ကူးတွင် နိုင်ငံအတွက် ဘာဆုတောင်းသလဲဟုမေးရာ နိုင်ငံသူနိုင်ငံသား တစ်ဦးချင်း တစ်ယောက်ချင်း တာဝန်ကျေပါ

ထုတ်လုပ်ရေးနှင့် စာပေဖြန့်ဖြူးရေးကို ပုဂ္ဂလိကအပိုင်းက စိတ်ဝင်စားရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်သူပြည်သားများ လိုအပ်နေသည့် ဗဟုသုတများကို ဖြည့်တင်းပေးနိုင်မည်ဖြစ်ပါကြောင်း။

**ပြည်ထောင်စုတစ်ခုတည်းမှ သားသမီးများပင်ဖြစ်**

ထို့ပြင် ကျန်းမာရေးကို ပြည်သူများအတွက် အဓိကထားပါကြောင်း၊ ပညာရေးနည်းတူ ကျန်းမာရေးကဏ္ဍတွင် ဘဏ္ဍာငွေ တိုးတက်သုံးစွဲပါကြောင်း၊ ပြည်သူများသည် ပညာမည်မျှတတ်တတ် မကျန်းမာပါက မိမိ၏ စွမ်းရည်နှင့် အရည်အချင်းများကို အပြည့်အဝ သုံးနိုင်မည် မဟုတ်ပါကြောင်း၊ မိမိတို့က ကျန်းမာရေးနှင့် ပညာရေးကို အလေးထားပါကြောင်း၊ ပြည်သူများကလည်း အလေးထားပါကြောင်း၊ ပြည်သူများ ပိုပြီး အလေးထားသည့် ကိစ္စများမှာ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ လယ်ယာမြေပိုင်ဆိုင်မှု ပြဿနာများ ဖြေရှင်းရေးတို့ဖြစ်ပါကြောင်း။

တစ်တိုင်းပြည်လုံးတွင် လိုအပ်ချက်များသည် အတူတူပင်ဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံတွင် အားလုံးသည် အတွက် လုပ်ရခြင်းကို ဂုဏ်ယူရမည်ဖြစ်ပါကြောင်း၊ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေး၊ မိမိနိုင်ငံ၏ တိုးတက်ရေး၊ ဖွံ့ဖြိုးရေး၊ မိမိတို့၏ ပြည်သူ ပြည်သားများ၏ ချမ်းသာရေးအတွက် လုပ်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် ပြည်ထောင်စု၏ သားသမီးများဖြစ်သည်ဆိုသည့် စိတ်ဓာတ်နှင့်သာ တကယ်လုပ်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံသည် မတိုးတက်နိုင်စရာ အကြောင်းမရှိပါကြောင်း။

**မိမိတို့အားလုံးတွင် တာဝန်ရှိ**

မိမိတို့နိုင်ငံ၏ ဒီမိုကရေစီသည် အပြည့်အဝမဟုတ်သေးသော်လည်း ယင်းလမ်းကို မိမိတို့ လျှောက်လာခဲ့ပြီးဖြစ်ကြောင်း၊ လျှောက်လာသည့်အချိန်တွင် မိမိတို့အားလုံးတွင် တာဝန်ရှိလာပါကြောင်း၊ ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်ထားသည့် မိမိတို့အစိုးရတွင် အထူးတာဝန်ရှိပါကြောင်း၊ ပြည်သူလူထုက မိမိတို့ကို တာဝန်ပေးခဲ့သည်ဆိုသည်မှာ မျှော်လင့်ချက်၊ ယုံကြည်ချက်နှင့် တာဝန်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ မျှော်လင့်ချက်နှင့် ယုံကြည်ချက်ဆိုသည်မှာ မိမိတို့ ချိုးဖောက်၍ မဖြစ်ပါကြောင်း။





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျောင်းကုန်းမြို့ မြို့နယ်အားကစားခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဆောင်ရွက်ခဲ့ကြသည့် လုပ်သားများနှင့်တွေ့ဆုံပြီး လုပ်သားများ နိုင်ငံသားစိစစ်ရေးကတ်ရရှိမှုအခြေအနေ၊ လုပ်သားမိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းမှု အခြေအနေများကို တွေ့ဆုံမေးမြန်းသည်။

ရွှေမြစ်ကူး မြောင်းမြတံတားဟောင်းကို ၁၉၉၄ ခုနှစ် မတ် ၁ ရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ဖွင့်လှစ်အသုံးပြုခဲ့ရာ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက် နံနက် ၁ နာရီ ၄၅ မိနစ်တွင် ကျိုးကျပျက်စီးခဲ့သည်။ ယခု မြောင်းမြတံတားအသစ်ကို ၂၀၁၇ ခုနှစ် မေ ၁ ရက်က စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ် မတ် ၃၀ ရက်တွင် တည်ဆောက်ပြီးစီးကာ ယနေ့ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ တံတားသည် Steel Truss Deck Type သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး တံတားအရှည် မီတာ ၈၃၀ ( ၂၇၂၃ ဒသမ ၂၃ ပေ)ရှိကြောင်း၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ (၂၈ ပေ)နှင့် လူသွားလမ်း တစ်ဖက်လျှင် ၃ ပေစီပါရှိကြောင်း၊ ယာဉ်တစ်စီးချင်း ယာဉ်နှင့် ကုန်အပါအဝင် ၇၅ တန် (အလေးချိန် Hs – 25 Load Class) တင်ဆောင်ဖြတ်သန်းခွင့်ပြုကြောင်း သိရသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ရောက်ရှိပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် ရွှေ့လျားစာကြည့်တိုက်လုပ်ငန်းများ၊ ကွန်ပျူတာအခြေခံ သင်တန်းနှင့် ကလေးစာဖတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

စေဟု မိမိပြောခဲ့ပါကြောင်း။

နိုင်ငံသား ပြည်သူပြည်သားများထဲတွင် အစိုးရအဖွဲ့ဝင်များလည်း ပါပါကြောင်း၊ အစိုးရအဖွဲ့ဝင်များကအစ နိုင်ငံ၏ဝန်ထမ်းများ၊ ပြည်သူပြည်သားများအားလုံး တာဝန်ကျေပါက နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုအတွက် စိတ်ပူရမည် မဟုတ်ကြောင်း၊ တာဝန်ကျေသည့် အထဲတွင် ကလေးများ၊ ကျောင်းသူ ကျောင်းသားများလည်း ပါဝင်ကြောင်း၊ မိမိကျောင်းနေသည့်အချိန်တွင် ကျောင်းသွားရခြင်း၏ ရည်ရွယ်ချက်ကို အောင်မြင်အောင် လုပ်ရန်ဖြစ်ပါကြောင်း။

**ပညာရေးနှင့်ပတ်သက်ပြီး ဘဏ္ဍာငွေကိုမြှင့်တင်ထား**

ပညာရေးသည် အရေးကြီးပါကြောင်း၊ မိမိနိုင်ငံ၏ အနာဂတ်ကို ရင်ဆိုင်နိုင်ရန် အနာဂတ်တွင် ဖြစ်လာမည့် ကိစ္စမှန်သမျှကို ကျော်လွှားနိုင်ရန် ပညာရေးသည် အရေးကြီး၍ ဦးစားပေးပြီး လုပ်နေပါကြောင်း၊ ပညာရေးနှင့် ပတ်သက်ပြီး ဘဏ္ဍာငွေကို မြှင့်တင်ထားပါကြောင်း၊ ပညာရေးစနစ်အောင်မြင်ရန် ကျောင်းသူ ကျောင်းသားများသာမက ဆရာ ဆရာမများနှင့်လည်း ဆိုင်ပါကြောင်း၊ မိမိတို့က သင်ယူနေသည့်သူမျိုး မဟုတ်ပါက ကလေးများကို သင်ယူနိုင်အောင်လည်း ပြသနိုင်မည်မဟုတ်ပါကြောင်း။

မိမိတို့ ကျောင်းကုန်း မရောက်ခင် မြောင်းမြကို ဝင်ခဲ့ပါကြောင်း၊ မြောင်းမြတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ပြန်ကြားရေးဝန်ကြီးဌာနနှင့်ပူးတွဲပြီး လုပ်ဆောင်နေသည့် ရွှေ့လျားစာကြည့်တိုက်ကို ကြည့်သည့်အခါတွင် စာအုပ်များကို လူထုက မည်မျှစိတ်ဝင်တစားဖတ်သလဲဆိုသည်ကို လေ့လာရာ တော်တော်များများသည် စာအုပ်များကို လေ့လာလိုပြီး ဖတ်ချင်သည့်စိတ်များရှိပါကြောင်း၊ သို့သော် ဖတ်စရာစာအုပ် မရှိသည့်သူက အင်မတန်မှ များပါကြောင်း။

ထို့ကြောင့် အစိုးရနှင့် ပုဂ္ဂလိကပိုင်းဆိုင်ရာတို့က ဖြည့်ဆည်းပေးရမည့် ကိစ္စဖြစ်ပါကြောင်း၊ စာအုပ်

တစ်ရေတည်းသောက်ပြီး တစ်မြေတည်းနေရုံသာမက တစ်လှေတည်းစီးနေသည့် ပြည်ထောင်စုသားများဖြစ်သည်ဆိုသည်ကို မမေ့စေလိုပါကြောင်း၊ မည်သည့် တိုင်းရင်းသားပင်ဖြစ်စေ၊ မည်သည့်ဘာသာစကားပင် ပြောပြော၊ မည်သည့် ဘာသာကို ကိုးကွယ်သည်ဖြစ်စေ မိမိတို့အားလုံးသည် ပြည်ထောင်စုတစ်ခုတည်းမှ သားသမီးများပင် ဖြစ်ပါကြောင်း။

**လွတ်လပ်သော်လည်း ကန့်သတ်ချက်များရှိ**

ယခုဆိုလျှင် Social Media Page တွင် တက်နေသည့် အသံများမှာ ပြည်သူများ အားကိုးသည့် အသံများ မဟုတ်ပါကြောင်း၊ Social Media Facebook တွင် ကြည့်သည့်အခါ ဒေါသများ အင်မတန်များသည်ကို သတိပြုမိပါကြောင်း၊ တစ်ယောက်နှင့် တစ်ယောက် မလိုလားအပ်သည့်စိတ်၊ မုန်းတီးသည့်စိတ်၊ ဒေါသစိတ်၊ ဝေဖန်ချင်သည့်စိတ် ထိုအရာများဖြင့် ရေးသားနေပြီး ယင်းတို့သည် မိမိတို့ နိုင်ငံအတွက် အကျိုးပြုသည် မဟုတ်ပါကြောင်း၊ အပေါင်းလက္ခဏာ မဆောင်ပါကြောင်း၊ မိမိ၏ အကောင်းကို မြင်၍ သူတစ်ပါး၏ အကောင်းကို ကျုံ့၍မြင်ချင်းသည် သူတော်ကောင်းစိတ်ဓာတ်မဟုတ်ဘဲ သူယုတ်မာစိတ်ဓာတ်ဖြစ်ပါကြောင်း၊ လွတ်လွတ်လပ်လပ် မိမိတို့၏ အတွေးအခေါ် အယူအဆများကို ဖော်ပြပိုင်ခွင့် ပေးထားပါကြောင်း၊ လွတ်လွတ်လပ်လပ် သို့သော်လည်း ကန့်သတ်ချက်များ ရှိပါကြောင်း၊ လူတိုင်းကို ပြောချင်သလို ပြော၍ မရပါကြောင်း၊ ယင်းသို့ ကန့်သတ်ထားခြင်းသည် မိမိ၏ လွတ်လပ်ပိုင်ခွင့်ကို ကန့်သတ်ခြင်း မဟုတ်ပါကြောင်း၊ လူ့အသိုင်းအဝိုင်း၏ တည်ငြိမ်မှု၊ အေးချမ်းမှုကို ထိပါးမည်စိုး၍ ကန့်သတ်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူ ပြည်သားများ အနေဖြင့် ယင်းကိုလည်း သဘောပေါက်ရန်လိုပါကြောင်း။

မိမိလုပ်မည့် ကိစ္စတစ်ခု၏ ရည်ရွယ်ချက်သည် ဘာလဲဆိုသည်ကို သတ္တိရှိရှိဖြင့် မိမိကိုယ်ကို ပြန်ကြည့်ရန် လိုပါကြောင်း၊ မိမိတို့ ပြည်သူပြည်သားများသည် နိုင်ငံ

ဧရာဝတီတိုင်းအစိုးရ၊ လွှတ်တော်တွင် ပါဝင်နေသည့် ကိုယ်စားလှယ်များ အားလုံးသည် ပြည်သူပြည်သားများ၏ မျှော်လင့်ချက်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရမည် ဖြစ်ပါကြောင်း၊ ပြည်သူ ပြည်သားများ၏ ယုံကြည်မှု၊ မျှော်လင့်ချက်များကို ဖျက်ဆီး၍ မရပါကြောင်း၊ ဖျက်ဆီးပါက မအောင်မြင်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ တစ်ရာရာခိုင်နှုန်း ကျေနပ်အောင် လုပ်ပေးနိုင်ရန်မှာ မည်သည့် အစိုးရမှ လုပ်ပေး၍ မရပါကြောင်း၊ ကမ္ဘာပေါ်တွင် မည်မျှအောင်မြင်သည့် အစိုးရဖြစ်စေ မိမိတို့ နိုင်ငံသူ နိုင်ငံသားများ ကျေနပ်အောင်၊ အားလုံး တစ်ရာရာခိုင်နှုန်း ကျေနပ်အောင် လုပ်ပေးရန်ဆိုသည်မှာ မည်သည့်အစိုးရ၊ မည်သည့်အဖွဲ့အစည်းနှင့် မည်သည့်ပုဂ္ဂိုလ်မျှ လုပ်ပေး၍ မရပါကြောင်း။

**ဝိုင်းဝန်းကြိုးစားရန် အင်မတန်အရေးကြီး**

မိမိတို့သည် ပြည်သူများ၏ ကောင်းကျိုးအတွက် တတ်နိုင်သမျှ ကြိုးစားသွားမည်ဖြစ်ပြီး ကြိုးစားသည့်နေရာတွင်လည်း ပြည်သူများကိုယ်တိုင် ပါဝင်ရမည်ဖြစ်ပါကြောင်း၊ မိမိ၏အနာဂတ်၊ မိသားစုအနာဂတ်နှင့် မျိုးဆက်သစ်များအတွက် ဝိုင်းဝန်းရုန်းကန်ရန်၊ ကြိုးစားရန်မှာ အင်မတန်အရေးကြီးပါကြောင်း ပြောကြားသည်။

ယင်းနောက် **ကျောင်းကုန်းဒေသခံပြည်သူများ၏ တင်ပြချက်(၁၁)ချက်ဖြစ်သည့်** မီးသွေးတိုက်တောင်စု ကျေးရွာအမည်ဖြင့် ပြည်ထဲရေးအမည်ပေါက်လျှောက်ထားမှုကို ခွင့်ပြုပေးနိုင်ရေး၊ ကျောင်းကုန်းမြို့နယ် ပေါက်ဆိန်ပဲ့ကျေးရွာအုပ်စုမှ မိုးစပါးထိခိုက်ပျက်စီးသည့် နှစ်များတွင် ဘဏ်မှ ချေးယူထားသော ငွေကြေးများကို အချိန်မီ မဆပ်နိုင်သည့်အတွက် လျှော့ပေါ့စဉ်းစားပေးရန် ရှိ/မရှိ၊ သာပေါင်းမြို့နယ် ရွှေညောင်ပင်ချောင်းရိုးမှ ကျောင်းကုန်းဆိပ်ချောင်းရိုး၏ ကျန်ရှိသော အရှည်ပေ ၁၇၅၀၀ ကို ဆက်လက်တူးဖော်ပေးနိုင်ရေး၊ ကျောင်းကုန်းမြို့နယ် ရင်ဆိုင်ကျေးရွာရှိ စာမျက်နှာ ၅ သို့ ✪

## နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပမြင့်မားလာအောင်

**ကျွန်တော်တို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေ မျှော်လင့်တောင့်တနေတဲ့ လိုအင်ဆန္ဒတွေကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ မဏ္ဍိုင်ကြီးတွေ အလိုက် ကျွန်တော်တို့အားလုံး ဆတက်ထမ်းပိုး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ အလားတူ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့အလယ်မှာ ကျွန်တော်တို့ နိုင်ငံရဲ့ပုံရိပ် ပြန်လည်တောက်ပ မြင့်မားလာအောင်၊ ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတွေရဲ့ဂုဏ်သိက္ခာ ပို၍ပို၍ မြင့်တက်လာအောင် ကျွန်တော်တို့ အားလုံး ဆက်လက်ပြီး ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။**

(၁၀-၃-၂၀၁၈ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံတော်ရဲ့ ဦးစားပေးလုပ်ငန်းတစ်ရပ်

**တရားဥပဒေစိုးမိုးရေးနဲ့ တရားမျှတမှုကဏ္ဍ ပြုပြင်ပြောင်းလဲမှုဟာ နိုင်ငံတော်ရဲ့ ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့လုပ်ငန်းစဉ်လည်း ဖြစ်ပါတယ်။**

(၇-၃-၂၀၁၈ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

❂ စာမျက်နှာ ၄ မှ

ကွင်းအမှတ် ၄၃၀-A၊ ရေိယာ ၅၁၃ ဧက ကို ဂိုးဒင်းဂရင်းကုမ္ပဏီမှ သိမ်းဆည်းထားသည့်ကိစ္စ၊ ဆူးပဒေါင်းကွင်း စားကျက်မြေကို ပုံစံ(၇) လျှောက်ထားခွင့် ခွင့်ပြုပေးနိုင်ရေး၊ စာဖြူ-အစုကြီး ကျေးရွာချင်းဆက်မြေသားလမ်းမကြီးကို ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရေး၊ မကျီးပင်ကျေးရွာ လျှပ်စစ်မီးလင်းရေးနှင့် နှစ်မိုင်အတွင်းရှိ ကျေးရွာများအတွက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ပသွယ်တံတား၊ ကျောင်းကုန်းတံတားဖြတ်သန်းခတို့ကို ကျောင်းကုန်းမြို့အဝင် တိုးဂိတ်တွင် ပေါင်း၍ ကောက်ခံသည့်ကိစ္စ၊ သစ်စိမ့်ကုန်းကျေးရွာ စည်ပင်သာယာအခွန်ကောက်ခံသော်လည်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပေးခြင်းမရှိသေးသည့် ကိစ္စ၊ (၂၃/၂၀၁၈) ပညာရေးကောလိပ်ဝင်ခွင့်ကို တိုင်းဒေသကြီးအစိုးရမှ ၅ ရာခိုင်နှုန်းရွေးချယ်မှုတွင် မည်သို့ရွေးချယ်သည်ကို သိလိုခြင်းနှင့် ချောင်းကြီးတိုက်နယ်ဆေးရုံကို မည်သည့်အချိန်တွင်ဖွင့်လှစ်မည်ကိုသိလိုခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ **ခန်းမအပြင်ဘက်ရှိ ဒေသခံငါးဦး** တင်ပြသည့် အသုတ်မြို့ချောင်းမကြီးတူးဖော်ရေးနှင့်စပ်လျဉ်း၍ အများပြည်သူပွင့်လင်းမြင်သာစွာ သိရှိနိုင်ရေး၊ ကျောင်းကုန်းမြို့ရှိ ၁၉၈၈ ခုနှစ်နောက်ပိုင်း သိမ်းဆည်းခံမြေယာဆိုင်ရာ ကိစ္စ၊ တပ်မတော်သားအငြိမ်စားများ၏ ဆုကြေးနှင့် ပင်စင်ဆိုင်ရာကိစ္စ၊ လယ်မြေ ၈ ဒသမ ၃၃ ဧက အငြင်းပွားမှုနှင့် ဒါးကကျေးရွာ မြေကို ရထားဌာနမှ အကြောင်းကြားစာပေးပို့လာသည့် ကိစ္စများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ **ခန်းမအတွင်းရှိ ဒေသခံပြည်သူနှစ်ဦး** တင်ပြသည့် အသုတ်-ကျောင်းကုန်း ကွန်ကရစ်ကားလမ်းတွင် ပိတ်ဆို့ထားမှုနှင့် လမ်းမတစ်ဖက်စီ သုံးပေတိုးချဲ့ပေးနိုင်ရေးနှင့် ဘုရားကြီးကုန်းကျေးရွာ နွေစပါးစိုက်ပျိုးရေရရှိရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း တင်ပြဆွေးနွေးကြသည်။

### ဖြည့်စွက်ရှင်းလင်း

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်စွက်ရှင်းလင်းသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိမိအနေဖြင့် ယခုကဲ့သို့ ပြည်သူနှင့် တွေ့နိုင်သည့်အခွင့်အရေးကို များစွာ တန်ဖိုးထားပါကြောင်း၊ ပြည်သူများ တင်ပြသည့်အခါတွင် ဒေါသမပါဘဲ အေးအေးချမ်းချမ်းဖြစ်နေသည်ကို သတိထားမိပါကြောင်း၊ မကျေနပ်ချက်များလည်း ရှိမည်ဖြစ်ပါကြောင်း၊ ထိုသို့ မကျေနပ်ချက်များကို တင်ပြသွားကြခြင်းသည် မိမိတို့နိုင်ငံအတွက် ကောင်းမွန်သည့် လက္ခဏာဖြစ်ပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများ သိက္ခာရှိမှသာ နိုင်ငံလည်း သိက္ခာရှိမည်ဖြစ်ပါကြောင်း၊ ယနေ့ မိမိတို့၏ စိုးရိမ်ကြောင့်ကြမှု၊ နားမလည်သည့် ကိစ္စရပ်များနှင့် မရှင်းလင်းသည့် ကိစ္စရပ်များကို တင်ပြကြခြင်းသည် ပြည်သူများ၏ အခွင့်အရေးဖြစ်သည့်အတွက် ကြိုဆိုပါကြောင်း။

အစိုးရပိုင်းဖြစ်သည့် ဗဟိုအစိုးရနှင့် တိုင်းဒေသကြီး အစိုးရတို့သည်လည်း အားလုံးခြောက်ပြစ်ကင်းသဲလဲစင် မဟုတ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ အားနည်းချက်များရှိပါက ကျော်လွန်နိုင်ရန် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း မိမိတို့ ကျော်လွှားနိုင်ရန် ဝိုင်း၍ကူညီပေးမည်ဟု ယုံကြည်ပါကြောင်း၊ နောင်တွင် ပြည်သူများနှင့် အစိုးရအကြားတွင် အဆက်မပြတ်ဖြစ်စေရန် နည်းအမျိုးမျိုး စဉ်းစားရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရကိုလည်း ပြည်သူများနှင့် တစ်ချိန်လုံး ထိတွေ့မှုရှိစေရန်နှင့် ပြည်သူများ မေးမြန်းနိုင်ရန်အတွက် လုပ်ဆောင်ပေးရန် မှာကြားခဲ့မည် ဖြစ်ပါကြောင်း၊ မိမိတို့ မည်သည့်အရာပင်လုပ်လုပ် ပြည်သူလူထုကို ရှင်းပြရမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် တရားမျှတစေရန် လုပ်ဆောင်မည်ဖြစ်ပါကြောင်း၊ တရားမျှတမှုကိုလည်း ထင်ရှားစေရန် ကြိုးစား၍ ရှင်းပြသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ လိုအပ်ချက်များအကြောင်းကို သိရှိစေရန် ကူညီပံ့ပိုးပေးသည့် ပြည်သူများအားလုံးကို ကျေးဇူးတင်ပါကြောင်း ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် ကျောင်းကုန်းမြို့မှ ပုသိမ်မြို့သို့ ရောက်ရှိကြပြီး ပုသိမ်မြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

### တန်းတူညီတူအခွင့်အရေးရှိသည်ကို ပြခြင်းဖြစ်

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ပုသိမ်ဒေသမှ ဖြစ်ပါကြောင်း၊ ပုသိမ်ကနေပြီး နိုင်ငံတော်သမ္မတတစ်ဦး ဖော်ထုတ်လိုက်နိုင်ခြင်းသည် ဒီမိုကရေစီအရ အားလုံးတွင် တန်းတူညီတူ အခွင့်အရေးရှိသည်ကို ပြခြင်းဖြစ်ပါကြောင်း၊ မည်သူမဆို နိုင်ငံသူ၊ နိုင်ငံသားများထဲက မိမိ၏ အရည်အချင်း၊ မိမိ၏ နိုင်ငံတော်တွင် သစ္စာရှိမှု၊ မိမိ၏ လုပ်ငန်းကျွမ်းကျင်မှုအရ လုပ်နိုင်သည့် လမ်းကြောင်းများစွာ ရှိပါကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ အပြောသက်သက် မဟုတ်ပါကြောင်း၊ ပြည်သူလူထုကို အလေးထားပြီး အခွင့်အရေးပေးသည့် စနစ်တစ်ခုဖြစ်ပါကြောင်း၊ ယင်းစနစ်ကို အောင်မြင်အောင် လုပ်ဆောင်ရန်လည်း ပြည်သူများတွင် တာဝန်ရှိပါကြောင်း၊ ပြည်သူသိက္ခာရှိမှ၊ ပြည်သူတန်ဖိုးရှိမှ နိုင်ငံတစ်နိုင်ငံ၏ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သည် သိက္ခာရှိပြီး တန်ဖိုးရှိမည်ဖြစ်ပါကြောင်း။

### တရားဥပဒေစိုးမိုးမှုရှိမှ နိုင်ငံတည်ငြိမ်နိုင်မည်

မိမိတို့နိုင်ငံသည် သာမန် ဒီမိုကရေစီနိုင်ငံများထက် ပိုပြီးစိန်ခေါ်မှုများကို ရင်ဆိုင်ရပါကြောင်း၊ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရစဉ် ကာလကစပြီး ငြိမ်းချမ်းသည်ဟု တစ်ခါမျှမရှိသေးပါကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်လည်း အစိုးရက အဓိကထားပြီး ဆောင်ရွက်နေပါကြောင်း၊ ငြိမ်းချမ်းရေးရှိခြင်းနှင့် မရှိခြင်း၏ ကွဲပြားပုံကို ငြိမ်းချမ်းရေးမရှိခြင်း၏ အန္တရာယ်ကို ကိုယ်တိုင်သိခဲ့သည့်သူများမှ သဘောပေါက်ပါကြောင်း၊ မိမိတို့နိုင်ငံ တိုးတက်ရန်၊ ငြိမ်းချမ်းရန်၊ တစ်နိုင်ငံလုံးသာယာရန် အင်မတန်မှ အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ရှိရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ နိုင်ငံတစ်နိုင်ငံသည် တည်ငြိမ်နိုင်မည်ဖြစ်ပါကြောင်း၊ ရေရှည်တည်ငြိမ်မှုရှိမှ ရေရှည်ငြိမ်းချမ်းရေး ရရှိနိုင်မည်ဖြစ်ပါကြောင်း။

### တရားဥပဒေစိုးမိုးရေးကိုနားလည်ရန် အရေးကြီး

တရားဥပဒေစိုးမိုးရေးသည် ဘာလဲဆိုသည်ကို ပြည်သူပြည်သားများ နားလည်ရန် အင်မတန်မှ အရေးကြီးပါကြောင်း၊ မိမိတို့ ပြည်သူတော်တော်များများသည် မိမိတို့၏ ဘဝအတွေ့အကြုံအရ ဥပဒေဆိုသည်မှာ ပြည်သူများကို ထိန်းချုပ်ရန်၊ ကန့်သတ်ရန်၊ ဒဏ်ပေးရန်ဟု ထင်နေသည့်သူများလည်း ရှိပါကြောင်း၊ ဥပဒေ၏ ရည်ရွယ်ချက်မှာ ထိုသို့ မဟုတ်ပါကြောင်း၊ ဥပဒေဆိုသည်မှာ လူမှုအသိုင်းအဝိုင်းတစ်ခုကို တည်ငြိမ်အောင် လုပ်ပေးရန်၊ တစ်ဦးနှင့်တစ်ဦးအကြား ပဋိပက္ခများ နည်းနိုင်သမျှနည်းအောင်၊ ရှောင်ရှား၍မရသည့် လူသားများ အချင်းချင်းအကြား ဖြစ်သည့် ပြဿနာများကို ငြိမ်းချမ်းသည့် နည်းဖြင့် ဖြေရှင်းနိုင်ရန် ဥပဒေရှိခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် တရားဥပဒေဟု ဆိုပါကြောင်း၊ တရားမျှတရေးဥပဒေဟု မိမိက

စာမျက်နှာ ၆ သို့ ❒

❒ စာမျက်နှာ ၅ မှ

အဓိပ္ပာယ်ဖွင့်ပါကြောင်း၊ တရားဥပဒေဆိုသည်မှာ တရားမျှတသည့် ဥပဒေ၊ အများအတွက် ညီညီမျှမျှ အများကောင်းကျိုးအတွက် ရေးဆွဲထားသည့်ဥပဒေဖြစ်ရမည်ဖြစ်ပါကြောင်း။

**ဥပဒေသည် ခေတ်နှင့်လည်းညီညွတ်ရန်လို**

ဥပဒေဆိုသည်မှာ လူများ၏လုပ်ဆောင်ချက်ပင်ဖြစ်ပါကြောင်း၊ ဥပဒေဆိုသည်မှာ လူသားများက စဉ်းစားပြီး လူသားများ၏ ဦးနှောက်က ဆုံးဖြတ်ပြီးပေါ်ပေါက်လာခြင်း ဖြစ်ပါကြောင်း၊ ဥပဒေသည် ခေတ်ပြောင်းလဲလာသည်နှင့်အမျှ ခေတ်နှင့်လည်းညီညွတ်ရန်လိုပါကြောင်း၊ ဥပဒေ၏ တရားမျှတမှုကို ပြည်သူများက ရှင်းရှင်းလင်းလင်းနားလည်ပြီး လက်ခံနိုင်ရန်လည်း လိုအပ်ပါကြောင်း၊ မိမိတို့ဒီမိုကရေစီစနစ်တွင် အများပြည်သူနှင့်ကိုက်ညီလိုလားလက်ခံသည့် ဥပဒေကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မိမိတို့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင်သည့်နေရာတွင် စည်းမျဉ်းစည်းကမ်း ဥပဒေနှင့်ကိုက်ညီစေရန် လုပ်ဆောင်ရပါကြောင်း၊ ပြည်သူလူထုကလည်း နေ့စဉ်နှင့်အမျှ မိမိဘဝအတွက် လုပ်ကိုင်စားသောက်ရာတွင် စည်းမျဉ်းစည်းကမ်းဥပဒေအရ လုပ်ကိုင်ရပါကြောင်း၊ ပြည်သူလူထု ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ ပြဿနာများသည် တစ်နေရာနှင့် တစ်နေရာ ကွဲကွဲပြားပြား မရှိပါကြောင်း၊ အများအားဖြင့် ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများသည် အတူတူဖြစ်နေပါကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်လက်တွဲပြီး ရင်ဆိုင်မှသာ ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ နောက်ကျကျန်ရစ်ခဲ့သည့်အတွက် တစ်ဖက်မှကြည့်မည်ဆိုပါကဆုံးရှုံးသွားသည့်အချိန်များအတွက် ဝမ်းနည်းစရာအဖြစ်ပြောရမည်ဖြစ်ပါကြောင်း၊ သို့သော် ဖွံ့ဖြိုးပြီးသည့်နိုင်ငံနှင့် ဖွံ့ဖြိုးမှုတွင် အရှိန်အဟုန်ရပြီး နိုင်ငံများ၏ အမှားများကို ကြည့်၍ သင်ခန်းစာယူရမည်ဖြစ်ပါကြောင်း။

**အသက်မွေးဝမ်းကျောင်းပညာကို များစွာအားပေး**

အခြားကိစ္စများနှင့် ပတ်သက်၍ နောက်မှလိုက်ရသော်လည်း အခွင့်အရေးများလည်း ရရှိခဲ့ပါကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ တစ်ကမ္ဘာလုံးမှ သတိပြုမိသည့်အချက်သည် တက္ကသိုလ်ပညာသည် နိုင်ငံတစ်နိုင်ငံအတွက် လုံလောက်သည့် ပညာမဟုတ်တော့ပါကြောင်း၊ တက္ကသိုလ်ဘွဲ့ရရှိရန်အတွက် အဓိကဦးတည်နေပါက ပညာရေးစနစ်သည် အမှန်တကယ်အောင်မြင်နိုင်သည့် အခြေအနေတွင် မရှိတော့သည်ကို သဘောပေါက်လာပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာ၏ အရေးပါပုံနှင့် ထို ပညာတတ်သည့် ပြည်သူပြည်သားများသည် အလုပ်အကိုင်ရရှိရန်အတွက် ပို၍လွယ်ကူလာပါကြောင်း။

မိမိတို့ နိုင်ငံတွင်လည်း အလုပ်အကိုင် ဖန်တီးရေးသည် အဓိကအရေးကြီးသည့်အတွက် အသက်မွေးဝမ်းကျောင်းပညာကို များစွာအားပေးပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ၂၀၁၆ ခုနှစ် တာဝန်စယူကတည်းက မိမိတို့နိုင်ငံ၏ ၄ ရာခိုင်နှုန်းသာ တက္ကသိုလ်ဘွဲ့ရထားသည်ကို တွေ့ရပါကြောင်း၊ ထို ၄ ရာခိုင်နှုန်းသာ ဘွဲ့ရထားသောကြောင့် ပြည်သူပြည်သားများ အသက်မွေးဝမ်းကျောင်းပညာကို တက္ကသိုလ်ပညာနှင့်နည်းတူ တန်ဖိုးထားနိုင်အောင် လုပ်နိုင်သည့်အခွင့်အရေးရှိလာပါကြောင်း၊ ထို့အခွင့်အရေးသည်လည်း ယခုအကောင်အထည်ဖော်သည့်နေရာတွင် အောင်မြင်မှုရှိလာသည်ဟု ပြောနိုင်ပါကြောင်း၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားရန် မိမိတို့သားသမီးများကို အားပေးစေလိုပါကြောင်း။

**အချိန်ကာလနှင့်ကိုက်ညီအောင် ပြောင်းလဲနိုင်ရန်လို**

မိမိတို့က အချိန်ကာလနှင့်ကိုက်ညီအောင် ပြောင်းလဲနိုင်ရန်လိုအပ်ပါကြောင်း၊ ယခုကာလနှင့်ခေတ် ကိုက်ညီအောင် မည်သို့တိုးတက်အောင်လုပ်မည်၊ မည်သို့ရှေ့ကိုသွားမည်၊ မိမိတို့နိုင်ငံကို အခြားနိုင်ငံများနှင့်မတူ တစ်မူထူးခြားစေရန် မည်သို့ထူထောင်မည်ဆိုသည်ကို စဉ်းစားရန်အရေးကြီးပါကြောင်း၊ ပြည်သူလူထုကို ဒီမိုကရေစီစံနှုန်းစံထားများ နားလည်စေလိုပါကြောင်း၊ ပြည်သူများ၏ တာဝန်က ဘာရှိသည်၊ နိုင်ငံအတွက် လုပ်ရမည့်တာဝန်ဘာရှိသည်ကိုသိပြီး မိမိအတွက်လည်း လုပ်နိုင်ရမည်၊ အများအတွက်လည်း လုပ်နိုင်ရမည်ဖြစ်ပါကြောင်း၊ ယင်းသည်ပြည်သူလူထုသိရှိရမည့် အရေးကြီးဆုံးကိစ္စဖြစ်ပါကြောင်း။

ပြည်သူလူထု၏ ခံစားမှု၊ ပြည်သူလူထု၏ စိုးရိမ်ကြောင့်ကြမှု၊ ပြည်သူလူထု၏ မျှော်လင့်ချက်၊ ပြည်သူများ၏ အားသာချက်၊ အားနည်းချက်များကို မိမိတို့သိမှသာ ပြည်သူလူထုကို တိုးတက်နိုင်အောင် ပံ့ပိုးကူညီနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ ပြည်သူများနှင့် တွေ့ဆုံပွဲလုပ်ခြင်းသည် ပြည်သူများ၏ ရည်ရွယ်ချက်နှင့် လိုအပ်ချက်ကိုသိမှ ပြည်သူများ တိုးတက်ရန်နှင့် အောင်မြင်ရန်အတွက် မိမိတို့ ဘာလုပ်ပေးရမည် ဆိုသည့် အဖြေကို မှန်မှန်ကန်ကန်ရှာနိုင်မည်ဖြစ်ပါကြောင်း။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုသိမ်မြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် တိုင်းရင်းသား တိုင်းရင်းသူလေးများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ညီညီညွတ်ညွတ်ဖြင့် လက်တွဲ**

အလုပ်တစ်ခုကို စီစဉ်သည့်အခါ အဘက်ဘက်က ကြည့်ပြီး စီစဉ်ရန် အရေးကြီးပါကြောင်း၊ ပြည်သူများကလည်း နားလည်ပေးရန် အရေးကြီးပါကြောင်း၊ မိမိတို့စိတ်ဝင်စားသည့် အကွက်လေးတစ်ကွက်တည်းကို မကြည့်ဘဲ ဟိုဘက်ဒီဘက် အားလုံးပြည့်ပြည့်ဝဝ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြည့်ပေးစေလိုပါကြောင်း၊ ယခုကလေးများ တိုင်းရင်းသားဝတ်စုံ အမျိုးမျိုးကို ဝတ်ဆင်ထားကြပါကြောင်း၊ ပြင်ပတွင် ဘယ်လိုပင်ဝတ်ထားဝတ်ထား အရေးကြီးသည်မှာ စိတ်ချင်းသဘောချင်းတူရန် အင်မတန်အရေးကြီးပါကြောင်း၊ ငါတို့သည် ညီအစ်ကိုမောင်နှမတွေ၊ သွေးရင်းသားရင်းတွေ၊ ပြည်ထောင်စု၏ သားသမီးတွေ ဆိုသည့်စိတ်ဓာတ်ရှိရန် အဓိကအရေးကြီးပါကြောင်း၊ မတူကွဲပြားမှုသည် ဂုဏ်ယူရမည့်ကိစ္စဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးအမျိုးမျိုးရှိသည့်အတွက် ပြောသည့်ဘာသာစကားအမျိုးမျိုး၊ ကိုးကွယ်သည့် ဘာသာအမျိုးမျိုးရှိကြသော်လည်း မိမိတို့သည် ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ညီညီညွတ်ညွတ်ဖြင့် နေနိုင်ပါက မိမိတို့နိုင်ငံသည် တိုးတက်မည်၊ အများ၏ လေးစားကြည်ညိုမှုကို ခံယူရမည်ဖြစ်ပါကြောင်း။

လူတိုင်းလူတိုင်းသည် စေတနာမှန်မှန်ဖြင့် သေသေချာချာ ကြိုးစားသွားမည်ဆိုပါက တိုးတက်ရန် အခွင့်အလမ်းများစွာရရှိမည် ဖြစ်ပါကြောင်း၊ တိုးတက်သည့် အခွင့်အလမ်းများကို သုံးသည့်အခါတွင် မိမိတစ်ယောက်တည်းအတွက်မဟုတ်ဘဲ အများအတွက် သုံးစေလိုပါကြောင်း၊ မိမိတစ်ယောက်တည်းအတွက် သုံးခြင်းထက် အများအတွက် သုံးခြင်းသည် ပို၍ကျေနပ်မှုရှိပြီး ပို၍ထိရောက်မှုရှိပါကြောင်း၊ ညီညီညွတ်ညွတ်ဖြင့် လက်တွဲ၍ လုပ်နိုင်မည်ဆိုပါက မိမိတို့အနေဖြင့် မည်သည့်ပြဿနာကိုမျှ စိုးရိမ်စရာမလိုပါကြောင်း။

**ဆန္ဒရှိမှသာ လုပ်နိုင်မည်**

အောင်မြင်ခြင်း တရားလေးပါးတွင် ဆန္ဒဖြင့် စတင်ပါကြောင်း၊ အားလုံးသည် နိုင်ငံတိုးတက်၊ အေးချမ်း၊ ချမ်းသာစေလိုသည့် ဆန္ဒရှိမှသာ အဆိုပါဆန္ဒများအရ မိမိတို့နိုင်ငံအေးချမ်း၊ တိုးတက်၊ ချမ်းသာစေရန် လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ပုသိမ်မြို့သည် မိမိတို့နိုင်ငံအတွက် များစွာအရေးကြီးသည့် မြို့တော်တစ်ခု ဖြစ်ပါကြောင်း၊ အဆိုပါမြို့တော်မှစ၍ မိမိတို့ ဧရာဝတီတိုင်းတစ်ခုလုံး ဆတက်ထမ်းပိုး ပို၍တိုးတက်အောင် လုပ်ဆောင်ရန် ပြည်သူများကို တိုက်တွန်းလိုပါကြောင်း၊ ဧရာဝတီတိုင်းမှစ၍ တစ်တိုင်းပြည်လုံးတိုးတက်၍ အေးချမ်းမှုရရှိအောင် ကြိုးစားပေးရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**တင်ပြဆွေးနွေး**

ယင်းနောက် **ပုသိမ်မြို့ဒေသခံပြည်သူများ၏ တင်ပြချက် (၁၁) ချက်**ဖြစ်သည့် တိုင်ကြားစာနှင့်ပတ်သက်၍ မမှန်မကန်တိုင်ကြားပါက ဥပဒေအရထိရောက်စွာ အရေးယူပေးနိုင်ရေး၊ စပါးဈေးကျဆင်းမှုကို ဆောင်ရွက်ပေးနိုင်ရေးနှင့် နှစ်တိုနှစ်ရှည်ချေးငွေထုတ်ချေးနိုင်ရေး၊ သိမ်းဆည်းခံမြေဧက ၁၈၀ ကို ဒေသခံပြည်သူများအား ပြန်လည်ပေးအပ်နိုင်ရန်အစီအစဉ် ရှိ/မရှိ၊ ဥယျာဉ်ခြံမြေ ပုံစံ - ၇၊ ပုံစံ - ၁၀၅ ထုတ်ပေးနိုင်ခြင်း ရှိ/မရှိ၊ အမည်ပေါက်ပြောင်းလဲ၍ ရ/မရ၊ ရိုးချောင်းနှင့် စားကျက်တွင် စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်း ရှိ/မရှိ၊ ငါးလုပ်ငန်းဦးစီးဌာနမှ သိမ်းဆည်းထားသည့် ရေငန်ပုစွန်သားဖောက်စခန်း မြေနေရာကို မူလပိုင်ရှင်ထံပြန်လည်ပေးအပ်နိုင်ရေး၊ ဇင်ပြွန်းကုန်းကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ရေး၊ သလပ်ခွာကျေးရွာလျှပ်စစ်မီးလင်းရေး၊ ပုသိမ်မြို့ ကိုးထပ်ဆေးရုံအမြန်တည်ဆောက်ပြီးစီးရေး၊ ရေနုတ်မြောင်းများအတွင်း အမည်မသိတိုင်များ စိုက်ထူထားခြင်းကိစ္စ၊ ၂၀၁၇-၂၀၁၈ ပညာရေးရန်ပုံငွေဖြင့် အလကခွဲ ရှာဟောင်းကြီးကို ပြီးစီးအောင်ဆောင်ရွက်ရေးနှင့် ပုသိမ်ဆေးရုံကြီးတွင် ပစ္စည်းကိရိယာမလုံလောက်မှု အပါအဝင် လူနာများနေရာထိုင်ခင်းကိစ္စတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ **ခန်းမအပြင်ဘက်မှ ဒေသခံပြည်သူ ခုနစ်ဦး၏** ကညင်ကောက်ကျေးရွာဆေးခန်းကို တရားဝင်ဆေးခန်းဖြစ်ရေး၊ ရွှေသောင်ယံချောင်းသာ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရာတွင် မမှန်မကန်လိမ်လည်မှု၊ နန္ဒင်းကန်ကျေးရွာ သိမ်းဆည်းမြေကိစ္စ၊ ကျုံကူးကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများ ငွေကြေး လိမ်လည်ခံရမှုများ၊ ချောင်းသာရွှေသောင်ယံရွာချင်းဆက်လမ်းဖြစ်သည့် လမ်းဟောင်းကမ်းခြေပတ်လမ်းကို မူလအတိုင်းပြန်လည်အသုံးပြုနိုင်ရေး၊ အုတ်ဖိုကျေးရွာ သိမ်းဆည်းခံမြေယာကိစ္စရပ်နှင့် ချောင်းသာမြို့ဖွဲ့စည်းပုံရရှိရေး၊ ချောင်းသာကမ်းခြေသာယာလှပရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအပါအဝင် ကမ်းခြေနှင့်သက်ဆိုင်သည့် ဥပဒေတစ်ခု ဖြစ်ပေါ်ရေးတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ **ခန်းမအတွင်းရှိ ဒေသခံပြည်သူ သုံးဦး**တင်ပြသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း စက်မှုဇုန်တစ်ခုတည်ဆောက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်လာရေး၊ ငွေဆောင်မြို့မီးသတ်ရေကန်တည်ဆောက်ပေးနိုင်ရေးနှင့် သိမ်းဆည်းမြေများမူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရေး၊ တပ်မတော်သိမ်းဆည်း မြေ ၃၇ ဒသမ ၄၄ ဧက တို့နှင့် စပ်လျဉ်း၍လည်းကောင်း တင်ပြဆွေးနွေးကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဖြည့်စွက်ရှင်းလင်းသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်သူလူထုများ တောင်းဆိုခဲ့သည့် ကိစ္စရပ်များသည် ငါးမျိုးရှိပါကြောင်း၊ အဆိုပါ ငါးမျိုးမှာ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးဖြစ်ပါကြောင်း၊ နောက်ပိုင်းမြေယာပိုင်ဆိုင်မှု ဖြစ်ပါကြောင်း၊ အဆိုပါအချက်သည်လည်း အရေးကြီးသည်ကို သဘောပေါက်ပြီး မှန်မှန်ကန်ကန်လုပ်ဆောင်ရန်လည်း အလေးထားပါကြောင်း၊ အခက်အခဲအမျိုးမျိုးရှိပါကြောင်း၊ ယခင်က မူလသိမ်းခဲ့သူများ၏ အခက်အခဲ၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အခက်အခဲ၊ ပြန်လည်ရလိုသည့် ပြည်သူများ၏ အခက်အခဲဖြစ်ပါကြောင်း၊ အဆိုပါ အခက်အခဲများကို အားလုံးဖြေရှင်းပေးရန် အင်အားများလိုအပ်သည်ကို သဘောပေါက်သည့်အတွက် စတင်၍အစီအစဉ်များ လုပ်ဆောင်နေပါကြောင်း၊ စစ်ဆေးသည့်နေရာတွင် ပို၍မြန်မြန်ဆန်ဆန် စစ်ဆေးနိုင်စေရန် ဝန်ထမ်းများပို၍ လိုအပ်သည့်ဌာနများတွင် ဝန်ထမ်းများဖြည့်ဆည်းရန်မှစ၍ လုပ်ဆောင်နေပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နောက်ပိုင်းတွင် ပို၍အလေးထားဖြေရှင်းပေးရပြီး ပြည်သူများရင်ဆိုင်နေရသည့် ပြဿနာဆိုသည်ကိုသဘောပေါက်ပါကြောင်း။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယခုဆိုလျှင် ပြည်သူများသည် ပွင့်ပွင့်လင်းလင်းဖြင့် မိမိတို့၏ စိုးရိမ်ပူပန်မှုများနှင့် လိုအပ်ချက်များကို တင်ပြလာသည်ကို မိမိအနေဖြင့် ကြိုဆိုပါကြောင်း၊ တင်ပြရာတွင်လည်း အေးအေးဆေးဆေးဖြင့် တင်ပြသည်ကိုလည်း ကျေးဇူးတင်ပါကြောင်း၊ မိမိတို့နိုင်ငံသည် သိက္ခာရှိပြီး ယဉ်ကျေးသည့် နိုင်ငံဖြစ်သည်ကို ပြသခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ မကျေနပ်မှုများကို ယဉ်ယဉ်ကျေးကျေးနှင့် အဆင့်အတန်းရှိရှိဖြင့် တင်ပြနိုင်ခြင်းသည် ပြည်သူပြည်သားများ၏အားသာချက်တစ်ခုဟု မြင်ပါကြောင်း၊ ပြည်သူများသိချင်သည့် ကိစ္စများကို အစိုးရမှ ပြည်သူများနှင့် ထိတွေ့ပြီးဖြေကြားရန် အရေးကြီးပါကြောင်း၊ ယင်းအချက်ကိုလည်း တိုင်းဒေသကြီး အစိုးရသို့ သေချာစွာမှာကြားမည်ဖြစ်ပါကြောင်း၊ မိမိနိုင်ငံ၏ကိစ္စသည် မိမိကိစ္စဖြစ်သောကြောင့် ခွဲခြား၍ မမြင်စေလိုပါကြောင်း၊ နိုင်ငံကောင်းကျိုးနှင့်ဆိုင်သည့်ကိစ္စသည် နိုင်ငံသူနိုင်ငံသားအားလုံးနှင့်သက်ဆိုင်ပါကြောင်း၊ တင်ပြလာသည့် ကိစ္စများကို တစ်ခုချင်းသေချာလေ့လာစိစစ်မည် ဖြစ်ပါကြောင်း၊ မှန်ကန်သည့်အဖြေများကို အမြန်ဆုံးရအောင် ရှာမည်ဖြစ်ပါကြောင်း ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူလေးများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**သတင်းစဉ်**

# ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးဆိုင်ရာမူဝါဒ ဆရာဖြစ်သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Foundation for Electoral Systems ( IFES) အဖွဲ့တို့ ပူးပေါင်း၍ ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများကဏ္ဍမြှင့်တင်ရေးဆိုင်ရာမူဝါဒ ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။



**သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ရန်လို**

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW) ကို ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မူဝါဒများအောင်မြင်ရေးအတွက် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများမှလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း CEDAW ပါ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ၊ ရွေးကောက်တင်မြှောက်ခြင်းနှင့် ရွေးကောက်ခံပိုင်ခွင့်စသည့် ကဏ္ဍများတွင် ကျား၊ မ တန်းတူညီမျှရေး၊ အမျိုးသမီးကဏ္ဍမြှင့်တင်ရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဟာဗျူဟာစီမံကိန်း (၂၀၁၉-၂၀၂၂) ကို ရေးဆွဲရာတွင် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးကဏ္ဍပိုမိုပါဝင်မှုတို့ အကျုံးဝင်သည့် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့်ဆက်ဆံရေး၊ အားလုံးပါဝင်မှုကိုမြှင့်တင်ရေးဟူသည့် ကဏ္ဍများကို ထည့်သွင်းရေးဆွဲခဲ့ကြောင်း၊ ထို့အပြင် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးကဏ္ဍမြှင့်တင်ရေးဆိုင်ရာမူဝါဒ (၂၀၁၉-၂၀၂၂) ကို ရေးဆွဲခဲ့ပြီး လုပ်ငန်းအဖွဲ့များဖွဲ့စည်းကာ တာဝန်များချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ကချမှတ်ထားသည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (NSPAW) (၂၀၁၃ - ၂၀၂၂) ကို အကောင်အထည်ဖော်ရာတွင်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအပါအဝင် အခြားသောဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

**ဆင့်ပွားသင်တန်းများကို သင်ကြားပို့ချပေးရမည်**

ကော်မရှင်အနေဖြင့် အမျိုးသမီးများ နိုင်ငံရေးနှင့်ရွေးကောက်ပွဲများတွင် ပိုမိုပါဝင်လာစေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် အဖွဲ့ခွဲရုံးများတွင် အမျိုးသမီးပါဝင်မှုနှုန်း မြှင့်တင်နိုင်ခဲ့ကြောင်း၊ ယနေ့ပို့ချသော သင်တန်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်လျှောက် ကျား၊ မ တန်းတူညီမျှရေးမူဝါဒ အကောင်အထည်ဖော်မှုကို အထောက်အကူဖြစ်မည်ဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် ဆင့်ပွားသင်တန်းများကို သင်ကြားပို့ချပေးရမည် ဖြစ်ကြောင်း၊ သင်တန်းမှရရှိသည့် အတွေ့အကြုံများကို ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် အကျိုးရှိရှိ ပြန်လည်အသုံးချကြစေလိုကြောင်း ပြောကြားသည်။

**ဆက်လက်ကျင်းပသွားမည်**

အဆိုပါ သင်တန်းကို မေ ၁ ရက် မှ ၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ၃ ရက်နှင့် ၄ ရက်တို့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အေးချမ်းမြန်မာအင်စတီကျုတို့ ပူးပေါင်း၍ ကျား၊ မ တန်းတူညီမျှရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း။

အဆိုပါ သင်တန်းသို့ တိုင်းဒေသကြီး၊ ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ သင်တန်းသား သင်တန်းသူ ၆၇ ဦး တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဒေါက်တာသန်းမြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသအကျိုးပြုလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဗဟိုအဖွဲ့အတွင်းရေးမှူး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်တို့သည် မတ် ၂၉ ရက် မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကမ်းနားလမ်းရှိ မြိတ်အများပိုင်ကော်ပိုရေးရှင်း ရုံးခန်းမသို့ ရောက်ရှိကြရာ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးလှသန်းက မြိတ်ခရိုင် ကျွန်းစုမြို့နယ် မင်းကြီးကျွန်း၊ ကျားကြီးအော် ပုစွန်မွေးမြူရေးစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် အမြန်ရေယာဉ်များဖြင့် ဘုတ်ပြင်းမြို့နယ် ဝအေလယ်ကျွန်းသို့ရောက်ရှိပြီး ကျွန်းပေါ်တွင်တည်ဆောက်ဖွင့်လှစ်ထားသည့် Wa Ale Eco Resort တွင် သဘာဝပတ်ဝန်းကျင်မပျက်စီးအောင် ထိန်းသိမ်းရေး၊ အမှိုက်များအား စနစ်တကျ စွန့်ပစ်ရေး၊ ပင်လယ်ရေအားသန့်စင်ပြီး ရေချိုအဖြစ် ပြန်လည်အသုံးပြုရေးနှင့် ပြည်တွင်း၊ ပြည်ပဧည့်သည်များ လာရောက်တည်းခိုအပန်းဖြေနိုင်ရန် ပြင်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် မတ် ၃၀ ရက် နံနက် ၁၀ နာရီက အမြန်ရေယာဉ်များဖြင့် ကော့သောင်းခရိုင် ကော့သောင်းမြို့ အောင်ဘာကျေးရွာအုပ်စုရှိ ဘိုနက်ကျော်ကျွန်းတွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် K Future Co.,Ltd. က အသစ်တည်ဆောက်နေသည့် ဟိုတယ် ၂၆ လုံး တည်ဆောက်မှုအခြေအနေကို ဝင်ရောက်ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ကော့သောင်းမြို့ ကျွန်းဖီလာဟိုတယ်သို့ ရောက်ရှိပြီး အထွေထွေမန်နေဂျာ Mr. Steffan က ဟိုတယ်လုပ်ငန်းများနှင့်ပတ်သက်၍ Yoma Group ၏ ဟိုတယ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများလုပ်ဆောင်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးများက သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး၊ အမှိုက်စွန့်ပစ်သည့်စနစ်၊ ရေဆိုးသန့်စင်မှု၊ နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်သုံးစွဲဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်း၍ လိုအပ်သည်များမှာကြားသည်။

ထို့နောက် အဝတ်အခြောက်လျှော်စက်၊ ပင်လယ်ရေမှ ရေချိုပြန်လည်ထုတ်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ညနေပိုင်းတွင် ကော့သောင်းခရိုင် ဇာဒက်ကြီးကျွန်းအနီးရှိ ညောင်ဦးဖီးကျွန်းပေါ်ရှိ Victoria Cliff Resort သို့ ရောက်ရှိပြီး လုပ်ငန်းရှင် ဒေါ်ခင်သက်သက်လွင်က ဟိုတယ်အတွင်း လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး UN Women ၏ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် UN Women ၏ ဌာနေကိုယ်စားလှယ် Mr. Nicolas Burniat နှင့်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ကျား၊ မတန်းတူညီမျှရေးနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီကို ပြင်ဆင်ဖွဲ့စည်း၍ ဆောင်ရွက်နေမှုများ၊ ကော်မတီကိုပြင်ဆင်ဖွဲ့စည်းခဲ့ရာတွင် ဌာနဆိုင်ရာများသာမက အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများကိုပါ ထည့်သွင်းဖွဲ့စည်းခဲ့မှုများ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP)၊ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များစသည်တို့နှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများ၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ကျန်ရှိသည့် လေးနှစ်တာကာလအတွင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ UN CEDAW ကော်မတီသို့ အစီရင်ခံစာတင်သွင်းမှုဆိုင်ရာကိစ္စရပ်များ၊ Beijing Declaration and Platform for Action-BFPA နှင့်ပတ်သက်၍ နိုင်ငံအဆင့်သုံးသပ်ချက်များ ပြုလုပ်မည့်ကိစ္စရပ်များနှင့် UN Women မှ နည်းပညာပိုင်းဆိုင်ရာအကူအညီများ ပေးအပ်နိုင်မှုအခြေအနေနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၃ / ၂၀၁၉**
၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်)

## “တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** သို့ ၂၀၁၉ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မံဟဲအုပ်စု၊ ပေကုန်းကျေးရွာနေ မောင်နုနှင့် မမဲပြာတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၃၀-၃-၂၀၁၉ ရက်နေ့တွင် အင်းတော်မြို့နယ်၊ မံဟဲအုပ်စု၊ ပေကုန်းကျေးရွာနေ ဦးမောင်နု(၆၀)နှစ်၊ (ဘ)ဦးချစ်အေး၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူများ၊ 88/1 စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မော်လူး)မယ(ပ)၁၄/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ အလားတူ ၎င်းကျေးရွာနေ မမဲပြာ(ခ) မခင်နွဲ့(၃၂)နှစ်၊ (ဘ)ဦးပြည့်(ခ) မောင်ပြည့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားဘိန်းဖြူများ၊ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မော်လူး) မယ(ပ)၁၅/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ မသေကျေးရွာအုပ်စု၊ ကျောက်နီကုန်းချောင်းဘေးနေ ဒေါ်ထိမ်းမဲသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၃-၂၀၁၉ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ မသေကျေးရွာအုပ်စု၊ ကျောက်နီကုန်းချောင်းဘေးနေ ဒေါ်ထိမ်းမဲ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ သားမက်ဖြစ်သူ ဝင်းဇော်(၃၀)နှစ်၊ (ဘ)ဦးချစ်ဆွေနှင့် ထွန်းနိုင်ဦး(၃၅) နှစ်၊ (ဘ)ဦးထွန်းကိုတို့(၂)ဦးအား ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကရသူရိ) မယ (ပ)၃/ ၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ လွှစင်ကျေးရွာအုပ်စု၌ မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၆-၃-၂၀၁၉ ရက်နေ့တွင် ရမည်းသင်းမြို့နယ်၊ လွှစင်ကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာနေ မောင်ဆန်း (၃၂)နှစ်၊ (ဘ)ဦးကျော်သောင်း၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရွာတန်း)မယ(ပ) ၂/ ၂၀၁၉၊ မူး/ စိတ်ပုဒ်မ၁၉(က) ဖြင့် လည်းကောင်း၊ အလားတူ ၎င်းကျေးရွာအုပ်စု၊ ညောင်ပင်ကွင်းတဲစုနေ မင်းမင်းစိုး(ခ)မင်းစိုး(ခ) မင်းစိုးသန်းဝေ(၃၂)နှစ်၊(ဘ) ဦးသန်းဝေအားရှာဖွေရာ 88/1 စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရွာတန်း)မယ (ပ) ၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကော့ပေါက်ကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၃-၂၀၁၉ ရက်နေ့တွင် မော်လမြိုင်မြို့နယ်၊ ကော့ပေါက်ကျေးရွာနေ သန်းဇော်ဦး(၃၅)နှစ်၊ (ဘ)ဦးစံတင်၏နေအိမ်အားဝင်ရောက်ရှာဖွေရာ ၎င်းအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ဒိုင်းဝန်ကွင်း) မယ(ပ)၇/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၃/ခ ရပ်ကွက်၊ (၇)လမ်းနေ ဒေါ်အေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၈-၃-၂၀၁၉ ရက်နေ့တွင် မင်္ဂလာဒုံမြို့နယ်၊ (၃/ခ)ရပ်ကွက်၊ (၇)လမ်းနေ ဒေါ်အေး(ခ)အေးအေးမြင့်(၆၂)နှစ်၊ (ဘ) ဦးထွန်းမြိုင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ကျော်မျိုးဝင်း(၂၂)နှစ်၊ (ဘ)ဦးတင်ဝင်းဇော်၊ (၄)လမ်းနေသူအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဒေါ်အေး(ခ) အေးအေးမြင့်အား (၃/ခ)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး၌ ဆက်လက်ဖမ်းဆီးရမိသဖြင့် မမစ (မင်္ဂလာဒုံ) မယ(ပ) ၂၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင်းနှင့် မြို့ပေါ် ရပ်ကွက်များ၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၆)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၃)ဦး၊ မ(၃)ဦး၊ ပေါင်း(၂၆)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၄-၃-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့ သစ်တောရပ်ကွက်အတွင်း စောင့်ကြည့်သတင်းစုံစမ်းနေစဉ် ၎င်းရပ်ကွက်နေ ဇွဲရန်နောင်(၁၉)နှစ်၊ (ဘ)ဦးချစ်စန်းမောင်အား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ကြီး)မယ(ပ)၁၁/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အုပ်စု(၁၀) တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကား ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၄၅)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၄၆)ဦး၊ မ(၄)ဦး၊ ပေါင်း(၅၀)ဦးအား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၇-၃-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုများမှ ကွင်းဆက်သတင်းအရ ကွတ်ခိုင်မြို့ အမှတ်(၆)ရပ်ကွက်၊ လမ်းသွယ်(၃)နေ ဂျာဂွမ်းမိုင်(ခ)မာဂွမ်း(၂၇)နှစ်၊ (ဘ) ဦးနော်တောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်)မယ(ပ)၃၅/ ၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၃၀-၃-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၅၈၆)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံ ကျား(၇၇၄)ဦး၊ မ(၁၄၉)ဦး၊ ပေါင်း(၉၂၃)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၅၈၇၀.၂၂)ဂရမ်၊ ICE (၇၃.၆၇)ဂရမ်၊ ဘိန်း(၃၈၇၀၄.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၈၈၇၉.၂၇)ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည် (၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၂၂၈၉၁၅)ပြား၊ ဆေးခြောက် (၆၄၂၄.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၂၃.၄၅)ဂရမ်၊ Ecstasyအကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၆)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးဆောင်ရွက်ခြင်းတို့ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ လမုံဇွပ်ကျေးရွာအနီး မြစ်ကြီးနား-မြစ်ဆုံ- ဆွမ်ပရာဘွမ်သွား ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၃၈၄၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား (၃၆၅၀)ပြား၊ ဖားကန့်မြို့နယ်၊ လယ်ပြင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦး တို့ထံမှ စိတ်ကြွဆေးပြား(၄၉၀)ပြား၊ ရွှေကူမြို့နယ်၊ စီမော်ကျေးရွာ၊ ရွာလယ်လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၅၂၈)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ လောဓမ္မရပ်ကွက်လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၈)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဒေါဥခူရပ်ကွက်၌ တရားခံအမျိုးသား(၆)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၇၄)ပြား၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ဈေးမသွယ်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦး တို့ထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ မြဝတီမြို့ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၆၉၈)ပြား၊ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၁)ပြား၊ ချင်းပြည်နယ်၊ တွန်းဇံမြို့နယ်၊ ကျောက်ချပ်ရွာ၌ တရားခံအမျိုးသား(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၀၀)ပြား၊ ဘိန်းဖြူ (၁၃)ဂရမ်၊ ဘိန်း(၆၅.၃၂)ဂရမ်၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့ ရွှေပြည်စိုးရပ်ကွက်၊ လှိုင်လမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မြေနီကုန်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၂)ပြား၊ သံဖြူဇရပ်မြို့ အောင်သာယာရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၇၁)ပြား၊ဆိုင်ကယ်(၁)စီး၊ ကျိုက်ထိုမြို့နယ်၊ မရမ်းချောင်ကျေးရွာအနီး ရှောင်ကွင်းလမ်း၌ မောင်းသူမရှိဘဲ အချိန်ကြာမြင့်စွာ ရပ်တန့်ထားသည့် Hiace အငှားယာဉ်အား စိစစ်ရာ ယာဉ်ပေါ်မှ Sodium Cyanide (၇၅၀၀၀၀) ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ မြို့မကညင်တန်း(တောင်)ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၅)ပြား၊ ရွာသစ်ကေရပ်ကွက်၌ တရားခံအမျိုးသား(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၉၇၇၀၅)ပြား၊ ပေါက်တောမြို့နယ်၊ ဆင်တက်မော်ကယ်ဆယ်ရေးစခန်းအနီး၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၉၄)ပြား၊ ရှမ်းပြည်နယ်၊တောင်ကြီးမြို့နယ်၊တောင်ကြီး-မိုင်းပျဉ်းသွားကားလမ်း နောင်ပင်လယ် တံတားပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၃၉၀၀)ပြား၊ ဆိုင်ကယ် (၁)စီး၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၉၀) ပြား၊ ဘိန်းဖြူ(၁၁)ဂရမ်၊ ဘိန်း(၅၀)ဂရမ်၊ လားရှိုးမြို့ ရပ်ကွက်(၃)၊ ရှမ်းရိုးမကားဂိတ်တွင် လားရှိုးမှဝမ်ဟိုင်းသို့ ခရီးသည်မပါ တန်ဆာခဖြင့် ပို့ဆောင်ရန် အပ်နှံထားခဲ့သည့် စက္ကူချပ်ဖာအတွင်း၌ မူးယစ်ဆေးဝါးများပါဝင်နေကြောင်း သတင်းအရစိစစ်ခဲ့ရာ ၎င်းချပ်ဖာအတွင်းမှ Acitic Acid(၁၅၀)လီတာ၊

**စာမျက်နှာ ၉ သို့ »»**

»»» စာမျက်နှာ ၈ မှ
မန်နားကျေးရွာ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးစဉ် ဆိုင်ကယ်မောင်းနှင်သူ အမျိုးသားမှာ လွယ်အိတ်အား ပစ်ချကာ မောင်းနှင်ထွက်ပြေးသွားပြီး လွယ်အိတ်အတွင်းမှ စိတ်ကြွဆေးပြား(၇၆၀၀)ပြား၊ ခါးသျှိအောက်ကျေးရွာအနီး လားရှိုး-တန့်ယန်းသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဆီခဲ(၁၃၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တန့်ယန်းမြို့ အမှတ်(၂)ရပ်ကွက်အနီး တန့်ယန်း-ပန်ဆန်းသွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ဘိန်း(၃၀၀)ဂရမ်၊ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၆၀၀)ပြား၊ မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ နောင်ချိုမြို့အဝင် မိုင်တိုင်(၈၀/၄)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ရာ တရားခံအမျိုးသား(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၅၄၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကုံ့ကော်ကျေးရွာ လမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံ၏နေအိမ်မှ စိတ်ကြွဆေးပြား(၁၆၀၀)ပြား၊ ဘိန်းဖြူ (၈)ဂရမ်၊ မိုးမိတ်မြို့နယ်၊ ဘောဒေကျေးရွာ၊မိုးကုတ်-မိုးမိတ်-တွင်းငယ်သွားကားလမ်းမပေါ်၌ သတင်းအရ Landcruiser ယာဉ်အား ရပ်တန့်စစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၆၀၀၀)ပြား၊ ဘိန်းဖြူ(၄၈၂၉)ဂရမ်၊ မော်တော်ယာဉ်(၁)စီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ သာယာကုန်းလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၈၀)ပြား၊ ဘိန်းဖြူ(၀.၀၀၆)ဂရမ်၊ ဆိုင်ကယ်(၁) စီး၊ အင်းတော်မြို့နယ်၊ နဘားလမ်းဆုံ၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ရာ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၃၃)ပြား၊ ဘိန်းဖြူ(၄၃၂)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ထီးချိုင့်မြို့နယ်၊ တုံလုံ ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၂၈)ပြား၊ ကလေးမြို့နယ်၊ မော်လိုက်ကလေးကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ Buprenorphine Tablet (၁၃၀)ပြား၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ ရှမ်းချောင်းရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၀)ပြား၊ ဘိန်းစာမှုန့် (၆၀၀)ဂရမ်၊ ICE (၀.၄)ဂရမ်၊ ကော့သောင်းမြို့နယ်၊ မြောက်တော်ဝင်ကျွန်းအနောက်ဘက်ရေမိုင်(၂၀)ခန့်အကွာ ပင်လယ်ရေပြင်၌ သတင်းအရ စက်လှေအား ရပ်တန့်စစ်ရာ တရားခံအမျိုးသား(၇)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၈)ဦးတို့ထံမှ ICE (၁၇၃၇၀၀၀)ဂရမ်၊ စက်လှေ(၁)စင်း၊ အေးရိပ်ငြိမ်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၂)ဦး၊ ပေါင်း(၄) ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၇၆၀)ပြား၊ ဘိန်းစာမှုန့်(၂၈၅)ဂရမ်၊ ICE(၁၂)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့ ကရင်စုရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၂၁)ပြား၊ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အုန်းတော(၁)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ ဆေးခြောက်(၁၁၁၀.၄၄)ဂရမ်၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ ပြည်သာယာ(တ)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၀၁) ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမိုင်တိုင်(၂၈၀/၀)၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၉၈)ပြား၊ ဆိုင်ကယ်(၁) စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက်မှတ်တိုင်အနီး၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၂) ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၄၀၀)ပြား၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၌ တရားခံအမျိုးသား(၁) ဦးထံမှ စိတ်ကြွဆေးပြား(၄၉)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံအမျိုးသား(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၄၆၆)ပြား၊ ICE(၄.၅)ဂရမ်၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ အောင်တမန်လမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ရာ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ် ချက်အရ တရားခံနေအိမ်မှ စိတ်ကြွဆေးပြားအကြေမှုန့်(၂၀)ဂရမ်၊ ICE(၁၀)ဂရမ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့ ညောင်ပင်စျေးရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၃၄၈)ပြား၊ ဆိုင်ကယ်(၁)စီး၊ ဘိုကလေးမြို့ အမှတ်(၇)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၇၉)ပြားအားလည်းကောင်း၊ လက်နက်/ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုဖြစ်စဉ်(၄)ခုရှိခဲ့ပြီး ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ တာလောကြီးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃)ပြား၊ ဘိန်းဖြူ(၀.၁)ဂရမ်၊ တူမီးသေနတ်(၁)လက်၊ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ မြို့ဦးကွက်သစ်ရပ်ကွက်၊ ဟိုပုံး-လွိုင်လင်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၉၈၅)ပြား၊ လက်ပစ်ဗုံး(၁)လုံး၊ ဆိုင်ကယ်(၁)စီး၊ ကွတ်ခိုင်မြို့နယ်၊ နမ့်တောင်းကျေးရွာ၌ လူမနေသည့်တောင်ယာတဲရှိ သစ်ပုံအောက်တွင် မြေမြှုပ်ဝှက်သိမ်းထားသည့် ပလတ်စတစ်ပုံး အတွင်းမှ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၁၄၉၇၅)ပြား၊ ဘိန်းဖြူ(၂၀၀)ဂရမ်၊ ပစ္စတိုသေနတ်(၁)လက်၊ ၉မမ ကျည်(၅) တောင့်၊ ကျည်အိမ်(၁)ခု၊ မိုင်းတုံမြို့နယ်၊ မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်မှတ်တိုင်(၁)အနီး၌ သတင်းအရ ဆိုင်ကယ် အားရပ်တန့်စစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၀၀၀၀၀)ပြား၊ ICE(၂၀၀၀)ဂရမ်၊ တစ်လုံး ထိုးပြောင်းရှည်ခါးချိုးသေနတ်(၁)လက်၊ ဆိုင်ကယ်(၁)စီးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၂၄-၃-၂၀၁၉ ရက်နေ့မှ ၃၀-၃-၂၀၁၉ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း(၂၀၂) မှုတွင်တရားခံကျား(၂၃၈)ဦး၊ မ(၃၄)ဦး၊ ပေါင်း(၂၇၂) ဦးကို ဘိန်းဖြူ(၆၃၃၃.၁၄၇၄)ဂရမ်၊ ICE(၁၇၃၉၁၀၇.၇)ဂရမ်၊ စိတ်ကြွဆေးပြား(၄၁၁၈၅၇)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၅၀)ဂရမ်၊ ဆေးခြောက်(၁၁၆၈.၂၄)ဂရမ်၊ ဘိန်း (၄၁၇.၆)ဂရမ်၊ ဘိန်းဆီခဲ(၁၃၀၀) ဂရမ်၊ ဘိန်းစာမှုန့်(၈၈၅)ဂရမ်၊ Buprenorphine Tablet(၁၃၀)ပြား၊Acitic Acid(၁၅၀)လီတာ၊ Sodium Cyanide (၇၅၀၀၀၀)ဂရမ်၊ သေနတ်မျိုးစုံ(၃)လက်၊ လက်ပစ်ဗုံး(၁)လုံး၊ ၉မမ ကျည်(၅)တောင့်၊ ပစ္စတို ကျည်အိမ် (၁)ခုတို့ ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံ အသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၃၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

## အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသံဒိုင်အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် မေ ၁**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ အမှတ်(၂)သတ္တုတွင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသံဒိုင်ပိုင် မြေကွက်တွင် မြေဖို့လုပ်ငန်း ဆောင်ရွက်ပေးရခြင်း၊ ၎င်းပိုင်မြေကွက်၌ အိမ်ဆောက်လုပ်သည့် အင်ဂျင်နီယာအား ငွေပေးရန်အတွက် ဖုန်းဖြင့် ဆက်သွယ်တောင်းခံလာသဖြင့် ၎င်းပေးသည့် Bank Account သို့ ငွေထည့်သွင်းပေးခဲ့ရပြီး ဝန်ကြီးဌာနနှင့် ကုမ္ပဏီတို့အကြား အငြင်းပွားမှုဖြစ်ပေါ်မှသာ ပြန်လည်ပေးအပ်ခဲ့ခြင်းတို့အား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ၂၀၁၄ ခုနှစ်အတွင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ပဒုမ္မာလမ်း သုန္ဒရီ(၂) လမ်းနှင့် (၃)လမ်းအကြားရှိ ၎င်းပိုင်မြေကွက် အမှတ်(A064)တွင် မြေညှိ မြေဖို့ခြင်းလုပ်ငန်းအားဆောင်ရွက်စေပြီး ကုန်ကျငွေကျပ် ၃၂၇၂၀၀၀ ကို ကုမ္ပဏီမှ ပေးချေစေခြင်း၊ ၂၀၁၆ ခုနှစ် သင်္ကြန်ရုံးပိတ်ရက် ကာလအတွင်း ၎င်း၏ မိသားစုနှင့်အတူ ငပလီကမ်းခြေ အပန်းဖြေခရီး သွားရောက်ရာတွင် ဟိုတယ် အခန်းခ ငွေကျပ် ၄၂၁၆၉၀၅ ကို ကုမ္ပဏီမှ ပေးချေစေခြင်းဖြင့် ရာထူး တာဝန်ကို အလွဲသုံးစားပြု၍ ဝန်ဆောင်ခနှင့် တရားမဝင်သော အခြားအကျိုး ခံစားခွင့်များရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သောကြောင့် အမှတ်(၂) သတ္တုတွင်း လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးသံဒိုင်အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိ မြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **သတင်းစဉ်**



## မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် မေ ၁**

မောင်တောမြို့နယ် နယ်မြေ(၇) မကျီးချောင်း ချောင်းဝ ကင်းစခန်းမှူး ဒုတိယရဲမှူး နိုင်အောင်သူ ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မတ် ၃၀ ရက် နံနက်ပိုင်းတွင် ရေယာဉ် တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေး ရေယာဉ်အမှတ် (၀၀၅)ပါ နှစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂) နယ်ခြားစောင့်တပ် Shahparirdip ကင်းစခန်းမှ Subedar Md. Mukter Ali ဦးဆောင်သည့် အဖွဲ့က စက်တပ်ရေယာဉ် နှစ်စင်း စုစုပေါင်း လေးစင်းတို့ဖြင့် နတ်မြစ်ကြောင်းအတိုင်း အောင်ဗလချောင်းဝထိပ် ရေမိုင်(၅)အနီးသို့ ရောက်ရှိကာ နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေမိုင်ကင်းလှည့်ခြင်း ဆောင်ရွက်ကြသည်။

ယင်းနောက် ရေယာဉ်အမှတ်(၀၀၅)ပေါ်၌ နှစ်ဖက် ကင်းလှည့်သည့်အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။


**ရဲပြန်ကြား**

## တာမွေမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ရန်ကုန် မေ ၁**

မူးယစ်တပ်ဖွဲ့စု ၄၂ ရန်ကုန်အနောက်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၃၀ ရက် ညနေ ၆ နာရီခွဲက စိုးဇေယျာမင်း(ခ)ဇေယျာအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄ ပြားနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းနေထိုင်သည့် တာမွေမြို့နယ် တာမွေလေး ရပ်ကွက် လေးထောင့်ကန်လမ်း၊ တိုက်အမှတ် (N-1)၊ အခန်းအမှတ်(၃၀၄)ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၉ ပြား ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်အရ ည ၉ နာရီတွင် တာမွေမြို့နယ် လေးထောင့်ကန်လမ်း၌ ပူးပေါင်းအဖွဲ့ဖြင့်





စောင့်ဆိုင်းနေစဉ် ခိုင်မင်းဦး(ခ) ကတုံး မောင်းနှင်လာသည့် မော်တော်ယာဉ်အား ရှာဖွေရာ အိုက်စ် ၆ ဒသမ ၄ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ၁၇၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## ထားဝယ်မြို့တွင် လိုင်စင်မဲ့ဘီယာနှင့် နိုင်ငံခြားအရက်များ သိမ်းဆည်းရမိ

**ထားဝယ် မေ ၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်မှုခင်းနှိမ်နင်းရေး အဖွဲ့ခေါင်းဆောင် ရဲအုပ်အောင်သူနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုဦးစီးမှူး ဦးဇင်ကိုဦးနှင့် သက်သေများသည် မတ် ၃၁ ရက် နံနက် ၁၀ နာရီခွဲတွင် ထားဝယ်မြို့ မြောင်းပုလဲရပ်ကွက် ဆိပ်ကမ်းသာလမ်းရှိ အောင်ဆန်းဦး(ခ)သားကြီး၏ ပစ္စည်းထည့်သည့် ဂိုဒေါင်အတွင်း လိုင်စင်မဲ့ယစ်မျိုးဝင်ပစ္စည်းများ သိုလှောင်ထားကြောင်း သတင်းအရဝင်ရောက်ရှာဖွေရာ လိုင်စင်မဲ့ဘီယာများနှင့် နိုင်ငံခြားအရက်များ စုစုပေါင်း တန်ဖိုး ငွေကျပ် ၉၃၀၇၃၀၀၀ အား တွေ့ရှိသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံများဖြင့် သိမ်းဆည်းပြီး ထားဝယ်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**လှိုင်ထွန်းအောင်**

# OSS ရုံးများ အရည်အသွေးမြှင့်တင်ရေးနှင့် ပိုမိုအောင်မြင်စွာ ဖွင့်လှစ်နိုင်ရေး လုပ်ထုံးလုပ်နည်း စံနှုန်း (SOP) ရေးဆွဲနိုင်ရန် ဆောင်ရွက်လျက်ရှိ




**ပုသိမ် မေ ၁**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူသည် ဧရာဝတီတိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား ယနေ့ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဧရာရွှေဝါခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးသန်းဆွေဝင်းက ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မိတ်ဆက်ပေးပြီး ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ကောင်းမွန်သော အုပ်ချုပ်ရေးယန္တရားတည်ဆောက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန လက်အောက်သို့ ပြောင်းရွှေ့ဖွဲ့စည်းခဲ့သည်မှာ သုံးလကျော်ရှိပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်၊ နိုင်ငံတော်အစိုးရ၏ မူဝါဒ၊ ပြည်သူများလိုလားသည့် နိုင်ငံရေးစနစ်နှင့်အညီ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ပြုပြင်ပြောင်းလဲနိုင်ရန် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ လက်ရှိအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ဝါရင့်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းဟောင်းများပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် ရလဒ်များ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အကြံပေးအဖွဲ့၏ အကြံပြုချက်များအပေါ် အခြေခံ၍ ဌာန၏ မျှော်မှန်းချက် (Vision)ဖြစ်သည့် ပြည်သူကို ဗဟိုပြုသည့် ကောင်းမွန်သော အုပ်ချုပ်ရေးယန္တရား တည်ဆောက်ရေးကို ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

ထို့အပြင် လုပ်ငန်းတာဝန် လေးရပ်ဖြစ်သည့် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများ အကောင်အထည်ဖော်ရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် အကောင်အထည်ဖော်ဆောင်ရေးနှင့် ပြည်သူဗဟိုပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် သုံးရပ်ဖြစ်သည့် မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး၊ လုပ်ထုံးလုပ်နည်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနှင့် ဒေသဖွံ့ဖြိုးရေးနှင့် လုပ်နည်းစနစ်ကောင်းများ တည်ဆောက်ရေးတို့ကိုလည်း ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

"ပြုပြင်ပြောင်းလဲမှုစံနမူနာပြ ထွေအုပ်က" ဆိုသည့်အတိုင်း ဖြစ်လာစေရန်အတွက် ဖော်ထုတ်ရရှိခဲ့သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို Time Frame သတ်မှတ်၍ ဆောင်ရွက်မည့် လုပ်ငန်းစဉ်အပိုင်းအလိုက် စီမံချက်ရေးဆွဲဆောင်ရွက်ရန်လည်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အကြံပေးအဖွဲ့၊ ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်နေပါကြောင်း။

အနှစ်သာရ ပြုပြင်ပြောင်းလဲရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအဆင့်ဆင့် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလက်စွဲ (Manual)များ၊ ဝန်ထမ်းကျင့်ဝတ် (Code of Conduct)များ ရေးဆွဲရန်၊ ပြဋ္ဌာန်းသတ်မှတ်ချက်များကို ပြန်လည်သုံးသပ်နိုင်ရန် ဝန်ကြီးဌာနအဆင့် (Regulatory Review Unit) ကို ဖွဲ့စည်းဆောင်ရွက်သွားရန် လုပ်ဆောင်နေပါကြောင်း။

**အတည်ပြုပြဋ္ဌာန်း**

ထို့အပြင် ပြည်သူလူထုအတွက် ရိုးရှင်းသည့်၊ လွယ်ကူသည့်စီမံခန့်ခွဲမှု၊ ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများ၊ ပြဋ္ဌာန်းသတ်မှတ်ချက်များအပေါ် ဖြေလျှော့သင့်သည်များ၊ ပြင်ဆင်သင့်သည်များကို ပြန်လည်သုံးသပ်၍ အကြံပေးအဖွဲ့၊ ပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်း၍ အတည်ပြုပြဋ္ဌာန်းသတ်မှတ်ပေးရမည့် လုပ်ငန်းစဉ်များလည်း ရှိပါကြောင်း။

ဦးစားပေးပြောင်းလဲရန် မျှော်မှန်းထားသည့် ပြည်သူလူထုအတွက် ရိုးရှင်းလွယ်ကူသည့် စီမံခန့်ခွဲမှုစနစ်၊ ဝန်ဆောင်မှုပုံစံဆိုသည်မှာ ပြည်သူများ အချိန်ကုန်သက်သာမည်၊ ဝန်ထုပ်ဝန်ပိုးများ လျော့နည်းမည်၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေး၊ ဝန်ဆောင်မှုကို အားလုံးတန်းတူညီမျှ ရရှိနိုင်မည့် စနစ်မျိုး၊ ပုံစံမျိုးကို ဖော်ထုတ်ပေးနိုင်ရန် ဖြစ်ပါကြောင်း။

ဥပမာဆိုပါက ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုကို ပြည်သူက ရယူလို၍ လျှောက်ထားလာပါက ရုံးပေါင်းစုံ၊ ဌာနပေါင်းစုံကို အလီလီသွားနေရပါကြောင်း၊ အချိန်ကုန်ပါကြောင်း၊ ဝန်ထုပ်ဝန်ပိုးဖြစ်သည်ဆိုသည့် ပြည်သူ့အသံများကို ကြားသိရခြင်းကြောင့် ထိုကဲ့သို့ အခက်အခဲများ၊ ဝန်ထုပ်ဝန်ပိုးများကို ဖြေလျှော့ပေးနိုင်ရန် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)များကို ၂၀၁၅ ခုနှစ် ဇူလိုင်လမှစ၍ ဖွင့်လှစ်ထားခဲ့ပြီး ဖြစ်ပါကြောင်း။

အလားတူ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအပါအဝင် ဌာနအများဆုံး ၁၅ ခုအထိ ပါဝင်သည့် OSS ရုံးများကို ယနေ့အထိ တစ်နိုင်ငံလုံးတွင် ၃၁၆ ရုံး ဖွင့်လှစ်ထားခဲ့ပြီးဖြစ်ပါကြောင်း၊ သို့သော် လက်တွေ့ဆောင်ရွက်သည့်အခါ ယင်း OSS ရုံးများမှာ ပြည်သူများ၏ အခက်အခဲကို မဖြေရှင်းပေးနိုင်ဘဲ ပြည်သူများသွားလာရသည့် ရုံးတစ်ရုံးသာ ပိုလာသည်ဆိုသည့် ရုံးမျိုးမဖြစ်စေချင်ပါကြောင်း။

OSS ရုံးကို သွားမေးလိုက်သည်နှင့် အစိုးရကပေးသည့် မည်သည့် ဝန်ဆောင်မှုလုပ်ငန်းမဆို ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းရှင်းလင်းလင်းနားလည်အောင်၊ သိသွားအောင် ရှင်းပြနိုင်ရမည်၊ လိုအပ်သည့် အထောက်အထား၊ အချက်အလက်များအတွက် ပုံစံများကို လိုအပ်ပါက တစ်ပါတည်း ပေးလိုက်နိုင်ရမည်ဖြစ်ပါကြောင်း၊ ယင်းသည် အလွယ်တကူ ပြောင်းလဲ၍ရသည့် ပထမအဆင့် ဖြစ်ပါကြောင်း။

**လက်တွေ့ဆောင်ရွက်**

ဒုတိယအဆင့်အနေဖြင့် မည်သည်မှာ အမှန်တကယ်လိုအပ်ပြီး မည်သည်ကို ဖြေလျှော့ပေးနိုင်မည် စသည့် ဖြေလျှော့မှုများ၊ ပြင်ဆင်မှုများ၊ ထို့အတူ ထောက်ခံချက်များ၊ စိစစ်ချက်များကို သက်ဆိုင်ရာဌာနများမှ စိစစ်ပေးသည့် နေရာတွင် အချိန်ကာလ သတ်မှတ်ပေးနိုင်မည့်စသည်ဖြင့် ပြုပြင်ပြောင်းလဲနိုင်ရန် မိမိတို့အကြံပေးအဖွဲ့များ၊ ပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးနေပါကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် OSS ရုံးတွင် လက်တွေ့ဆောင်ရွက်နေသည့် ဝန်ထမ်းများဖြစ်၍ အားသာချက်များ၊ အားနည်းချက်များကို သိမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း။

ထို့ကြောင့် OSS ရုံးများ အရည်အသွေးမြှင့်တင်ရေးနှင့် ပိုမိုအောင်မြင်စွာ ဖွင့်လှစ်နိုင်ရေးတို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဌာနဆိုင်ရာများ၏ ပံ့ပိုးကြီးကြပ်ကွပ်ကဲမှုများနှင့် ဗဟိုချုပ်ကိုင်မှုများလျှော့ချ၍ လုပ်ထုံးလုပ်နည်းအချို့ကို ဖြေလျှော့ပေးရန် လိုအပ်သည့်အပြင် လုပ်ငန်းများကိုလည်း အထောက်အကူဖြစ်စေရန် လုပ်ထုံးလုပ်နည်း စံနှုန်း (SOP) ရေးဆွဲနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ဝန်ထမ်းများအနေဖြင့် အကြံပြုလိုသည်များရှိပါက တိုင်းအုပ်ချုပ်ရေးမှူးမှတစ်ဆင့်ဖြစ်စေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှတစ်ဆင့်ဖြစ်စေ၊ မိမိဝန်ကြီးရုံးအဖွဲ့ထံ တိုက်ရိုက်ဖြစ်စေ ပေးပို့နိုင်ပါကြောင်း။

**သီးခြားကဏ္ဍတစ်ခုဖွင့်လှစ်**

ယခုဆိုလျှင် မိမိတို့ရုံးအဖွဲ့မှ Facebook လူမှုကွန်ရက်တွင် ဝန်ကြီးဌာန Page ဖွင့်ထားပါကြောင်း၊ ယင်းကိုလည်း တိုက်ရိုက်ပေးပို့ အကြံပြုနိုင်ပါကြောင်း၊ မကြာမီလွှင့်တင်မည့်ဝန်ကြီးဌာန Website တွင်လည်း အကြံပြုစာနှင့် တိုင်ကြားစာအတွက် သီးခြားကဏ္ဍတစ်ခု ဖွင့်လှစ်ပေးသွားမည်ဖြစ်ပါကြောင်း၊ e-Government စနစ်ကို အထောက်အကူပြုနိုင်ရန် ရုံးမှတ်တမ်းထိန်းသိမ်းရေး၊ ဌာနမှပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများကို IT နည်းပညာသုံး၍ ပိုမိုထိရောက်စွာ ဆောင်ရွက်ရန် Software များ၊ Application များ ရေးဆွဲသွားရန် စီစဉ်ဆောင်ရွက်နေပါကြောင်း။

မိမိတို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းများအားလုံးအတွက် အရေးကြီးသည့် ဝန်ထမ်းပြောင်းရွှေ့ရေးမှု၊ လူသားအရင်းအမြစ်များကို စီမံခန့်ခွဲမှုစနစ်ကို ပွင့်လင်းမြင်သာမှုရှိအောင် ညီတူညီမျှဖြစ်အောင် ပြောင်းလဲပြင်ဆင်နိုင်ရန်လည်း ဆောင်ရွက်နေပါကြောင်း၊ ထို့အပြင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကလည်း Pilot Project အနေဖြင့် ဝန်ကြီးဌာနများတွင် Corruption Prevention Unit(CPU)များ ဖွဲ့စည်းရန် ဆောင်ရွက်နေသည်များ ရှိပါကြောင်း။

မိမိတို့ဝန်ကြီးဌာနမှလည်း မကြာမီ အဆိုပါ CPU ကို ဖွဲ့စည်းသွားမည်ဖြစ်ပြီး အဂတိတရား လျော့နည်းပပျောက်ရေးအတွက် မဖြစ်ခင် ကြိုတင်ကာကွယ်ရန်၊ တိုင်ကြားနိုင်သည့်စနစ်ထားရှိရန်၊ ကျော်စောသတင်းထွက်လျှင် ခေါ်ယူသတိပေးရန်၊ အဂတိဖြစ်တတ်သည့် နယ်ပယ်များကို ဖော်ထုတ်ထိန်းချုပ်ရန်အတွက် စီမံချက်ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဆွေးနွေးဆောင်ရွက်**

ထို့အတူ မိမိတို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အရည်အချင်း၊ စွမ်းဆောင်ရည်များ မြှင့်တင်ပေးရန်ကိုလည်း ဆောင်ရွက်နေပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် အဓိကကျပြီး ၂၀၀၃ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့သည့် အုပ်ချုပ်ရေးပညာ ဖွံ့ဖြိုးမှုသင်တန်းကျောင်း(Institute of Development Administration)ကို အဆင့်မြှင့်တင်ရန်နှင့် ဖွဲ့စည်းပုံပြင်ဆင်ရန်၊ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် ဆွေးနွေး၍ သင်ရိုး၊ သင်ခန်းစာ၊ သင်တန်းများ ပြောင်းလဲရန်၊ နိုင်ငံတကာအဆင့်မီ သင်တန်းကျောင်းများနှင့် ချိတ်ဆက်၍ အုပ်ချုပ်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရန်၊ သင်တန်းကျောင်းကို လိုအပ်သည့် ထောက်ပံ့မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယင်းတို့သည် မိမိတို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြုပြင်ပြောင်းလဲရေးကို စနစ်တကျဖော်ဆောင်သွားမည့် အစီအမံအချို့ကို ဝန်ထမ်းများ သိရှိနားလည်သဘောပေါက်အောင် ရှင်းလင်းချပြခြင်းဖြစ်ပါကြောင်း၊ ယင်းအစီအမံများ၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရမည့် အချိန်တွင် ဝန်ထမ်းများအနေဖြင့် ပြုပြင်ပြောင်းလဲလိုသည့် စိတ်ဓာတ်၊ ခံယူချက်၊ ယုံကြည်ချက်များနှင့် ကြိုးပမ်းဆောင်ရွက်ပေးကြရန် မိမိတို့အနေဖြင့် အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း။

**စာရိတ္တမဏ္ဍိုင်ကို ခိုင်ခိုင်မာမာ တည်ဆောက်**

နိဂုံးချုပ်အနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် နိုင်ငံတော်၏ အဓိကကျသည့် အုပ်ချုပ်ရေးကျောရိုးမဏ္ဍိုင်ကြီးဖြစ်သည်နှင့်အညီ ပြည်သူကို ဗဟိုပြုသည့် အုပ်ချုပ်ရေးယန္တရား တည်ဆောက်ရေးတွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို စံနမူနာပြုဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကိုယ်ကျိုးစီးပွားနှင့် အဂတိတရားကင်းစင်အောင် စာရိတ္တမဏ္ဍိုင်ကို ခိုင်ခိုင်မာမာ တည်ဆောက်ကြစေလိုကြောင်း၊ ပြည်သူနှင့် တွေ့ဆုံပါ၊ တိုင်ပင်ပါ၊ ပြည်သူများထံမှ အကြံဉာဏ်ရယူပြီး ပြည်သူနှင့် တစ်သားတည်း ရပ်တည်ဆောင်ရွက်စေလိုကြောင်း၊ ပြည်သူ့အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို လိုက်နာပြီး လုပ်နေကျအလုပ်များကို ပိုမိုကောင်းမွန်အောင်၊ ပိုမိုထိရောက်အောင် လုပ်နည်း လုပ်ဟန်များကို ပြုပြင်ပြောင်းလဲနိုင်အောင် ကြိုးစားဆောင်ရွက်ကြပါဟု အလေးအနက်ထား တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဝန်ကြီးဌာန၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို လေးစားလိုက်နာဆောင်ရွက်ရန်မှာကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ တရုတ်နိုင်ငံ ချင်းတောင်ရုပ်ရှင်ပြတိုက်တွင် ကြည့်ရှုလေ့လာ

**ချင်းတောင် ဧပြီ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ တစ်ဆင့် ဆန်းတုန်းပြည်နယ် ချင်းတောင်မြို့သို့ ရောက်ရှိကြပြီး ချင်းတောင်ရုပ်ရှင်ပြတိုက်တွင် ကြည့်ရှုလေ့လာကြသည်။



**ကြည့်ရှုလေ့လာ**

၁၉၀၂ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး တရုတ်နိုင်ငံ၏ အစောဆုံးရုပ်ရှင်ရုံဖြစ်ခဲ့သော ချင်းတောင်ရုပ်ရှင်ပြတိုက်တွင် ခေတ်အဆက်ဆက် ရုပ်ရှင်ဆိုင်ရာ ခင်းကျင်းပြသထားရှိမှုများ၊ အခန်းဖွဲ့ပြင်ဆင်ထားသော ရုပ်ရှင်ပြခန်းများကို ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ချင်းတောင်မြို့ယဉ်ကျေးမှုခရီးသွားဌာနနှင့် ချင်းတောင်ရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံနှင့် နည်းပညာဆိုင်ရာများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ ဖိတ်ခေါ်ဆွေးနွေးခဲ့ကြသည်။

ချင်းတောင်မြို့ရှိ ရုပ်ရှင်ပြတိုက်ကို ဂျာမန်ပညာရှင်များက ၁၈၉၉ ခုနှစ်တွင် ပုံစံထုတ်ဒီဇိုင်းရေးဆွဲခဲ့ပြီး ၁၉၀၇ ခုနှစ်တွင် ဆောက်လုပ်ခဲ့သော သုံးထပ်ရုပ်ရှင်ရုံ အဆောက်အအုံဖြစ်သည်။ ယင်းရုပ်ရှင်ရုံအဆောက်အအုံကို ၂၀၁၃ ခုနှစ်တွင် ရှေးမူမပျက်ပြုပြင်မွမ်းမံထိန်းသိမ်းခဲ့ပြီး ပြတိုက်အဖြစ် ခင်းကျင်းပြသထားရှိမှုအပြင် ရုပ်ရှင်ပြခန်းငယ်များပြုလုပ်ပြသခြင်း၊ စားသောက်ဖွယ်ရာ အရောင်းဆိုင် တွဲဖက်ဖွင့်လှစ်ခြင်းများဖြင့် တရုတ်နိုင်ငံ၏ ရှေးအကျဆုံး ရုပ်ရှင်သမိုင်းသက်သေနှင့် ဂုဏ်ယူဖွယ်ရာ ပြယုဂ်တစ်ခုအဖြစ် ထိန်းသိမ်းထားရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲ အနိုင်ရရှိခဲ့သည့် ကိုယ်စားလှယ်လောင်းများစာရင်း ယနေ့ အပြီးသတ်ကြေညာ

**ရန်ကုန် ဧပြီ ၁**

ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်တွင်း၌ မတ် ၃၁ ရက်က ကျင်းပခဲ့သည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲတွင် အနိုင်ရရှိသူကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရွေးကောက်ပွဲ ကော်မရှင်က ယနေ့ အပြီးသတ်ထုတ်ပြန်ကြေညာသည်။



**အနိုင်ရရှိ**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ပွဲတွင် မြို့တော်ကော်မတီဝင်နေရာအတွက် ၂၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ခြောက်ဦးအနိုင်ရရှိခဲ့ကြောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနေရာအတွက် ၉၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ၃၃ ဦး အနိုင်ရရှိခဲ့ကြောင်း၊ မြို့နယ်အဖွဲ့ဝင် (၁) နေရာအတွက် ၇၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ၃၃ ဦး အနိုင်ရရှိခဲ့ကြောင်းနှင့် မြို့နယ်အဖွဲ့ဝင် (၂) နေရာအတွက် ၇၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ၃၃ ဦး အနိုင်ရရှိခဲ့ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရွေးကောက်ပွဲ ကော်မရှင်မှ သိရသည်။

အဆိုပါ ရွေးကောက်တင်မြှောက်ပွဲတွင် မြို့တော်ကော်မတီဝင်နေရာအတွက် မဲဆန္ဒနယ် (၁) မှ ဦးဝင်းမြင့်သန်း၊ မဲဆန္ဒနယ် (၂)မှ ဦးသူရအောင်၊ မဲဆန္ဒနယ် (၃)မှ ဦးစိုးလွင်၊ မဲဆန္ဒနယ် (၄)မှ ဦးစိန်အုန်း၊ မဲဆန္ဒနယ် (၅) မှ ဒေါ်နန့်စုရွှေစင်နှင့် မဲဆန္ဒနယ် (၆)မှ ဦးမင်းဟန်တို့ အသီးသီး အနိုင်ရရှိသွားကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

မြို့တော်ကော်မတီဝင်နေရာအတွက် မဲဆန္ဒနယ် (၆) မှ အနိုင်ရရှိခဲ့သည့် ဦးမင်းဟန်က "နံပါတ်တစ်ကတော့ ကျန်းမာရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်သွားချင်တယ်။ ပြည်သူတွေစားသုံးရန်မသင့်တဲ့ အစားစာတွေကို FDA နဲ့ ပူးပေါင်းပြီး အသိပညာပေးတွေ ဆောင်ရွက်သွားမယ်။ နံပါတ်နှစ်က စည်းကမ်းပိုင်းပါ။ စည်းကမ်းပိုင်းတွေကို ကြပ်ကြပ်မတ်မတ် လုပ်ဆောင်သွားမယ်။ ယာဉ်ကြောကျပ်တာတွေကိုလည်း လုပ်ဆောင်သွားမယ်။ အဲဒါတွေကို အဓိကထားလုပ်သွားမယ်။ မဖြစ်မနေလုပ်ရမယ့် ကိစ္စတွေကလည်းရှိနေပါတယ်။ အမှိုက်ကိစ္စ၊ ရေမြောင်းပိတ်တဲ့ ကိစ္စတွေကိုလည်း လုပ်ဆောင်သွားရမှာပါ"ဟု ပြောသည်။

မြို့တော်ကော်မတီဝင်နေရာအတွက် မဲဆန္ဒနယ် (၄) မှ အနိုင်ရရှိခဲ့သည့် ဦးစိန်အုန်းက "ရွေးကောက်ပွဲမဲဆွယ်ကာလမှာ ပြည်သူကို ဘာကတိပေးခဲ့လဲဆိုတော့ မသန့်ရှင်းသော ထမင်းတစ်လုတ် လုံးဝမစားပါဘူးဆိုတာ ပြောခဲ့ပါတယ်။ အဂတိတရားလေးပါးကင်းရှင်းစွာနဲ့ အလုပ်လုပ်ပါမယ်လို့ ကတိပေးခဲ့တယ်။ ရန်ကုန်မြို့ရဲ့ လိုအပ်ချက်က အလွန်ကြီးတယ်။ ကျွန်တော့်မဲဆန္ဒနယ်မှာတော့ အဓိက နောက်ဖေးလမ်းကြားပဲ။ နောက်ဖေးလမ်းကြားက ကျောက်တံတားမှာဆို တော်တော်သန့်နေပြီ။ ကျွန်တော်တို့လမ်းတွေမှာတော့ တော်တော်များများ ကျန်သေးတယ်။ ဒလတို့၊ ဆိပ်ကြီးခနောင်တို တို့ကျတော့ ရန်ကုန်မြို့နဲ့ယှဉ်ရင် ဖွံ့ဖြိုးတိုးတက်မှုက ကွာဟသွားပြီ။ ဒလဘက်မှာလည်း လိုအပ်ချက်က အများကြီးပဲ။ လုပ်စရာတွေက အများကြီးပါပဲ" ဟု ပြောသည်။

**မဲရုံပေါင်း ၂၈၇၉ ရုံ ဖွင့်လှစ်ကျင်းပခဲ့**

စည်ပင်ရွေးကောက်ပွဲကို ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ် ၃၃ မြို့နယ်တွင် မဲဆန္ဒနယ်ခြောက်ခုသတ်မှတ်ကာ မဲရုံပေါင်း ၂၈၇၉ ရုံ ဖွင့်လှစ်ကျင်းပခဲ့ကြောင်း မဲဆန္ဒနယ် (၁)တွင် တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သဃ်္ဃန်းကျွန်း၊ မဲဆန္ဒနယ် (၂)တွင် ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်ဆိပ်ကမ်း၊ မဲဆန္ဒနယ် (၃)တွင် ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ဒဂုံ၊ ပန်းဘဲတန်း၊ ဗဟန်း၊ လသာ၊ လမ်းမတော်၊ အလုံ၊ တာမွေ၊ ကမာရွတ်၊ ရန်ကင်း၊ မဲဆန္ဒနယ် (၄)တွင် ကျောက်တံတား၊ ဒေါပုံ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ ဒလ၊ ဆိပ်ကြီးခနောင်တို၊ မဲဆန္ဒနယ် (၅) တွင် လှိုင်သာယာ၊ အင်းစိန်၊ မဲဆန္ဒနယ် (၆)တွင် မရမ်းကုန်း၊ လှိုင်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာမြို့နယ်တို့ ပါဝင်ကြကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေအရ ယခုမြို့တော်ကော်မတီဝင်နေရာအတွက် ရွေးကောက်တင်မြှောက်ခံရသည့် ကိုယ်စားလှယ်ခြောက်ဦးထဲမှ တစ်ဦးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်အဖြစ် အစိုးရခန့် မြို့တော်ကော်မတီဝင်ငါးဦးနှင့် ရွေးကောက်ခံခြောက်ဦးတို့က လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

**သတင်း-မင်းသစ်(MNA)**

**ဓာတ်ပုံ-ဇင်မင်း**

# ဂျပန်ဖောင်ဒေးရှင်းရုံးသစ်ဖွင့်ပွဲနှင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဓာတ်ပုံများပြပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၁**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းသွယ်(၁)တွင် ဧပြီ ၁ ရက် ညနေ ၅ နာရီခွဲက ဂျပန်ဖောင်ဒေးရှင်းရုံးသစ်ဖွင့်ပွဲနှင့် ဂျပန်နိုင်ငံ၏ ကမ္ဘာ့ယဉ်ကျေးမှုစာရင်းဝင်သော နေရာဒေသနှင့် အဆောက်အအုံများ၏ ဓာတ်ပုံပြပွဲဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဂျပန်ဖောင်ဒေးရှင်း(ရန်ကုန်)၏ ဒါရိုက်တာဖြစ်သူ Mr. Koji Sato က ဖွင့်လှစ်ပြသသည့် ရည်ရွယ်ချက်များကို ပြောကြားပြီး ဖောင်ဒေးရှင်းရုံးမှဝန်ထမ်းများကို တက်ရောက်လာသူများနှင့် မိတ်ဆက်ပေးသည်။ ဂျပန်ဖောင်ဒေးရှင်းရုံးသစ်ဖွင့်ပွဲတွင် ဂျပန်နိုင်ငံရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဓာတ်ပုံများ၊ ရုပ်ရှင်၊ ဂီတနှင့် အားကစားဆိုင်ရာစာအုပ်များ၊ ဆာမူရိုင်းလက်နက်နှင့် ဝတ်စုံများကိုပြသပြီး ဂီတပွဲများနှင့် တစ်လတစ်ကြိမ် ဂျပန်ရုပ်ရှင်ကို ပရိုဂျက်တာဖြင့် ပြသသွားမည်ဖြစ်သည်။

သမိုင်းကြောင်းများသာမက ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ဂျပန်နိုင်ငံတွင် UNESCO အသိအမှတ်ပြု ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နေရာ ၂၂ နေရာရှိပြီး ၁၈ နေရာမှာ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်စာရင်းဝင်ဖြစ်၍ ကျန်သောလေးနေရာမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အမွေအနှစ်နေရာများဖြစ်ကြောင်း သိရသည်။

အဆိုပါကမ္ဘာ့အမွေအနှစ်စာရင်းဝင် အထင်ကရနေရာများ၏ ရှုမျှော်ခင်းများကို ဂျပန်နိုင်ငံ၏ နာမည်ကြီးဓာတ်ပုံဆရာဖြစ်သော မီဇုနိုခဆုဟိခိုက ရိုက်ကူးထားခြင်းဖြစ်ပြီး ၂၀၀၂ ခုနှစ်အတွက် ဂျပန်နိုင်ငံ Fore Word Magazine က ထောက်ပံ့ချီးမြှင့်သည့် Fore Word စာအုပ်၏ "အိမ်နှင့်ဥယျာဉ်" ဓာတ်ပုံအမျိုးအစားအတွက် ရွှေတံဆိပ်ဆုရရှိခဲ့ကာ ဓာတ်ပုံပေါင်းချုပ်စာအုပ်ပေါင်း ၁၄၀ ကို ထုတ်ဝေခဲ့ကြောင်း သိရသည်။

ဂျပန်ဖောင်ဒေးရှင်းရုံးရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဓာတ်ပုံများကို ဧပြီ ၂ ရက်မှ ၂၇ ရက်အထိ တနင်္လာနှင့်တနင်္ဂနွေနေ့တို့မှအပ နံနက် ၉နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သစ္စာ**

# အမေရိကန်နှင့် ဖိလစ်ပိုင်တပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်

**မနီလာ မေ ၁**

အမေရိကန်နှင့် ဖိလစ်ပိုင်တပ်ဖွဲ့များ၏ နှစ်စဉ်ပြုလုပ်မြဲဖြစ်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို မေ ၁ ရက်တွင် စတင်ပြုလုပ်သည်။ ယင်းတပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်သည့်နေရာမှာ ပိုင်ဆိုင်မှုအငြင်းပွားမှုများရှိနေသည့် တောင်တရုတ်ပင်လယ်ဒေသတွင်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ဘာလီကာတန်ဟု အမည်ပေးထားသည့် ယင်းစစ်ရေးလေ့ကျင့်မှုစတင်သည့် အခမ်းအနားကို ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာတွင် မေ ၁ ရက်က ကျင်းပခဲ့သည်။

ယင်းစစ်ရေးလေ့ကျင့်မှုသည် ၁၂ ရက်ကျော်ကြာမြင့်မည်ဖြစ်ပြီး အမေရိကန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ တပ်ဖွဲ့ဝင်အင်အား ၇၅၀၀ ပါဝင်ကာ ကုန်းနှင့်ရေ ချေမှုန်းရေးလေ့ကျင့်ခန်းများကို ကျည်အစစ်များအသုံးပြု ပစ်ခတ်လေ့ကျင့်သွားမည်ဖြစ်သည်။ တရုတ်နှင့် ဖိလစ်ပိုင် နှစ်နိုင်ငံတို့က ပိုင်ဆိုင်ကြောင်း အပြန်အလှန်ကြေညာထားသည့် ဒေသနှင့်နီးကပ်နေသည့် စစ်အခြေစိုက်စခန်းတစ်ခုအနီးတွင် ယင်းစစ်ရေးလေ့ကျင့်မှုကို ပြုလုပ်သွားမည်ဖြစ်သည်။

ဘာလီကာတန်စစ်ရေးလေ့ကျင့်မှုသည် ဒေသတွင်းရှိ မည်သည့်နိုင်ငံကိုမျှ ရည်ရွယ်ခြင်းမရှိကြောင်း၊ ယင်းစစ်ရေးလေ့ကျင့်မှု၏ရည်မှန်းချက်မှာ ဖိလစ်ပိုင်၊ အမေရိကန်နှင့် သြစတြေးလျနိုင်ငံသားတို့၏ ပူးတွဲလုပ်ဆောင်မှုဖြင့် ၎င်းတို့အကြား ပိုမိုကောင်းမွန်သည့် ပူးပေါင်းလုပ်ဆောင်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ရရှိရေးပင်ဖြစ်ကြောင်း အမေရိကန်ကမ်းတက်တပ်ဖွဲ့မှ ဗိုလ်မှူးချုပ်ခရစ္စမတ်ခ်ဖိလစ်က ပြောကြားသည်။

တရုတ်နိုင်ငံနှင့် ဆက်ဆံရေးတိုးတက်မှုရရှိစေရန် ကြိုးပမ်းသည့်အနေဖြင့် ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေးက ၂၀၁၇ ခုနှစ်တွင် အမေရိကန်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ယာယီရပ်ဆိုင်းခဲ့ပြီးနောက် အမေရိကန်နှင့် ဖိလစ်ပိုင်တပ်ဖွဲ့များ ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို ဒုတိယနှစ်အဖြစ် လုပ်ဆောင်ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**





# ဂိုလန်ကုန်းမြင့်အား အစ္စရေးတို့ အချုပ်အခြာအာဏာပိုင်ကြောင်း အမေရိကန်၏ဆုံးဖြတ်ချက် အာရပ်ခေါင်းဆောင်များ ငြင်းဆို

**ကျူးနစ် မေ ၁**

ဂိုလန်ကုန်းမြင့်အား အစ္စရေးနိုင်ငံက အချုပ်အခြာအာဏာပိုင်ကြောင်း အသိအမှတ်ပြုရန် အမေရိကန်၏ ဆုံးဖြတ်မှုကို မတ် ၃၁ ရက်က တူနီးရှားနိုင်ငံ၏မြို့တော် ကျူးနစ်တွင် ကျင်းပသည့် အကြိမ် ၃၀ မြောက် အာရပ်အဖွဲ့ချုပ် ထိပ်သီးအစည်းအဝေးတွင် အာရပ်ခေါင်းဆောင်များက ပြင်းထန်စွာ ငြင်းဆိုလိုက်ကြောင်း ယနေ့ ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြထားသည်။

အာရပ်နိုင်ငံများက ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ ဖြေရှင်းချက်မူကြမ်းကို တင်သွင်းလိမ့်မည်ဖြစ်ကြောင်းနှင့် အမေရိကန်၏ တရားမဝင်နှင့် မမှန်မကန်အသိအမှတ်ပြုမှုအပေါ် အပြည်ပြည်ဆိုင်ရာ တရားရုံး၏ သဘောထားမှတ်ချက်ကိုလည်း တောင်းဆိုသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ချက်တစ်ရပ်တွင် အာရပ်ခေါင်းဆောင်များက ပြောကြားခဲ့သည်။

ဆီးရီးယားတို့ သိမ်းပိုက်ထားသော ဂိုလန်ကုန်းမြင့်အား အစ္စရေး၏ အချုပ်အခြာအာဏာပိုင်ကြောင်း အသိအမှတ်ပြုမည့် အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ လှုပ်ရှားမှုသည် ယခုနှစ်ကျင်းပသည့် အာရပ်အဖွဲ့ချုပ် ထိပ်သီးအစည်းအဝေးတွင် ဦးစားပေးဆွေးနွေးသည့် အစီအစဉ်ဖြစ်သည်။ ဆီးရီးယား၏ အာရပ်အဖွဲ့ချုပ်အဖွဲ့ဝင်ဖြစ်မှု ပြန်လည်အသက်ဝင်စေမည်လား ဆိုသည့် အာရပ်ခေါင်းဆောင်တို့၏ စိတ်ဝမ်းကွဲမှုများ ဖြစ်ပေါ်နေသော်လည်း အာရပ်ခေါင်းဆောင်များကမူ အမေရိကန်၏လှုပ်ရှားမှုကို ငြင်းပယ်ရာတွင် ၎င်းတို့၏စည်းလုံးမှုကိုပြသခဲ့သည်။

အရှေ့အလယ်ပိုင်းတွင် အမေရိကန်၏မူဝါဒပြောင်းလဲမှုကို ဖြစ်စေသော အငြင်းပွားဂိုလန်ကုန်းမြင့်အပေါ် အစ္စရေးတို့ အချုပ်အခြာအာဏာပိုင်ကြောင်း အသိအမှတ်ပြုကြေညာချက်တစ်ရပ်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က မတ် ၂၅ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုကမူ ထရန့်၏လှုပ်ရှားမှုကို ကြိုဆိုကြောင်း၊ သမိုင်းဝင်အသိအမှတ်ပြုမှုကို တောင်းဆိုကြောင်းနှင့် သမ္မတထရန့်ကဲ့သို့ ကြီးမြတ်သည့်မိတ်ဆွေကောင်းတစ်ဦးကို ဘယ်တုန်းကမျှ မိမိတို့ မရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံက သူလျှိုဂြိုဟ်တုလွှတ်တင်

**နယူးဒေလီ မေ ၁**

အိန္ဒိယနိုင်ငံက သူလျှိုဂြိုဟ်တု တစ်လုံးကို အခြားနိုင်ငံများမှ ဂြိုဟ်တု ၂၈ လုံးနှင့်အတူ ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

အဆိုပါ သူလျှိုဂြိုဟ်တုအား ပါကစ္စတန် တပ်ဖွဲ့များအား စောင့်ကြည့် မှတ်တမ်းတင်ကာ ထောက်လှမ်းရေးဆိုင်ရာ သတင်းအချက်အလက်များ စုဆောင်းရေးအတွက် အိန္ဒိယနိုင်ငံက အသုံးပြုသွားဖွယ်ရှိကြောင်း ခွဲခြမ်းစိတ်ဖြာလေ့လာသူများက ပြောကြားကြသည်။

ယင်းသူလျှိုဂြိုဟ်တု အီးအမ်အိုင်အက်စ်အေတီကို အခြားဂြိုဟ်တု ၂၈ လုံးနှင့်အတူ ဒုံးယာဉ်တစ်စင်းတည်းဖြင့် နိုင်ငံတောင်ပိုင်းရှိ အန်ဒရာပရာဒေ့ရှ်ပြည်နယ်မှ မေ ၁ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ယင်းဂြိုဟ်တုမှ ရေဒါထောက်လှမ်းမှုများနှင့် ရန်သူ့အခြေစိုက်စခန်းမှ ရရှိသော ထောက်လှမ်းရေးဆိုင်ရာ အချက်အလက်များကို ဖမ်းယူထုတ်လွှင့်ပေးမည်ဟု ဒေသတွင်း သတင်းဌာနများက ပြောကြားသည်။

အိန္ဒိယနှင့် ပါကစ္စတန်နှစ်နိုင်ငံတို့က ပိုင်းခြားထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသအရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံအကြား အငြင်းပွားမှုကြီးမားစွာရှိနေပြီး စစ်ရေးအရ တင်းမာမှုများရှိနေကြသည်။ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက အိန္ဒိယက ထိန်းချုပ်သည့် ကက်ရှ်မီးယားဒေသတွင် အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ပြီး အိန္ဒိယတပ်ဖွဲ့ဝင် ၄၀ သေဆုံးခဲ့ရသည်။ ယင်းအသေခံဗုံးဖောက်ခွဲမှုကို ပါကစ္စတန်အခြေစိုက် အစ္စလာမ်အစွန်းရောက် အဖွဲ့တစ်ဖွဲ့က ၎င်းတို့ ပြုလုပ်ခဲ့ကြောင်း ကြေညာခဲ့ပြီး ယင်းဖြစ်ရပ်မှာ နှစ်နိုင်ငံဆက်ဆံရေးတွင် တင်းမာမှုများဖြစ်စေခဲ့သည့် ခလုတ်ကန်သင်းဖြစ်ခဲ့ရသည်။

အိန္ဒိယနိုင်ငံက လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း၌ ကမ္ဘာပတ်လမ်းကြောင်းအတွင်း ပျံသန်းနေသော ဂြိုဟ်တုတစ်လုံးကို ဒုံးကျည်ဖြင့် စမ်းသပ်ပစ်ခတ်မှု ပြုလုပ်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# ယီမင်နိုင်ငံတောင်ပိုင်း၌ အစိုးရတပ်ဖွဲ့များနှင့် ဟူသီသူပုန်များတိုက်ပွဲဖြစ်၊ ဒါဇင်ပေါင်းများစွာ သေဆုံး

**ဆာနား မေ ၁**

ယီမင်နိုင်ငံတောင်ပိုင်း ဒါလီယာပြည်နယ်တွင် မတ် ၃၁ ရက်က ယီမင်အစိုးရတပ်ဖွဲ့များနှင့် ဟူသီသူပုန်တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ ယီမင်တပ်ဖွဲ့ဝင် ၁၃ ဦး နှင့် ဟူသီသူပုန်ဦးရေဒါဇင်များစွာ သေဆုံးခဲ့ကြောင်း အစိုးရသတင်းရပ်ကွက်က ပြောကြားသည်။

### ပြင်းထန်စွာဖြစ်ပွားခဲ့

ဟူသီသူပုန်များ ထိန်းချုပ်ထားသည့် မြို့တော် ဆာနား၏တောင်ဘက် ၂၄၅ ကီလိုမီတာအကွာရှိ ဒါလီယာပြည်နယ်တွင် လွန်ခဲ့သည့် သုံးရက်အတွင်း၌ ဟူသီသူပုန်များက နေရာအချို့ကို သိမ်းယူထိန်းချုပ်ခဲ့ပြီးနောက်တွင် ယီမင်အစိုးရတပ်ဖွဲ့များနှင့် ဟူသီသူပုန်တို့ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မတ် ၃၁ ရက်က ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများတွင် ယီမင်အစိုးရတပ်ဖွဲ့များက သူပုန်များ သိမ်းယူထားသည့်နေရာအချို့အား ပြန်လည်သိမ်းယူခဲ့ရာမှ ဟူသီသူပုန်များ အများအပြားသေဆုံးခဲ့ရခြင်းဖြစ်သည်။

ယီမင်နိုင်ငံတွင် ဟူသီသူပုန်များက နိုင်ငံတကာမှ အသိအမှတ်ပြုထားသည့် သမ္မတ အက်ဒရာဘူမန်ဆောဟာဒီ၏ အစိုးရကို ပုန်ကန်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၂၀၁၄ ခုနှစ်နောက်ပိုင်းတွင် ပြည်တွင်းစစ် စတင်ဖြစ်ပွားခဲ့သည်။

### လူအသေအပျောက်များပြား

ဟူသီသူပုန်များက ၎င်းတို့၏ အမာခံနယ်မြေဖြစ်သည့် ယီမင်နိုင်ငံမြောက်ပိုင်း ဆာဒါပြည်နယ်မှ နိုင်ငံတောင်ပိုင်းဆီသို့ နယ်မြေများ သိမ်းယူချီတက်ခဲ့ပြီး မြို့တော်ဆာနားအပါအဝင် ယီမင်နိုင်ငံမြောက်ပိုင်းရှိ နယ်မြေများကို ထိန်းချုပ်ထားခဲ့သည်။ ယင်းသို့ သိမ်းယူခြင်းဖြင့် ယီမင်နိုင်ငံတွင် လူအသေအပျောက်များပြားသည့် ပြည်တွင်းစစ်ကို ဖြစ်ပေါ်စေခဲ့သည်။

**ဆင်ဟွာ**

❁ **ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်မှ**

ငြိမ်းချမ်းရေးဓမ္မသဘင်ကို မေ ၁ ရက်မှ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မေ ၂ ရက်တွင် ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ၊ မေ ၃ ရက်တွင် တောင်စွန်းဆရာတော် ဓမ္မဘေရီအရှင်ဝီရိယ၊ မေ ၄ ရက်တွင် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိက၊ မေ ၅ ရက်တွင် အောက်စဖို့ဒ်ဆရာတော် ဒေါက်တာအရှင်ဓမ္မသာမိ စသည့်ဆရာတော်ကြီးများက တရားအလှူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရင်ငွေ့တော်လှုံအပူဇော်ခံလျက်ရှိ**

နေပြည်တော်ရှိ ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ဉာဏ်တော်အမြင့် ၆ ပေ၊ အလျား ၅ ပေရှိ စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူနှင့် ဉာဏ်တော်အမြင့် သုံးပေရှိ စကျင်ဗုဒ္ဓရုပ်ပွားတော် တစ်ဆူတို့အား ရဟန်းရှင်လူပြည်သူအများ ကုသိုလ်ယူပူဇော်နိုင်ရန်အတွက် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မေတ္တာရိပ်အောက်တွင် မေ ၁ ရက်မှ ၁၈ ရက်အထိ ရင်ငွေ့တော်လှုံ အပူဇော်ခံလျက်ရှိရာ ယနေ့တွင် ရဟန်းရှင်လူပြည်သူအများက လာရောက်ဖူးမြော်ကြည်ညိုလျက် စေတီတော်ကြီးတည်ထားကိုးကွယ်ရေးအတွက် အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းကြပြီး ဝတ်အသင်းအဖွဲ့များကလည်း ဝတ်ရွတ်ပူဇော် ကုသိုလ်ယူလျက်ရှိသည်။

**သတင်းစဉ်**

❖ **တိုကျိုအိုလံပစ်အမျိုးသမီးမှ**

နောက်ဆုံးပွဲကို တစ်ချိန်တည်း ကစားရမည်ဖြစ်သောကြောင့် ဗထူးကွင်း၌ပါ ကျင်းပခြင်းဖြစ်ကာ အိမ်ရှင် မြန်မာအသင်းပွဲကို မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရသည့် တစ်သင်းစီသာ တတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲပထမအဆင့်တွင် တွေ့ဆုံခဲ့သည့် နီပေါ၊ အိန္ဒိယတို့နှင့် ထပ်မံတွေ့ဆုံနေပြီး တတိယအဆင့်သို့ တက်ရောက်ရန် ရေပန်းစားလျက်ရှိသည်။ ပထမအဆင့်တွင် မြန်မာအသင်းသည် အိန္ဒိယအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး နီပေါအသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲမတိုင်မီ ထိုက်သင့်သည့်ပြင်ဆင်မှုများ ပြုလုပ်ထားပြီး ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ထားသလို နိုင်ငံတကာခြေစမ်းပွဲများလည်း ယှဉ်ပြိုင်ကစားထားသည်။ မြန်မာအမျိုးသမီးအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် လေးလနီးပါး အချိန်ယူပြင်ဆင်ထားပြီး ခြေစစ်ပွဲစတင်ခါနီး နှစ်ပတ်ကျော်အလိုတွင် ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သောကြောင့် အကျိုးရှိသည့် ခြေစမ်းပွဲဖြစ်ခဲ့သည်။

ဒုတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်းသည် အိန္ဒိယ၊ နီပေါ၊ အင်ဒိုနီးရှားတို့နှင့် ကျရောက်နေပြီး ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုပွဲများကို နှစ်ရက်ခြား ကစားမည်ဖြစ်ပြီး မေ ၃ ရက် ညနေ ၃ နာရီတွင် အိန္ဒိယနှင့် အင်ဒိုနီးရှား၊ ညနေ ၆ နာရီတွင် မြန်မာနှင့် နီပေါ၊ မေ ၆ ရက် ညနေ ၃ နာရီတွင် အိန္ဒိယနှင့် နီပေါ၊ ညနေ ၆ နာရီတွင် မြန်မာနှင့် အင်ဒိုနီးရှား၊ မေ ၉ ရက် ညနေ ၃ နာရီခွဲတွင် မြန်မာနှင့် အိန္ဒိယ၊ နီပေါနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

❒ **ဟောင်ကောင် ယူ-၁၈ မှ**

စင်ကာပူ၊ ဟောင်ကောင်နှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၅ အသင်းမှာမူ ယခုလအတွင်း နိုင်ငံတကာပြိုင်ပွဲနှစ်ခု ဆက်တိုက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မေ ၆ ရက်မှ ၁၀ ရက်အထိ တရုတ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည်ဖြစ်ပြီး သင်္ကြန်အပြီးတွင် ဟောင်ကောင် ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား တာကူမူက ကိုင်တွယ်လျက်ရှိသည်။

မြန်မာ ယူ-၁၈ အသင်းသည် ပြီးခဲ့သည့် ရက်ပိုင်းကမှ ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး အာရှထိပ်သီး တရုတ် ယူ-၁၉ အသင်း၊ အာဆီယံထိပ်သီး ထိုင်း၊ ဗီယက်နမ် ယူ-၁၉ အသင်းများနှင့် ယှဉ်ပြိုင်ကစားခဲ့သောကြောင့် အကျိုးရှိသည့်ပြိုင်ပွဲ ဖြစ်ခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းမှ ကစားသမားအများစုမှာ ၁၆၊ ၁၇ နှစ်ဝန်းကျင်ဖြစ်သောကြောင့် မြန်မာအသင်းအတွက် အကျိုးရှိသည့်ပြိုင်ပွဲဖြစ်ခဲ့ခြင်းဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဦးစိုးမြတ်မင်းက ကိုင်တွယ်နေပြီး ဖိတ်ခေါ်ပြိုင်ပွဲနှစ်ခု ဆက်တိုက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ယင်းနှစ်သင်းစလုံးသည် ယခုနှစ်အတွင်း ကျင်းပမည့် အာဆီယံပြိုင်ပွဲနှင့် အာရှခြေစစ်ပွဲများအတွက် ပြင်ဆင်နေခြင်းဖြစ်သည်။

**ရှိုင်းထက်ဇော်**

# အပြန်အလှန်သွင်းဂိုးများဖြင့် ရခိုင်နှင့် စစ်ကိုင်းအသင်း သရေကျ

**ရန်ကုန် မေ ၁**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရခိုင်နှင့် စစ်ကိုင်းအသင်း သရေကျပြီး Southern အသင်း အနိုင်ရခဲ့သည်။

**(ဝေဿလီကွင်း)**

**ရခိုင်အသင်း - သုံးဂိုး**

**စစ်ကိုင်းအသင်း - သုံးဂိုး**

ယခုရာသီတွင် ခြေစွမ်းပြနေသည့် အသင်းနှစ်သင်း၏ တွေ့ဆုံမှုမှာ အကြိတ်အနယ်ရှိခဲ့ပြီး အပြန်အလှန်သွင်းဂိုးများဖြင့် သရေကျခဲ့သည်။ စစ်ကိုင်းအသင်းသည် အဝေးကွင်း၌ နိုင်ပွဲရယူနိုင်ရန် နီးစပ်ခဲ့သော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးကြောင့် သရေကျခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး နိုင်ငံခြားသားကစားသမားများ အပါအဝင် လူစုံအသုံးပြုခဲ့ပြီး ပွဲအစ ၁၁ မိနစ်မှာပင် ဖရိုင်းဒေးက စစ်ကိုင်းအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ စစ်ကိုင်းအသင်း၏ ဦးဆောင်မှုမှာ ခြောက်မိနစ်သာကြာခဲ့ပြီး ၁၇ မိနစ်တွင် အောင်ကျော်သူက ရခိုင်အတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ချေပဂိုးရပြီးနောက်ပိုင်းတွင် ရခိုင်အသင်း ကစားပုံပိုကောင်းလာပြီး ၂၄ မိနစ်တွင် ဆင်မြူရယ်က ဒုတိယဂိုးထပ်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့သလို ၃၉ မိနစ်တွင် သန့်ဇင်ဝင်းက စစ်ကိုင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် စစ်ကိုင်းအသင်းက ပိုဖိကစားနိုင်ခဲ့ပြီး မိနစ် ၇၀ တွင် ဖရိုင်းဒေးက တတိယဂိုးသွင်းယူခဲ့သည်။ စစ်ကိုင်းအသင်းသည် အနိုင်ရလဒ်ကိုထိန်းရန် ကြိုးပမ်းခဲ့ပြီး ပွဲပြီးခါနီးတွင် ချေပဂိုးပြန်ပေးလိုက်ရသည်။ ရခိုင်အသင်းအတွက် အဖိုးတန်ချေပဂိုးကို ၉၀+၅ မိနစ်တွင် ကီဇင်က သွင်းယူခဲ့သည်။

မော်လမြိုင်ကွင်း၌ ကျင်းပသည့်ပွဲတွင် Southern အသင်းက မကွေးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပထမပိုင်းတွင် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ၄၇ မိနစ်တွင် ကောင်းစည်သူက ပယ်နယ်တီမှတစ်ဆင့် Southern အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသောကြောင့် မကွေးအသင်းတိုက်စစ်မြှင့်လာပြီး ၆၂ မိနစ်တွင် နေမျိုးအောင် ဖြတ်တင်ဘောကို Southern အသင်းနောက်ခံလူ ဖျက်ထုတ်ရာမှ ဂိုးထဲဝင်သွားခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၈၇ မိနစ်တွင် Southern အသင်း အနိုင်ဂိုးရခဲ့ကာ ကောင်းစည်သူက သွင်းယူခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၆) အပြီးတွင် ဟံသာဝတီအသင်းက ၁၃ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်နှင့် ဧရာဝတီအသင်းက ၁၂ မှတ်စီ၊ ရတနာပုံအသင်းက ၁၁ မှတ်၊ ရန်ကုန်အသင်းက ၁၀ မှတ်၊ စစ်ကိုင်းနှင့် ရခိုင်အသင်းက ကိုးမှတ်စီ၊ Southern အသင်းက ခုနစ်မှတ်၊ ဇွဲကပင်အသင်းက ခြောက်မှတ်၊ မကွေးအသင်းက လေးမှတ်၊ ဒဂုံအသင်းက သုံးမှတ်၊ Chinland အသင်းက တစ်မှတ်ရထားသည်။

**ရှိုင်းထက်ဇော်**

## တောင်ငူ၌ ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**တောင်ငူ မေ ၁**

ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ မတ် ၃၁ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ဗန်ကောက်ဆေးရုံကြီးတောင်ငူရုံးခွဲ တာဝန်ခံ ဒေါက်တာဝင်းရဲခိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး ဗန်ကောက်ဆေးရုံကြီးမှ အရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး Dr.Boonyarak Visutipol နှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီး Dr. Komdej Thanavachirasin တို့နှစ်ဦးက "ဒူးဆစ်ပွန်းစားရောင်ရမ်းခြင်းအကြောင်း သိကောင်းစရာ"များနှင့် ခေတ်မီနည်းကို အသုံးပြုပြီး သေးငယ်သောခွဲစိတ်ရာဖြင့် ခွဲစိတ်ကုသနည်းများအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောခဲ့ရာ ကျန်းမာရေးဆိုင်ရာ သိရှိလိုသည်များကို အထူးကုဆရာဝန်ကြီးများနှင့် တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးခဲ့ကြသည်။

ကျန်းမာရေးအသိပညာပေးဟောပြောပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်တင်တင်ဝင်း၊ ပဲခူးတိုင်းဒေသကြီး သတင်းစာဆရာအသင်းနာယက ဦးကျော်လှ (သမာဓိ)၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့်ဇနီး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တောင်ငူမြို့နယ်အတွင်းရှိ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျန်းမာရေး စိတ်ပါဝင်စားကြသည့်ပြည်သူများ တက်ရောက်ခဲ့ကြသည်။




၁၂၉



မေ ၁ ရက် နံနက်ပိုင်းက စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၉) ကျောင်းဆင်းနှစ်ပတ်လည် (၃၁)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ ဆွမ်းနှင့် ဆေးပဒေသာပင် လှူဒါန်းငွေကျပ် ၁၁၃၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ လက်ခံစဉ်။ သတင်းစဉ်

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဆင်းပွဲကျင်းပ

**ကဝ မေ ၁**

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ Mobile School Computer သင်တန်းဆင်းပွဲကို ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် အုန်းနဲ့ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ မတ် ၂၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသားများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကာ သင်တန်းဆင်းလက်မှတ်များကို မြို့နယ်ဦးစီးမှူးက သင်တန်းသားအားလုံး၏ကိုယ်စား သင်တန်းသားတစ်ဦးအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ငြိမ်းချမ်း(ပြန်/ဆက်)**

# ငါ့သရောက်မြို့၌ သဘာဝမြေဆွေး ပြုလုပ်သုံးစွဲခြင်း လက်တွေ့သရုပ်ပြ

**ငါ့သရောက် မေ ၁**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ ဆည်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စိုက်ပျိုးရေးဝန်ထမ်းများသည် ဆည်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ တောင်သူများအား မေ ၁ ရက် မွန်းလွဲ ၁ နာရီတွင် သဘာဝမြေဆွေးပြုလုပ်သုံးစွဲခြင်း လက်တွေ့သရုပ်ပြခြင်းနှင့် ဟောပြောပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သဘာဝမြေဆွေးပြုလုပ်ခြင်းနှင့် ဟောပြောပွဲသို့ ဆည်ကျေးရွာ၊ တဲမကျေးရွာ၊ အောင်သာကျေးရွာနှင့် တမာခါးကျေးရွာများမှ တောင်သူများ တက်ရောက်ကြပြီး မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွေးက မိမိတို့ လယ်ယာမြေများ မြေအရည်အသွေးညံ့ဖျင်းခြင်းမှ ကာကွယ်နိုင်ရန် သဘာဝမြေဆွေးပြုလုပ်သုံးစွဲသင့်ကြောင်း ပြောသည်။

မိမိပတ်ဝန်းကျင်မှရရှိသည့် ပစ္စည်းများဖြစ်သော သီးနှံစွန့်ပစ်ပစ္စည်း ကောက်ရိုး၊ နှမ်းရိုး၊ မြေပဲခွံ၊ ပေါင်းမြက်၊ အမှိုက်သရိုက်များ၊ သဘာဝမြေဩဇာများဖြစ်သည့် နွားချေး၊ ဆိတ်ချေး၊ ကြက်ချေး၊ ဝက်ချေးနှင့် EM (Effect Microorganism) နှင့် တင်လဲရေ(သို့မဟုတ်) ထန်းလျက်ကျိုရေ၊ ပုလဲမြေဩဇာအနည်းငယ်၊ ပလတ်စတစ်အကြီး(သို့မဟုတ်)မိုးကာအကြီးတစ်ချပ်ဖြင့် သဘာဝမြေဩဇာမြေဆွေးပြုလုပ်ပုံအဆင့်ဆင့်အား လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

## မြို့နယ်များ၌ မီးလောင်မှုဖြစ်ပွား

**မြိတ်**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စု အေးချမ်းသာယာရပ်ကွက်တွင် ဦးမင်းဟိုပိုင်ဆိုင်ပြီး ဒေါ်ဇင်မာနိုင် ငှားရမ်းနေထိုင်သည့် နေအိမ်မှစတင်၍ မတ် ၃၁ ရက် ည ၈ နာရီ ၅ မိနစ်က မီးစတင်လောင်ခဲ့ရာ လူနေအိမ်နှစ်လုံးမီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၎င်းနေအိမ်၌ ဘုရားမီးပူဇော်ထားသော အမွှေးတိုင်မီးကျိုးပြီးပြီး ဘုရားစင်အောက်ရှိ ခေါင်းအုံးပေါ်သို့ကျရာမှ မီးလောင်မှုဖြစ်ပွားကာ ကပ်လျက်ရှိသော ပျဉ်ခင်းတစ်ထပ်နေအိမ်ပါ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်ရာသို့ မီးသတ်ဦးစီးဌာနနှင့် အရန်မီးသတ်စခန်းများမှ မီးငြှိမ်းသတ်ယာဉ်နှင့်ရေသယ်ယာဉ် စုစုပေါင်း ၂၅စီးဖြင့် မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်း ဦးဆောင်၍ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူများပူးပေါင်းငြှိမ်းသတ်ခဲ့ရာ ည ၈ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့သည်။

**မြိတ် (ပြန်/ဆက်)**

**မုံရွာ**

မုံရွာမြို့ ကြက်မွေးမြူရေးဇုန်တွင် မတ် ၃၁ ရက် မွန်းလွဲ ၁ နာရီခန့်က ခတ်အားလိုင်းကြိုးမှ မီးလောင်မှုဖြစ်ပွားရာ မြေစိုက်ကြက်ခြံဟောင်းတစ်လုံး၊ အကာမပါမြေစိုက်တဲတစ်လုံး မီးလောင်ဆုံးရှုံးကြောင်း သိရသည်။

"ဒေါ်ညွှန့်ညွှန့်သူ အိမ်မှာရှိတဲ့ မော်တာမှာ သွယ်ထားတဲ့ ဝိုင်ယာကြိုးကနေ ရှော့ဖြစ်ပြီး မီးလောင်တာပါ" ဟု မုံရွာခရိုင် မီးသတ်တပ်ဖွဲ့တာဝန်ရှိသူက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

**မိုးကုတ်**

မိုးကုတ်မြို့ ဘော်လုံးကြီးကျေးရွာတွင် မတ် ၃၁ ရက် ည ၉ နာရီ ၁၅ မိနစ်က ဌေးပိုင်ကျောက်မျက်ကုမ္ပဏီဝင်းအတွင်း မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ၎င်းကျောက်မျက်ကုမ္ပဏီနှင့် ကျေးရွာမှ ခဲစာရှေး (ကျောက်ရှာ) သောအဖွဲ့တို့ အငြင်းပွားမှုဖြစ်ပွားပြီး ကုမ္ပဏီပိုင်မော်တော်ယာဉ်နှစ်စီး၊ မော်တော်ဆိုင်ကယ်ငါးစီးနှင့် အဆောက်အအုံ ငါးလုံးတို့ကို မီးရှို့ရာမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ ခြင်းဖြစ်သည်။ အဆိုပါမီးကို ည ၁၀နာရီခွဲတွင် မီးစတင်ငြှိမ်းသတ်ခဲ့ရာ ၁၁ နာရီ မိနစ် ၅၀ တွင် မီးညွန့်ကျိုးကာ ၁ နာရီတွင် မီးလုံးဝငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြိတ်၌ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**မြိတ် ဧပြီ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မတ် ၃၁ ရက် ညပိုင်းကနေအိမ်နှစ်လုံးမီးလောင်ကျွမ်းမှုကြောင့် မီးဘေးသင့်ခဲ့ရသည့် ပြည်သူများအား ဧပြီ ၁ ရက် နံနက် ၁၀ နာရီက မြိတ်တောင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ဌေးနှင့် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီတို့က အားပေးစကားပြောကြား၍ ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြိတ်(ပြန်/ဆက်)**



**နွားထိုးကြီးမြို့နယ် ကန်နားနယ်မြေရဲစခန်းမှူး ရဲအုပ်မင်းဇော် မတ်လနောက်ဆုံးပတ်တွင် ဇေဒိတ်ကျေးရွာ၌ ပြည်သူများအား မှုခင်းအသိပညာပေးဟောပြောစဉ်။** မော်ကြီး

## ငွေကျပ်သိန်း ၂၀၀၀ ကျော် တန်ဖိုးရှိ လုပ်ငန်းသုံးပစ္စည်းနှင့် တရားမဝင်ရွှေမျှောလုပ်ကိုင်နေသူများအား ဖမ်းမိ

**ခန္တီး ဧပြီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် မုန်ပင်ကျေးရွာအုပ်စု မကန်နောကျေးရွာအနီး ချင်းတွင်းမြစ်ကမ်းတွင် တရားမဝင် ရွှေမျှောများလုပ်ကိုင်နေကြောင်း သတင်းအရ နယ်မြေခံတပ်မှ ဗိုလ်ကြီး မြင့်အောင်၊ ခန္တီးမြို့မရဲစခန်းမှ ဒုရဲအုပ် စိုင်းမြို့ကျော်သိုက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်လွင်လွင်ထွန်း၊ မြို့နယ်သတ္တုတွင်းဦးစီးဌာနမှ လက်ထောက်မန်နေဂျာ ဦးသန့်ဇင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ယနေ့ညနေ ၃ နာရီက တရားမဝင် ရွှေမျှောလုပ်ကိုင်နေသူ ဦးသန်းဇော်ထန်းတောရပ် မုံရွာမြို့နေသူနှင့် ဦးထွန်းမြင့်လွင် ရေစကြိုမြို့နယ် ဝယ်ရာကျေးရွာနေသူတို့အား သက်သေခံပစ္စည်းများနှင့်အတူ လုပ်ငန်းခွင်တွင် ဖမ်းဆီးရမိကြောင်း သိရသည်။

တရားမဝင်ရွှေမျှောတွင် အသုံးပြုနေသော ဘက်ဟိုးသုံးစီး (ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၂၂၀၀)၊ ဆက်စပ်စက်ပစ္စည်းများ (ကာလတန်ဖိုး ငွေကျပ် ၁၄၃ သိန်း) စုစုပေါင်း ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၂၃၄၃ သိန်းနှင့် အခြားရွှေမျှောသုံး ဆက်စပ်ပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ခန္တီးမြို့နယ်အတွင်း တရားမဝင်လုပ်ကိုင်နေကြသော ရွှေမျှောများမှ စွန့်ပစ်ရေဆိုး မြေစာများကို ချင်းတွင်းမြစ်ထဲသို့ စွန့်ပစ်ခြင်းကြောင့် ချင်းတွင်းမြစ်ရေတိမ်ကောလာပြီး ချင်းတွင်းမြစ်ဘေးရှိ ဒေသခံပြည်သူများ သောက်သုံးရေရှားပါးမှုနှင့် ခရီးသွားပြည်သူများ အမြန်ရေယာဉ် သောင်တင်မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**ချန်လော (ခန္တီး)**

## တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်တစ်ခုတို့တွင် တရားမဝင်သစ်များသိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁**

သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများကို နည်းလမ်းမျိုးစုံဖြင့် ရှာဖွေဖော်ထုတ်သိမ်းဆည်းလျက်ရှိရာ မတ် ၂၈ ရက်မှ ၃၀ ရက်အတွင်း သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်တို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ဘိုးတော်ချောင်းအတွင်းမှ တရားမဝင် တောင်သရက်သစ်ခွဲသား ၄၃ ဒသမ ၃၅၇၆ တန်၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်အတွင်းမှ တရားမဝင် အင်ခွဲသားဆိုဒ်စုံ ၅ ဒသမ ၃၈၂၀ တန်နှင့် ကချင်ပြည်နယ် မံစီမြို့နယ်အတွင်းမှ တရားမဝင် ကျွန်းလုံးပတ် သုံးပေအောက်ကျွန်းသစ် ၁၀ ဒသမ ၈၃၆၀ တန်တို့ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဇောင်းတူ-တိုက်ကြီးကားလမ်းအနီး၌ CANTERယာဉ်ပေါ်မှ တရားမဝင်ပျဉ်းကတိုးခွဲသား ၄ ဒသမ ၉၆၈၀ တန်နှင့် ပြစ်မှုကျူးလွန်သူနှစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



**မောင်လူမော်**



## ဘားအံ-မြဝတီကားလမ်းတွင် ပြောင်းဖူးစေ့အိတ်များ တင်ဆောင်လာသောတွဲယာဉ်တစ်စီး တိမ်းမှောက်

**ဘားအံ ဧပြီ ၁**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-မြဝတီကားလမ်းတွင် ပြောင်းဖူးစေ့အိတ်များ တင်ဆောင်လာသော တွဲယာဉ်တစ်စီးတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၀ ရက် နံနက်ပိုင်းက ဘားအံ-မြဝတီကားလမ်းအတိုင်း ဘားအံမှ မြဝတီဘက်သို့ ယာဉ်မောင်း အောင်ကိုအေး သာယာဝတီမြို့နယ် ပဲခူးတိုင်းဒေသကြီးနေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် စောဝါးဂေ ကျောက်တံခါးမြို့နယ် ပဲခူးတိုင်းဒေသကြီးနေသူ လိုက်ပါလာသော တွဲယာဉ်သည် ပြောင်းဖူးစေ့အိတ် ၆၇ အိတ် တင်ဆောင်မောင်းနှင်လာစဉ် ဘားအံမြို့နယ် လွန်းညကျေးရွာအုပ်စု ခနိမ့်ဒိုကျေးရွာအနီးအရောက် မျက်နှာချင်းဆိုင်ဘက်မှ မောင်းနှင်လာသော ယာဉ်များကို ရှောင်ပေးစဉ် တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

## မြန်မာ့ရုပ်မြင်သံကြား

၂-၄-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ -တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - "အညာနွေဦးပွဲတော် (သို့) မန်းရွှေစက်တော်"
၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "ဆောက်လုပ်ရေးဝန်ကြီးဌာန"
၉း၁၅ - ဥပဒေရေးရာအဖြာဖြာ "ဥပဒေရေးရာ သိကောင်းစရာအဖြာဖြာ" (၁)(ဦးဟန်ညွန့် (ဥပဒေ၊ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)၊ ဦးစံပေါ၊ ဒေါ်အိအိစိုး) (ဒါရိုက်တာ - ဝေဠု(ဝသန်)]
၉း၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၀း၃၀ - အောင်မြင်စွာဖွင့်လှစ် မြောင်းမြတံတားအသစ်
၁၀း၄၀ - ရာဇဝင်ထဲက သမိုင်းအနုပညာ "ရတနာပုံနန်းမြို့ မတည်မီကတည်းက တည်ရှိခဲ့သောဘုရားများ (ဗိုလ်တက်ကုန်း၊ အောင်ပင်လယ်ကန်ဦးစေတီ၊ အောင်ပင်လယ်ကန်)
၁၁း၃၀ - ဘဝထဲကဝတ္ထု ဝတ္ထုထဲကဘဝ "တွယ်ငြိတတ်သည်" (ဒေါ်ခင်ခင်ကြီး၊ မေသော်ချစ်၊ အေးမင်းဖြူ၊ ချိုတေးလွင်လွင်၊ ငယ်လေး) (ဒါရိုက်တာ-သန့်စင်)
၁၂း၃၀ -နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း -၉၃)
၁၃း၃၀ -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝတစ်ခုအချစ်တစ်ခု" (အပိုင်း -၂၂)
၁၄း၂၀ - Yes or No Talk Show
၁၄း၄၀ -"ပင်လယ်ပျော်များရဲ့ အားမာန်"
၁၅း၀၀ - "ဥဩပျံ့ဝဲမြို့မြေထဲ"

**ညပိုင်း**

၁၆း၃၅ -"သမိုင်းပြတိုက်ထဲက ချစ်စရာပန်းကလေးတို့မြေ"
၁၇း၀၅ -ဒေသတစ်ခု၊ ထုတ်ကုန်တစ်မျိုး "မိရိုးဖလာကို အခြေခံထားမင်းလမ်းတောင်ခါး"
၁၇း၃၅ -မြန်မာ့ငွေကြေး ဈေးကွက်ဆိုင်ရာစကားဝိုင်း
၁၈း၂၀ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (အကယ်ဒမီအေးမြတ်သူ)
၁၉း၁၅ -နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၉၄)
၂၀း၀၀ -ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ -နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက်တတိယတစ်နှစ်တာ "ပြည်ထောင်စုတရားလွှတ်တော်ချုပ်"
- အနုပညာခန်းရိပ်သာ "ဆရာကောင်းသန့်နှင့် တွေ့ဆုံဆွေးနွေးခန်း"
-နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်ဖြာသောအချစ်" (အပိုင်း -၂၀)
- အစီအစဉ်ပြီး၏ ။

## ထန်တလန်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံများ အမိုးလန်ပျက်စီး

**ထန်တလန် ဧပြီ ၁**

ချင်းပြည်နယ် ထန်တလန်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာ၌ မတ် ၃၁ ရက် ည ၁၁ နာရီက မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၄၂ လုံးနှင့် ဘာသာရေးအဆောက်အအုံ သုံးလုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ ပျက်စီးနေအိမ်နှင့် မိသားစုဝင်များအား မြို့နယ်သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။



**မြို့နယ် (ပြန်/ဆက်)**

# ပြုံးပျော်ဘဝပိုင်ဆိုင်ရဖို့ ငွေစုကြပါစို့

**ထက်ဝေအောင်(စစ်ကိုင်း)**

လူတိုင်းနီးပါး ငွေကြေးအဆင်ပြေ ချမ်းသာချင်ကြပေသည်။ ငွေသည် စားဝတ်နေရေးအတွက် အလိုအပ်ဆုံး အသက်ရှူသံဖြစ်ပါသည်။ တစ်နေ့တာ၏ ခွန်အားလည်း ဖြစ်သည်။ လူတိုင်း ငွေရရှိရေး ကြိုးစားဆောင်ရွက်နေကြရသည်။ မိမိနှင့်သင့်လျော်သောအလုပ်ဖြင့် ငွေရရှိရေး အလုပ်လုပ်ကြရပါသည်။ ငွေကြေးအဆင်မပြေလျှင် စိတ်နှင့် ကိုယ်မှာ နုံးချည့်နေစေပါသည်။ စိတ်ထောင်း၍ ကိုယ်ကြေစေပါသည်။

**ဘဝမျှော်လင့်ချက်ခွန်အား**

အပျော်အပါးလျှော့ချခြင်းသည် ငွေကုန်၊ စိတ်ပန်း လူပန်းဖြစ်ခြင်းမှ သက်သာစေပါသည်။ ပျော်ပွဲရွှင်ပွဲများသည် ငွေယိုပေါက်လည်းဖြစ်သည်။ တစိမ့်စိမ့်ငွေထွက်ခြင်း၊ အလုံးအရင်းငွေထွက်ခြင်းမျိုးဖြင့် မိမိထံမှငွေကြေးများ ထွက်ခွာသွားလေ့ရှိသည်ကို သတိပြုကြရပါမည်။ ငွေသည် တရားနည်းလမ်းရှိရှိ သမ္မာအာဇီဝကျကျ ရှာဖွေပါက ခက်ခဲလှပါသည်။ ဝင်ငွေနှင့်ထွက်ငွေမှာ အချိုးညီမျှလျှင် မိသားစု ပျော်ရွှင်မှု၊ စိတ်ကျေနပ်မှုမှာ သာမန်မျှသာဖြစ်နိုင်သည်။ ပိုလျှံငွေကြေးပိုင်ဆိုင်မှသာ နောက်တစ်နေ့၏ အိပ်မက်တစ်ခုဖြစ်နိုင်သည်။ ဘဝမျှော်လင့်ချက်၊ ခွန်အားများလည်း ဖြစ်စေသည်။

လူတစ်ယောက်တွင် ဘဝရပ်တည်ရေးအတွက် ပထမဝင်ငွေရှိကြပါသည်။ လစာ၊ လုပ်ခကဲ့သို့ ပုံမှန်ရရှိနေသည့်ဝင်ငွေမျိုးကို ဆိုလိုပါသည်။ ထိုဝင်ငွေသည် မိသားစုစားဝတ်နေရေးအတွက် အသုံးချငွေကြေးဖြစ်ပေသည်။ အိမ်ထောင်ဦးစီးတစ်ယောက်၏ ဝင်ငွေသည် အိမ်တစ်အိမ်၏ နေ့စဉ်အသုံးစရိတ်ဖြစ်သည်။ ဝင်ငွေ၊ ထွက်ငွေမမျှသဖြင့် ခက်ခဲပင်ပန်းကြသည့်အခြေအနေများလည်းရှိသည်။ ချွေတာသုံးစွဲသဖြင့် လောက်သေူများလည်းရှိကြသည်။ အိမ်ထောင်ဦးစီး၊ ဇနီးမယားနှင့်သားသမီးများ၏ စိတ်အခြေအနေပေါ်လည်း မူတည်ပေသည်။ ဝင်ငွေ၊ ထွက်ငွေ၏ လှုပ်ရှားမှုကို စောင့်ကြည့်သူများသည် ငွေကြေးအခက်အခဲမှ လွတ်မြောက်ကြသည်ကို ကိုယ်တွေ့သိရှိရပါသည်။ အချို့က ရှေ့ရေးထက် လက်ရှိဖြစ်ပေါ်နေသော အချိန်ကာလ၏ ရသအဖုံဖုံကိုသာ အားကိုးယုံကြည်သည်။

**နေ့စဉ်ငွေကြေးလိုအပ်မှုက ဖြစ်မြဲဖြစ်နေ**

နောင်ရေးကို မပူပန်ဘဲ ဝမ်းဝ၊ ခါးလှအောင် ဝတ်စားဖို့သာ အားထုတ်ကြသည်။ ဝင်ငွေအင်အားထက် ထွက်ငွေအင်အားများလာသည်ကို သတိမပြုနိုင်သည့် အချိန် အသိမှာ နောက်ကျလေ့ရှိသည်။ ရနိုင်သည့် ဝင်ငွေထက် ပိုမိုသုံးစွဲမိသဖြင့် ငွေကြေးအခက်အခဲဖြစ်ပေါ်လာနိုင်သည်။ ထိုမှတစ်ဆင့် လက်ရှိအနေအထားများ ပြေလည်စေရေးအတွက် ငွေကြေးချေးငှားခြင်းအမှုကိစ္စများပြုလုပ်ကြသည်။ မတန်တဆအတိုးများဖြင့် ပုံမှန်ဝင်ငွေမှ ဖဲ့ဆပ်ကြရပြန်သည်။ မလည်ပတ်မှုသည် ရှေ့ကိုသာ တိုးလို့ရုန်းကန်နေသည်။ လက်ရှိသုံးစွဲသည့်ငွေသုံးစွဲမှု အရှိန်ကို မလျှော့မချင်း နေ့စဉ်ငွေကြေးလိုအပ်မှုက ဖြစ်မြဲဖြစ်နေနိုင်ပါသည်။

မရှိကို အရှိလုပ်ခြင်းသည် မိမိရပ်တည်နေဆဲဘဝကို ပူလောင်စေပါသည်။ အခက်အခဲများစွာ ကြုံတွေ့ရနိုင်ပါသည်။ အာဟာရဖြစ် ဝမ်းဝ၊ ခါးလှဖြင့် ငွေကြေးကိုစုဆောင်းနိုင်ပါသည်။ တွက်ရေးနှင့် ငွေကြေးများ ပိုင်ဆိုင်နိုင်လိမ့်မည်မဟုတ်ပေ။ ငွေကြေးစုဆောင်းခြင်းသည် စီမံခန့်ခွဲခြင်း ပညာရပ်တစ်မျိုးဖြစ်ပေသည်။ မည်သည့်နည်းလမ်းဖြင့် သုံးစွဲမည်ကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးစွဲရမည့်ငွေကြေးပမာဏကိုချိန်ဆခြင်း၊ သုံးစွဲမှုသည် လိုအပ်ချက်ဖြစ်၊ မဖြစ် တွေးခေါ်ခြင်း၊ မလိုအပ်သောပစ္စည်းများ ဝယ်ယူခြင်းကို ရှောင်ရှားခြင်း စသည်တို့မှာ ရှောင့်ရဲမှုကို အခြေခံထားသည်ကို တွေ့ရသည်။ ငွေကြေးစုဆောင်း ပိုင်ဆိုင်ခြင်းဖြင့် မိမိစိတ်ဓာတ်နှင့် ယုံကြည်ချက်များကို မြှင့်တင်နိုင်ပေသည်။ စုငွေပမာဏနှင့်ကာလကို ကြိုတင်တွက်ချက်ခြင်းထက် စုနိုင်သည့်ပမာဏထက် တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုစုဆောင်းခြင်းက ငွေကြေးပိုင်ဆိုင်မှု ပိုမိုတိုးပွားလာစေပါသည်။

**ကိုယ့်ဝန်ကိုယ့်အားဖြင့် စီမံ**

ငွေကြေးတွက်ချက်သုံးစွဲခါစကာလများသည် ခက်ခဲလွန်းလှပါသည်။ တစ်ရက် မည်မျှသုံးစွဲမည်နည်း။ မီးဖိုချောင်ကို ဘယ်လိုစီမံမည်နည်း။ သေးငယ်သောပါးစပ်နှင့် တစ်ထွာသာသာရှိသော ဝမ်းဗိုက်ကို ဘယ်လိုမွမ်းမံမည်နည်း။ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ ဘယ်လိုစီမံချက်ပြုတ်မည်နည်း။ အဆိုပါအချက်များသည် အိမ်ရှင်မများအတွက်သာမက အိမ်ထောင်ဦးစီးခင်ပွန်းသည်များလည်း ထည့်သွင်းစဉ်းစားရမည့်အချက်ဖြစ်ပါသည်။ မီးဖိုချောင်အရေး၊ သာရေး၊ နာရေး၊ လူမှုရေးများကို ကိုယ့်ဝန်ကိုယ့်အားဖြင့် စီမံကြရမည်ဖြစ်သည်။ မိသားစုဦးရေ၊ ချက်ပြုတ်သည့်ဟင်းပမာဏ၊ လိုအပ်သလောက်သာ ချက်ပြုတ်ခြင်းသည် ငွေကြေးစီမံခန့်ခွဲခြင်းနည်းလမ်းတစ်မျိုးဖြစ်ပေသည်။ အလွန်အကျွံချက်ပြုတ်သည့်အိမ်ရှင်မများကိုတွေ့ခဲ့ဖူးပါသည်။ ထမင်းနှင့် ဟင်းများ လူနှစ်ယောက်စာအထက် ပိုမိုချက်ပြုတ်သဖြင့်

> “မည်သည့်နည်းလမ်းဖြင့် သုံးစွဲမည်ကို ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးစွဲရမည့် ငွေကြေးပမာဏကိုချိန်ဆခြင်း၊ သုံးစွဲမှုသည် လိုအပ်ချက်ဖြစ်၊ မဖြစ် တွေးခေါ်ခြင်း၊ မလိုအပ်သောပစ္စည်းများ ဝယ်ယူခြင်းကို ရှောင်ရှားခြင်း စသည်တို့မှာ ရှောင့်ရဲမှုကို အခြေခံထားသည်ကို တွေ့ရသည်။ ငွေကြေးစုဆောင်းပိုင်ဆိုင်ခြင်းဖြင့် မိမိစိတ်ဓာတ်နှင့် ယုံကြည်ချက်များကို မြှင့်တင်နိုင်”

နေ့စဉ်နေ့တိုင်း သွန်ပစ်ရလေ့ရှိပါသည်။ ထိုကဲ့သို့အဖြစ်များက ယနေ့အချိန်အခါတွင် များစွာရှိနေနိုင်ပါသည်။ မိသားစုအတွင်း ပြုပြင်ခြင်းဖြင့် အသုံးစရိတ်ပိုမိုရရှိနိုင်ပါသည်။

**တန်ဖိုးထားသူ၏လက်ဝယ်တွင် ကြာရှည်**

သွားချိန်၊ စားချိန်၊ စိတ်ပျော်ပါးချိန်များ သတ်မှတ်ခွင့်ရှိပါသည်။ အများတကာထက် သွားလာလည်ပတ်ချိန်၊ စားပွဲသောက်ပွဲကျင်းပချိန်စသော အကြိမ်အရေအတွက် လျှော့နည်းစွာ ပြုလုပ်သင့်ပါသည်။ လူကိုဖျက် အရက်နှင့် ဆေးလိပ်၊ ကွမ်းများကို အထူးရှောင်ကြဉ်ရပေမည်။ နေ့စဉ်ငွေထွက်နေသည့် ယိုပေါက်များလည်း ဖြစ်သည်။ ကျန်းမာရေးအရ စားသောက်ရန်မသင့်သည့်ပစ္စည်းများ ဖြစ်ကြသည်။ အရက်ဖိုး၊ ကွမ်းဖိုး၊ ဆေးလိပ်ဖိုးသည် ဟင်းတစ်ခွက်ဖြစ်နိုင်ပါသည်။ သို့တည်းမဟုတ် နောက်တစ်နေ့အတွက် နံနက်စာဖြစ်နိုင်သည်။ ငွေသည် တန်ဖိုးထားသူ၏ လက်ဝယ်တွင် ကြာရှည်စွာနေလေ့ရှိပေသည်။ အပျော်အပါးမက်သူအတွက် ငွေသည် အပျော်တစ်ခုပြီးတစ်ခု ကူးလူးလျက် ငွေကုန်သွားလေ့ရှိသည်။

အပျော်အပါးလိုက်စားသူတိုင်း၏ လက်ထဲရှိ ငွေများသည် ဆည်ရေလွှတ်သည့်ပမာ အလုံးအရင်းဖြင့် ထွက်သွားလေ့ရှိသည်။ လူတစ်ဦးချင်းစီ၏ ဝင်ငွေရရှိမှု မတူညီကြပေ။ အချို့က ကာယအားဖြင့် ဝင်ငွေရရှိရေး ရုန်းကန်ကြရသည်။ အချို့က ဉာဏအားဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ တစ်ရက်၊ တစ်လ၊ တစ်နှစ်နှင့် မပြီးဆုံးနိုင်သည့် ဘဝထဲတွင် အသက်ရှူသံပြင်းပြင်းဖြင့် ရုန်းကန်လှုပ်ရှားနေရသည့် ဘဝများကို ထူထောင်တည့်မတ်ကြရပေမည်။

**ငွေကြေးသည် ခွန်အား**

ငွေစုဆောင်းရန် အထူးလိုအပ်ပါသည်။ ငွေစုခြင်းသည် ငွေဖြုန်းတီးခြင်းထက် သာလွန်သော ဦးတည်ချက်များနှင့် ပြည့်နှက်နေသည်။ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနယ်ပယ်များတွင် ကောင်းစွာ အသုံးချနိုင်သည်။ အလှူဒါန၊ ပရဟိတစသော မွန်မြတ်သောအလုပ်များကို ပြုလုပ်နိုင်ပေသည်။ လူ့ဘဝလာဘ်ကြီးတစ်ပါးဖြစ်သော ကျန်းမာခြင်းလာဘ်ကို စောင့်ရှောက်နိုင်သည်။ အိတ်ကပ်ထဲရှိ ပိုက်ဆံသည် မိမိပိုင်ဆိုင်လျက်ရှိသော ဥစ္စာခနေဖြစ်သည်။ ထိုငွေကြေးသည် ခွန်အားဖြစ်သည်။ ကုန်လွန်သွားသော ငွေကြေးအားလုံးမှာ အစားပြန်လည်ရရှိရန်မှု မလွယ်ကူကြောင်း တွေ့ကြရသည်။ ငွေတွင်းက နက်လှပါသည်။ လူပန်းစိတ်ပန်းဖြင့် ကြိုးစားရှာဖွေနိုင်မှသာ မဖြစ်စလောက်ငွေကြေးကို ပိုင်ဆိုင်နိုင်ခွင့်ရှိပါသည်။

**မနိုင်ဝန်ထမ်းခြင်းက ဘဝအမောကို ဖြစ်ပေါ်စေ**

လသာတုန်း ဗိုင်းငင်၊ နေပူတုန်းစပါးလှန်း၊ မိုးရွာတုန်း ရေခံစသောစကားရပ်များသည် အချိန်အခါအလိုက် အကျိုးရှိရှိနေထိုင်သွားရန် ရည်ညွှန်းခြင်းဖြစ်သည်။ ခြတောင်ပို့ ဥပမာအတိုင်း ဖြည်းဖြည်းစု များများရနိုင်သည်။ ငွေစုခြင်းသည် အကျိုးရှိသော အမူအကျင့်တစ်ခုသာဖြစ်ပါသည်။ အလဟဿပြုလုပ်သော အလုပ်တစ်ခုမဟုတ်ပေ။ အိုးအိမ်တိုက်တာပစ္စည်း ပိုင်ဆိုင်မှုမှန်သမျှ လွယ်လွယ်ကူကူမရနိုင်ပေ။ ကြိုးစားအားထုတ်ခြင်း၊ ဆင်ခြေကင်းခြင်း၊ ဖြစ်မြောက်အောင် လုံ့လစိုက်ခြင်း၊ သည်းခံစိတ်မွေးခြင်း၊ မှန်ကန်သောအတွေးတို့ဖြင့် မိမိ၏ဘဝပုံစံကို ပြုပြင်ပြောင်းလဲနိုင်သူများသာ ရရှိနိုင်ပါသည်။ မိမိလိုအင်ကွက်လပ်များကို ဖြည့်ဆည်းရန်အချိန်ကာလတစ်ခုအတွင်း သည်းခံနိုင်စွမ်းရှိရပါသည်။ မိမိတွင် အရေးပေါ်အသုံးပြုရန်အတွက် ငွေပိုငွေလျှံ ရှိရပါမည်။ မနိုင်ဝန်ထမ်းခြင်းက ဘဝအမောကို ဖြစ်ပေါ်စေပါသည်။

ပြိုင်ဆိုင်လိုစိတ်သည် လူတိုင်းတွင် ရှိသင့်ရှိထိုက်သော အားကျမှုတစ်ခုဖြစ်ပါသည်။ ပညာရပ်ဆိုင်ရာကိစ္စများ ပြိုင်ဆိုင်လိုစိတ်ဖြစ်ပေါ်ခြင်းသည် ပညာရပ်နယ်ပယ်ကို ကောင်းစွာအကျိုးပြုနိုင်သည်။ သမ္မာအာဇီဝကျကျ စီးပွားရေးအရ ပြိုင်ဆိုင်မှုများမှာလည်း အလုပ်အကိုင်အခွင့်အလမ်းများနှင့် စီးပွားရေးကဏ္ဍများစွာ ဖွံ့ဖြိုးတိုးတက်လာနိုင်သည်။ ဝန်နှင့်အားမမျှသည့် ပြိုင်ဆိုင်မှုသည် အကျိုးမဖြစ်ထွန်းစေဘဲ မိမိ၏စိတ်ကို ချိုးဖဲ့ရာရောက်ပါသည်။ အကျိုးရှိသော ပြိုင်ဆိုင်မှုဖြင့် လောကကို အလှဆင်သင့်လှပါသည်။

မီးနှင့်ကစားလျှင် ပူလောင်နိုင်သည်။ ငွေနှင့်ကစားလျှင် ဘဝပျက်နိုင်ပါသည်။ ငွေက ဘဝကို ဖျက်ဆီးနိုင်ပါသည်။ ဘဝကို အောင်မြင်နိုင်စေသည်။ ငွေကြေး၏ ထုထောင်းနှိပ်စက်မှုဒဏ်ကို ခံနိုင်သူကရှားပါသည်။ လောင်းကစားဖြင့် ဘဝပျက်နိုင်သည်။ မူးယစ်ဆေးဖြင့် ဘဝအညွန့်အဖူးလေးများ ကြွေကျနိုင်သည်။ အသောက်အစားဖြင့် လူကြားထဲ ခေါင်းမထောင်နိုင်သောဘဝကို ရောက်ရှိနိုင်သည်။ ငွေသည် လှည့်ဖြားတတ်သောသဘောရှိပေသည်။ ပိုက်ဆံအိတ်မှထွက်စရှိလျှင် ထွက်ချင်နေသည်။ ဘဏ်စုငွေကိုလည်း မျက်စောင်းထိုးလျက်ရှိသည်။ ငွေပြန်မဖြစ်သော ဇိမ်ခံပစ္စည်းများဖြင့် မကြာခဏ လှည့်ဖြားခြင်းခံရသည်။ နောက်တစ်ကြိမ် ပြန်မသုံးဖြစ်သည့် အသုံးအဆောင်ပစ္စည်းများကို အလွယ်တကူ ဝယ်ယူစေသည်။ ထိုကဲ့သို့ အခြေအနေများကို ပြောင်းပြန်လှန်ပစ်ရပါမည်။

**အိုးနှင့်ဆန်တန်ရုံ**

ငွေကို ငြိမ်ဝပ်အောင် ပြုလုပ်နိုင်သောနည်းလမ်းမှာ အသုံးအစွဲဆင်ခြင်ခြင်းသာဖြစ်သည်။ မသုံးဖြစ်ခင်က ပိုက်ဆံစုဖြစ်အောင် စုရပါသည်။ လက်ထဲကြွင်းကျန်သည့် ပိုက်ဆံဖြင့် အသုံးစရိတ်များကို ပျမ်းမျှအတည်ပြုသုံးစွဲရမည်ဖြစ်ပါသည်။ အိုးနှင့်ဆန် တန်ရုံချက်ရပါမည်။ သုံးစွဲလိုစိတ် ထကြွသောင်းကျန်းမှုကို စုဆောင်းမိသောငွေကြေးပမာ၏ အင်အားဖြင့် ဖာထေးရပါသည်။ မိမိပိုင်ဆိုင်မှုပမာဏတစ်ခုဖြစ်လာသည်ကို သတိပြုဆင်ခြင်မိခြင်းဖြင့် အသုံးအဖြုန်းခွဲခြားသိရှိလာမည်ဖြစ်သည်။ ငွေစုခြင်းအပေါ် ယုံကြည်ပျော်ရွှင်လာမည်ဖြစ်သည်။ ရည်မှန်းချက်များ မြင့်မားလာနိုင်ပြီး စိတ်ဓာတ်အင်အားများ ပိုမိုကောင်းမွန်လာနိုင်သည်။ လူတိုင်း ငွေစုကြည့်သင့်ပါသည်။ ပျော်စရာကောင်းသော ဘဝတစ်ခုဖြစ်တည်လာမည်မှာ မြေကြီးလက်ခတ်မလွဲနိုင်ဟု ယုံကြည်မိပါသည်။

ငွေစုရန်အတွက် အသုံးစရိတ်စာရင်း ပြုစုခြင်း၊ ရည်မှန်းချက်ထားရှိခြင်း၊ အကြွေးနှင့်ကင်းအောင်နေထိုင်ခြင်း အမှုကိစ္စများပြုသင့်ပေသည်။ ငွေစုခြင်းသည် ခက်ခဲလွန်းသောအလုပ်မဟုတ်ပေ။ လစဉ်ငွေကြေးလည်ပတ်ရေးအတွက် ငွေကြေးသုံးစွဲမည့်အစီအစဉ်များ ရေးဆွဲရမည်ဖြစ်သည်။ ကျင့်သားမရမီ ငွေကြေးသုံးစွဲမှုစာရင်းများ ပြုစုသင့်သည်။ လက်တွေ့ကျကျပြုလုပ်ကြည့်လျှင် ရိုးရှင်းလွယ်ကူလွန်းလှပါသည်။ အပိုသုံးစွဲမှုများကိုဖယ်ရှားပြီး လိုအပ်သောသုံးစွဲမှုများကိုသာ ပြုလုပ်လာနိုင်ပေသည်။ မလိုအပ်သော အသုံးစရိတ်များ နည်းပါးလာသည့် အလျောက် တစ်လအတွင်း အပိုစုဆောင်းနိုင်သည့် ငွေကြေးပမာဏကိုတွေ့မြင်နိုင်သည်။ အကြွေးကင်းကင်း နေနိုင်သည်။ မမျှော်မှန်းနိုင်သည့် အခက်အခဲ၊ အပြောင်းအလဲများကို အင်အားရှိရှိတုံ့ပြန်နိုင်သည်။ မိသားစု၏ ကျန်းမာရေး၊ ပညာရေး အခြေအနေကောင်းများ ဖန်တီးနိုင်သည်။

**အပြုံးကိုယ်စီဖြင့် စိတ်အေးချမ်းနိုင်**

ဒုတိယဝင်ငွေဖြစ်သည့် စုငွေမှဘဏ်တိုးရရှိရေး ကြိုးပမ်းဆောင်ရွက်သင့်သည်။ စီးပွားရေးလုပ်ငန်းများလည်း တစ်နိုင်တစ်ပိုင် ပြုလုပ်သွားနိုင်သည်။ ဘဝအနာဂတ်အတွက် ငွေစုသည့်အလေ့အကျင့်ကို ရပ်တန့်မပစ်သင့်ပေ။ ဘဝနောင်ရေး စိတ်အေးစေရန် ငွေစုသင့်ပါသည်။ မိသားစုတစ်စုလုံး တက်ညီလက်ညီဖြင့် ငွေစုခြင်းအစီအစဉ်ကို အားပေးကြရပါမည်။ ပထမဝင်ငွေ၊ ဒုတိယဝင်ငွေဖြင့် ငွေကြေးထုထည် ခိုင်မာလာသည့် အလျောက် မိသားစုမှာလည်း အပြုံးကိုယ်စီဖြင့် စိတ်အေးချမ်းနိုင်မည်ဖြစ်ပါသည်။ ငွေနှင့်သက်ဆိုင်သော ပြဿနာများလည်း ကင်းဝေးသွားမည်ဖြစ်သည်။ နေပျော်သောဘဝဖြင့် ဘဝနေဝင်ချိန်အထိ အလှူဒါနလက်နှင့်မကွာနေထိုင်သွားနိုင်မည်ဖြစ်ပါသဖြင့် အခြေအနေပေးသူတိုင်း ငွေအသုံးပြုမှုကိုလျှော့ချပြီး ငွေစုကြည့်ကြပါရန် ဆန္ဒမွန်ဖြင့် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# နိုင်လွန်ကတ္တရာထပ်ပိုးခင်းခြင်းနှင့် ယာဉ်ကြောအချက်ပြ အမှတ်အသားရေးဆွဲခြင်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁**
ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့် မြို့တော်ဝန် ဦးမောင်မောင်စိုးတို့သည် မတ် ၃၁ ရက် ည ၁၂ နာရီက လမ်းခင်းခြင်းနှင့် ယာဉ်ကြောအချက်ပြအမှတ်အသား ရေးဆွဲခြင်းကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့သည် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းအား အလိုအလျောက်တိုင်းထွာပေးသော Auto Multi Plux Sensor စနစ်ပါရှိသော ဂျာမနီနိုင်ငံထုတ် နိုင်လွန်ထပ်ပိုးခင်းစက်အသုံးပြု၍လမ်းအကျယ် ၆၅ ပေ၊ အရှည်ပေ ၃၁၈၀ နိုင်လွန်ကတ္တရာထပ်ပိုးခင်းခြင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ လှိုင်မြို့နယ် အင်းလျားလမ်းမီးပွိုင့် ယာဉ်ကြောပြဆေးအမှတ်အသားများ ပြန်လည်ရေးဆွဲခြင်းကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေး အထူးဂရုပြုလုပ်ဆောင်ကြရန်နှင့် သတ်မှတ်အချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ရေး မှာကြားခဲ့သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ထိုစက်ကြီးများကိုအသုံးပြုပြီး နိုင်လွန်ကတ္တရာထပ်ပိုးခင်းခြင်းလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**





# စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား ဗုဒ္ဓပူဇနီယပွဲတော်တွင် မြင်းစီးပြိုင်ပွဲ ထည့်သွင်းကျင်းပ

**ပွင့်ဖြူ မေ ၁**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား ဗုဒ္ဓပူဇနီယပွဲတော် ပိုမိုစည်ကားသိုက်မြိုက်စေရန်အတွက် ထည့်သွင်းကျင်းပသည့် ပထမအကြိမ် မြင်းစီးအားကစားပြိုင်ပွဲ ဖွင့်ပွဲကို မေ ၁ ရက် နံနက် ၇ နာရီက အဆိုပါကျေးရွာရှိ ဘောလုံးကွင်း၌ ကျင်းပသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဌေးကျော်မြင့်က မြင်းစီးအားကစားနည်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံရပ်မိရပ်ဖများကို မင်းဘူးမြို့ ပွဲကျောင်းလက်ရေးပညာစဉ်(အပြ) ဒေါက်တာကျော်ကျော်ညွန့်က မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ထုံးစံတို့ကို အခြေပြုပေါ်ပေါက်လာသည့် ပွဲကျောင်းလက်သိုင်းပညာရပ်ဖြင့် ဖျော်ဖြေတင်ဆက်ကစားပြခဲ့ပြီး ညောင်ဦးမြို့နယ် ထီးပုကျေးရွာ (More Riding Club)မှ မြင်းစီးအားကစားသမားနှစ်ဦးက မြင်းဒုန်းစီးပြိုင်ပွဲ သရုပ်ပြယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ မြန်မာ့ရိုးရာ မြင်းစီးအားကစားပြိုင်ပွဲတွင် အကြီးတန်းမြင်းဒုန်းစီးပြိုင်ပွဲ၊ အငယ်တန်းမြင်းဒုန်းစီးပြိုင်ပွဲ၊ မြန်မာအသားကျပြိုင်ပွဲနှင့် ကုန်းနှီးမဲ့ ဒုန်းစီးပြိုင်ပွဲတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆုငွေကျပ် သုံးသိန်း၊ တတိယဆုငွေကျပ် နှစ်သိန်းဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# ပုလဲမြို့ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်လူနာဆောင်နှင့် တိုင်းရင်းဆေးပေးခန်းဖွင့်

**ပုလဲ မေ ၁**
စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်လူနာဆောင်သစ်ဖွင့်ပွဲကို မေ ၁ ရက် နံနက် ၈ နာရီက အဆိုပါအဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ပုလဲမြို့ ပြည်သူ့ဆေးရုံ၏ တိုးချဲ့နှစ်ထပ်ဆောင်သည် အလျားပေ ၁၅၀၊ အနံ ၅၆ ပေရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၅၆၁ ဒသမ ၀၈၈ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ ပုလဲမြို့ တောင်ပိုင်းရပ်ကွက်တွင် ပြည်ထောင်စုဘတ်ဂျက်မှငွေကျပ် ၂၉ ဒသမ ၂၉၅ သန်း ကုန်ကျသည့် တိုင်းရင်းဆေးပေးခန်းနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံများကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။(**အပေါ်ပုံ**)

တိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကုသရေးဦးစီးဌာနအတွက် အဆောက်အအုံလေးခုနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအတွက် အဆောက်အအုံ ၄၂ ခုကိုလည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုသရေးဦးစီးဌာနအတွက် အဆောက်အအုံ ၁၈ ခုနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအတွက် အဆောက်အအုံ ၄၈ ခုကိုလည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုသရေးဦးစီးဌာနအတွက် အဆောက်အအုံ ၁၇ ခုနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအတွက် အဆောက်အအုံ ၅၂ ခုကိုလည်းကောင်း တည်ဆောက်ပေးနိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၁၃၂၃ သန်းကျော်အသုံးပြုကာ ကုသရေးဦးစီးဌာနအတွက် အဆောက်အအုံ ၅၉ ခုနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအတွက် အဆောက်အအုံ ၂၆ ခု ထပ်မံ ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ကယားပြည်နယ်တွင် ပန်းရန်၊ လက်သမား သင်တန်းဖွင့်ပွဲကျင်းပ

**ဒီမော့ဆို မေ ၁**
ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အထောက်အကူပြုနိုင်စေရန်အတွက် ပန်းရန်၊ လက်သမားသင်တန်း (၁၁/၂၀၁၉) ဖွင့်ပွဲကို မေ ၁ ရက် နံနက် ၉ နာရီက ဒေါဘူးကူးကျေးရွာအုပ်စု ဒေါလျားလီကျေးရွာ ခန်းမဆောင်၌ ကျင်းပသည်။

ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက ပန်းရန်၊ လက်သမားအတတ်ပညာသည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်ဆောင်ရွက်နိုင်သည့်အတွက် ကျေးရွာနေပြည်သူများ တတ်သင့်တတ်ထိုက်သော ပညာတစ်ခုဖြစ်ပြီး သင်တန်းတက်ရောက်မည့် ကျေးရွာပြည်သူများကလည်း သင်တန်းမှ ပို့ချပေးသည့် အကြောင်းအရာများကို ကြိုးစားသင်ယူလေ့လာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ဒေါဘူးကူးကျေးရွာအုပ်စုအတွင်းရှိ ဒေါသဲ၊ စည်းလင်း၊ ဒေါပေါ်ကလဲ၊ ဒေါလျားလီ၊ ဒေါပီတနှင့် ကြာဖူးတောကျေးရွာတို့မှ ဒေသခံပြည်သူ ၂၅ ဦး တက်ရောက်ပြီး မေ ၁ ရက်မှ ၁၅ ရက်ထိ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ရီရယ်(ဒီမော့ဆို)**



## ဖန်းမော်မြို့တွင် နှစ်သစ်ကူးအကြို ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကျင်းပ

**ဖန်းမော် ဧပြီ ၁**

ကချင်ပြည်နယ် ဖန်းမော်မြို့တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာချစ်သူများအဖွဲ့တို့က ပူးပေါင်း၍ နှစ်သစ်ကူးအကြို ကလေးစာပေပြပွဲနှင့် ရှားပါးစာအုပ် သုတ၊ ရသ စာအုပ်ဈေးရောင်းပွဲတော်ကို ဧပြီ ၁ ရက် နံနက် ၉ နာရီက ဖန်းမော်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျင်းပသည်။

ဖန်းမော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ထွန်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦး၊ ဖန်းမော်မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးလဆန်နှင့် သုခဘုံစာအုပ်တိုက်မှ ဦးညီသုတတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာအုပ်အရောင်းဆိုင်များကို ကြည့်ရှုအားပေးခဲ့သည်။



အဆိုပါစာအုပ်ဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ရှိ စာအုပ်တိုက်နှင့်စာအုပ်စာပေ အရောင်းဆိုင် ၁၄ ဆိုင်ဖြင့် ဧပြီ ၁ ရက်မှ ၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှည ၉ နာရီအထိ သုတ၊ ရသ စာအုပ်စာပေများ စုံလင်စွာ ရောင်းချပေးသွားမည်ဖြစ်ရာ စာပေချစ်သူများ၊ စာဖတ်ဝါသနာရှင်များနှင့် ဒေသခံပြည်သူများ လာရောက်ဝယ်ယူ အားပေးလျက်ရှိကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## ဘိုးဘွား ၁၀၆၁ ဦးအား လူမှုရေးပင်စင်ထောက်ပံ့

**ပေါင် ဧပြီ ၁**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ အသက် ၈၅နှစ်အထက် သက်ကြီးရွယ်အိုအဘိုးအဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မတ် ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွဋ်ဦးနှင့် တာဝန်ရှိသူများက သက်ကြီးအဘိုးအဘွား ၁၀၆၁ ဦးအတွက် ထောက်ပံ့ငွေများအား သက်ဆိုင်ရာ ရပ်၊ ကျေးအုပ်ချုပ်ရေးမှူးများထံ ပေးအပ်သည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦးက လုံခြုံရေးသတိထားကြစေလိုကြောင်း၊ မူးယစ်ဆေးဝါးဖမ်းဆီးအရေးယူရာတွင် ရပ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို ပြည်နယ်ဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **ကိုဟိန်း(ပေါင်)**

## မူးယစ်ဆေးဝါးနှင့် မှုခင်းကျဆင်းရေးပညာပေး

**မိတ္ထီလာ ဧပြီ ၁**

သင်္ကြန်ကာလအတွင်း ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ မူးယစ်ဆေးဝါးနှင့် ကာမစိတ်ကြွဆေးများ ရောင်းချမှုမရှိရေးနှင့် မှုခင်းကျဆင်းရေးတို့အတွက် မတ် ၃၁ ရက် ညနေ ၅ နာရီတွင် ပူးပေါင်းအဖွဲ့က မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ၂၈၅ မိုင် သီးကုန်းယာဉ်ရပ်နားစခန်း၌ အသိပညာပေးဆောင်ရွက်သည်။

"ဈေးဆိုင်ဖွင့်လှစ်ရောင်းချသူတွေအနေနဲ့ မူးယစ်ဆေးဝါး၊ ကာမစိတ်ကြွဆေးတွေ ရောင်းချမှုမရှိစေရေးနဲ့ အမြန်လမ်းမကြီးပေါ်မှာ မောင်းနှင်တဲ့ယာဉ်မောင်းများအနေနဲ့ အရက်သေစာသောက်စားပြီးမောင်းနှင်ခြင်းမပြုရေး၊ သတ်မှတ်ကီလိုအမြန်နှုန်းတွင်းသာ မောင်းနှင်ရေး၊ လက်ကိုင်ဖုန်းပြောပြီး ယာဉ်မောင်းနှင်ခြင်းမပြုရေး၊ မော်တော်ယာဉ်ပေါ်မှာ မီးသတ်ဆေးဘူးထားရှိရေး၊ အသက်ကယ်ထိုင်ခုံခါးပတ်ပတ်ပြီး မောင်းနှင်ရေးတို့ကိုလည်း စစ်ဆေးအသိပညာပေး ဟောပြောခြင်းများဆောင်ရွက်ကြပြီး အသိပညာပေးလက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးခဲ့ပါတယ်" ဟု သီးကုန်း အမြန်လမ်းမကြီး ရဲစခန်းမှ စခန်းမှူး ဒုရဲမှူးမိုးညွန့်ဦးက ပြောသည်။ **ချမ်းသာ (မိတ္ထီလာ)**

### တိုတိုထွာထွာဖတ်စရာ

## စက်သုံးဆီအရောင်းဆိုင်များအား အသိပညာပေး

**မောက်မယ်**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးအန္တရာယ် မဖြစ်ပွားစေရေးအတွက် လောင်စာဆီများစနစ်တကျ သိုလှောင်ထားရှိရေး၊ မီးသတ်ဆေးဘူးများထားရှိရေးစသည်တို့ကို မတ် ၃၁ ရက် နံနက် ၉ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်သူရ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးကြည်နှင့် 'ဝ'မြို့နယ်မီးသတ် ဦးစီးမှူး ဦးဟိန်းလင်းထိုက်တို့က မောက်မယ်မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းပိုင်ရှင်များနှင့် တွေ့ဆုံပြီး အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **စိုင်းမျိုးသန့်(မောက်မယ်)**

## လူမှုရေးပင်စင်များ လက်ဝယ်အရောက်ပေးအပ်

**တောင်သာ**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်တွင် လူမှုဝန်ထမ်းဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့်ထောက်ပံ့ပေးအပ်သော လူမှုရေးပင်စင်များကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအရောက် ထောက်ပံ့ပေးအပ်ခြင်းကို ဧပြီ ၁ ရက် နံနက် ၁၀ နာရီက အဘိုးအဘွားများလက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်းသိရသည်။

မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများသို့ တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းတို့နှင့်အတူ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများဖြင့် မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် လူမှုရေးပင်စင်ထောက်ပံ့ငွေရရှိသော သက်ကြီးအဘိုးအဘွား ၁၁၀၈ ဦးအား လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်မျိုးနိုင်(တောင်သာ)**

## တားမြစ်ဆေးဝါးများ ရှောင်တခင်စစ်ဆေး

**တွံတေး**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ ဆေးဆိုင်များတွင် တားမြစ်ဆေးဝါးများရောင်းချခြင်းမရှိစေရန်အတွက် ရှောင်တခင်စစ်ဆေးခြင်းကို ဧပြီ ၁ ရက်နံနက် ၁၀ နာရီက စစ်ဆေးအသိပညာပေးခြင်းများ ပြုလုပ်ကြသည်။

တွံတေးမြို့နယ် ရဲတပ်ဖွဲ့ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသိန်းကျော်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မြန်မာ့ရိုးရာသင်္ကြန်ကာလအတွင်း ဆေးဆိုင်များအား တားမြစ်ဆေးဝါးများနှင့် လိင်စိတ်ကြွဆေးဝါးများ ရောင်းချခြင်း ရှိ၊ မရှိစေရေး ရှောင်တခင်စစ်ဆေးခဲ့ကြပြီး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မျိုးလှိုင် (တွံတေး)**



## မကွေးတိုင်းဒေသကြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆွေးနွေး

**မကွေး ဧပြီ ၁**

မကွေးတိုင်းဒေသကြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း ၂၀၁၈-၂၀၁၉ မှ ၂၀၂၀-၂၀၂၁ အထိ ရေးဆွဲရေး (ဒုတိယအကြိမ်မူကြမ်း)ဆွေးနွေးပွဲကို မတ် ၃၁ ရက် နံနက် ၁၀ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီများမှ အတွင်းရေးမှူး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာဦးစီးမှူးများက ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများ၊ အားနည်းချက် အားသာချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် RI မှ ဦးစိန်ငွေး၊ အကြံပေးပုဂ္ဂိုလ် ဦးစန်းလွင်နှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးကိုတို့က စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## မန္တလေးပညာရေးကောလိပ် မဟာသင်္ကြန်အကြိုပွဲကျင်းပ

**ချမ်းအေးသာစံ ဧပြီ ၁**

အဆင့်မြင့်ပညာဦးစီးဌာန မန္တလေးပညာရေးကောလိပ်ကျောင်းသားအဖွဲ့များ စုပေါင်း၍ မဟာသင်္ကြန်အကြိုပွဲတော်ကို မတ် ၃၀ ရက် မွန်းလွဲ ၂ နာရီက ချမ်းအေးသာစံမြို့နယ် ၃၃ လမ်းနှင့် ၆၇ လမ်းထောင့်ရှိ မန္တလေးပညာရေးကောလိပ် ပင်မဆောင်ရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဒေါ်မိုးမိုးကြည်က အဖွင့်အမှာစကားပြောကြားပြီး မဟာသင်္ကြန်အကြိုပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

မန္တလေးကောလိပ် မဟာသင်္ကြန်အကြိုပွဲတော်တွင် ဝိဇ္ဇာတွဲ၊ သိပ္ပံတွဲပထမနှစ်၊ ဒုတိယနှစ်ကျောင်းသား ကျောင်းသူများက သင်္ကြန်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ အကအလှများဖြင့် အေးချမ်းပျော်ရွှင်စွာဆင်နွှဲပြီး စတုဒိသာကျွေးမွေးခြင်းများဖြင့် ပျော်ရွှင်စွာ ရေကစားကြသည်။

မန္တလေးပညာရေးကောလိပ် မဟာသင်္ကြန်အကြိုပွဲတော်ကို ကျောင်းသားကျောင်းသူများ စည်းစည်းလုံးလုံးပျော်ပျော်ရွှင်ရွှင်ဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်း၍ တစ်ဦးတစ်ယောက်ချင်းမှ အသင်းအဖွဲ့အနေဖြင့် စုပေါင်းလုပ်ဆောင်တတ်ရန်၊ ကိုယ်ရည်ကိုယ်သွေးများ မြင့်တက်လာစေရန်၊ တစ်ဦးနှင့်တစ်ဦး ခင်မင်ရင်းနှီးမှုပိုမိုရရှိပြီး ပညာရေးကောလိပ် ကျောင်းသား ကျောင်းသူဘဝ ပျော်ရွှင်စွာဖြင့် ဖြတ်သန်းနိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**သီဟကိုကို (မန္တလေး)**



## ရန်ကုန်၌သင်္ကြန်မဏ္ဍပ် ၃၅ ခု ဆောက်လုပ်ခွင့်ပြု

**ရန်ကုန် မြို ၁**

၁၃၈၀ ပြည့်နှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်တွင် ရန်ကုန်တိုင်းဒေသကြီး၌ မဏ္ဍပ်အကြီး ၁၃ ခု၊ မဏ္ဍပ်အလတ် ၁၆ ခု၊ လမ်းလျှောက်သင်္ကြန် ငါးခုနှင့် ရခိုင်ရိုးရာသင်္ကြန်တစ်ခု စုစုပေါင်းမဏ္ဍပ် ၃၅ ခု ခွင့်ပြုထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းနှင့် တံတား(အင်ဂျင်နီယာ) ဌာနမှ သိရသည်။

မဏ္ဍပ်အကြီးကို ပြည်လမ်းတွင် အများဆုံးခွင့်ပြုထားပြီး လသာမြို့နယ် အနော်ရထာလမ်းရှိ(၁၉ လမ်းနှင့် စဉ့်အိုးတန်းလမ်းကြား)၊ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ (အား/ကာပညာ-ရန်ကုန်ကျောင်းဝင်း)၊ သာကေတမြို့နယ်ရှိ ဧရာဝဏ်လမ်းနှင့် မင်းနန္ဒာလမ်းထောင့်၊ လှိုင်မြို့နယ်ရှိတက္ကသိုလ်ရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ်ရှိ မင်းဓမ္မလမ်း၊ တောင်ဒဂုံမြို့နယ် ၂၆ ရပ်ကွက်ရှိ ပြည်ထောင်စုလမ်းသွယ်ထိပ်တို့တွင် ခွင့်ပြုထားကြောင်း သိရသည်။

ထို့အပြင် မဏ္ဍပ်အလတ်များကို ရန်ကင်း၊ အင်းစိန်၊ ကြည့်မြင်တိုင်၊ ဗိုလ်တထောင်၊ မင်္ဂလာဒုံ၊ ဗဟန်း၊ မင်္ဂလာတောင်ညွန့်၊ အလုံ၊ ဒဂုံဆိပ်ကမ်း၊ ပုဇွန်တောင်၊ မြောက်ဥက္ကလာပတို့တွင် ခွင့်ပြုထားကြောင်း၊ လမ်းလျှောက်သင်္ကြန်နေရာများကို အင်းလျားလမ်း၊ မြကျွန်းသာ၊ ကန်တော်ကြီးပန်းခြံ၊ မဟာဗန္ဓုလပန်းခြံ၊ ဦးဥတ္တမပန်းခြံ (ကန်တော်မင်ပန်းခြံ)တို့တွင် ခွင့်ပြုထားကြောင်း၊ ရခိုင်ရိုးရာသင်္ကြန်ကို ယခင်နှစ်များအတိုင်း သုဝဏ္ဏဘောလုံးကွင်းတွင် ခွင့်ပြုထားကြောင်း သိရသည်။

"မြကျွန်းသာလမ်းလျှောက်သင်္ကြန်မှာ ကျွန်တော်တို့ ဖျော်ဖြေရေးအတွက် စီစဉ်ထားတယ်။ အဆိုတော်တွေအများကြီးပါမယ်။ စတုဒိသာလည်း ပါတယ်။ အဲဒီပွဲအတွက် သတင်းစာရှင်းလင်းပွဲကိုလည်း ၃ ရက်နေ့မှာ လုပ်သွားမှာပါ။ ဘယ်နေရာမှာလုပ်မယ်ဆိုတာတော့ အတိအကျမသိသေးဘူး။ ၃ ရက်နေ့မှာ အကြောင်းပြန်ပါမယ်" ဟု မြကျွန်းသာလမ်းလျှောက်သင်္ကြန် စီစဉ်ဆောင်ရွက်သူ ဦးသတိုးကျော်က ပြောသည်။

မဏ္ဍပ်အကြီးနှင့်မဏ္ဍပ်အလတ်တို့ကို ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟံထွန်းဦးဆောင်သည့် မဏ္ဍပ်နေရာချထားမှုနှင့် ကြံ့ခိုင်မှုစစ်ဆေးရေးကော်မတီအဖွဲ့က စိစစ်ခွင့်ပြုပြီး မဏ္ဍပ်အသေး ဆောက်လုပ်ခွင့်ကို ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး၏ခွင့်ပြုချက်ယူရကြောင်း သိရသည်။

ယင်းအပြင် သင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ခရီးသွားများ အလွယ်တကူသွားလာနိုင်ရေးအတွက် ပြည်လမ်းနှင့် ကမ္ဘာအေးဘုရားလမ်းကို အလှည့်ကျ မဏ္ဍပ်ဆောက်လုပ်ခွင့်ပြုလျက်ရှိရာ ယခုနှစ်တွင် ကမ္ဘာအေးဘုရားလမ်းတွင် မဏ္ဍပ်ကြီးများနေရာချထားပေးခြင်းမရှိဘဲ ပြည်လမ်းမတွင်သာ မဏ္ဍပ်များကို နေရာချထားပေးကြောင်း သိရသည်။

**ဇာနည်မောင်**



## မော်လမြိုင်သင်္ကြန်အား သံလွင်ဥယျာဉ်ပန်းခြံအတွင်း အပန်းဖြေသင်္ကြန်ပုံစံ ပြုလုပ်သွားမည်

**မော်လမြိုင် မြို ၁**

ယခုနှစ် မော်လမြိုင်သင်္ကြန်တွင် လမ်းလျှောက်သင်္ကြန် ပြုလုပ်တော့မည်မဟုတ်ဘဲ သံလွင်ဥယျာဉ်ပန်းခြံအတွင်းမှာ အပန်းဖြေသင်္ကြန်ပုံစံမျိုး ပြုလုပ်သွားမည်ဖြစ်ကြောင်း မွန်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးရွှေမြင့်က ပြောသည်။

သံလွင်ဥယျာဉ်ပန်းခြံအတွင်း ပြုလုပ်မည့် မော်လမြိုင်အပန်းဖြေသင်္ကြန်အား လာရောက်လည်ပတ်သူများ နေ့ခင်းဘက် နေပူချိန်များတွင် အေးချမ်းစွာ အပန်းဖြေနိုင်စေရန်ရည်ရွယ်ကာ ပြုလုပ်ခြင်းဖြစ်ပြီး ထီးများနှင့် အလှဆင်ထားခြင်း၊ ဒေသခံများနှင့် ပူးပေါင်းကာ စတုဒိသာကျွေးမွေးခြင်းအပြင် ဖျော်ဖြေရေးအစီအစဉ်များပါထည့်သွင်းထားကြောင်း ဝန်ကြီးဦးရွှေမြင့်က ပြောသည်။

"လှေတွေထဲမှာ ရေဖြည့်ထားပြီး ရေကစားဖို့ထားထားမယ်။ ထီးတွေနဲ့ အလှဆင်ထားပေးမယ်။ ရပ်မိရပ်ဖတွေနဲ့ ပူးပေါင်းပြီးတော့ တစ်ရက်မှာ စတုဒိသာနစ်မျိုးလောက် ကျွေးမွေးသွားမယ်။ တီးဝိုင်းလည်းထားပေးဖို့ စီစဉ်ထားပေးမယ်၊ တီးဝိုင်း ငှားမရရင်တောင် ဆောင်းဘောက်နဲ့ သီချင်းဆိုနိုင်အောင် စီစဉ်ထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ အပန်းဖြေသင်္ကြန်ကို အကျနေ့၊ အကြတ်နေ့နှင့် အတက်နေ့များတွင် ပြုလုပ်သွားမည်ဖြစ်ပြီး ယခုနှစ် မွန်ပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ငွေကျပ်သိန်း ၂၀၀၀ သုံးစွဲသွားမည်ဖြစ်ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

မော်လမြိုင် ကမ်းနားလမ်းနှင့် အခြားနေရာများတွင် သင်္ကြန်ရေကစားမဏ္ဍပ်များဆောက်လုပ်လိုသူများအနေဖြင့် မော်လမြိုင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတွင် မြို ၇ ရက် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်ပြီး မော်လမြိုင် ဗဟိုမဏ္ဍပ်တွင်လည်း တီးဝိုင်းများနှင့် နာမည်ကြီးအဆိုတော်များ ဖျော်ဖြေနိုင်ရန် စီစဉ်နေကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်း သင်္ကြန်မတိုင်မီကာလနှင့် မဟာသင်္ကြန်ကာလအတွင်း ဆိုင်ကယ်အိတ်ဇောအသံကျယ်လောင်စွာမောင်းနှင်ခြင်းနှင့် အုပ်စုဖွဲ့ကာ အလံများထောင်၍လှည့်လည်ခြင်းများကို ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း မတ် ၂၉ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် မွန်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွင်ဦးက ပြောသည်။

သင်္ကြန်ပွဲတော်ကာလအတွင်း ဗဟိုမဏ္ဍပ်မရောက်ခင် ကမ်းနားလမ်း၌ တစ်လမ်းမောင်းစနစ်ဖြင့် ဆိုင်ကယ်နှင့် ကားများအား တစ်လမ်းစီခွဲထားမည်ဖြစ်ပြီး လူစည်ကားရာနေရာများ၊ လမ်းဆုံလမ်းခွများနှင့် မဏ္ဍပ်များတွင် သင်္ကြန်ပွဲတော်အတွင်း ရှောင်ကြဉ်ရမည့် တားမြစ်ချက်များကိုလည်း ဗီနိုင်းများဖြင့် ချိတ်ဆွဲထားပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

# အနုပညာ

## ဂရမ်မီ ဆန်ခါတင်စာရင်းဝင် တေးသံရှင် နစ်ပ်စေးဟက်စယ်လ် အသတ်ခံရ



ကျော်ကြားတဲ့ ရက်ပ်တေးသံရှင်တစ်ဦးဖြစ်ပြီး ယခုနှစ် ဂရမ်မီဆုပေးပွဲမှာလည်း ဆန်ခါတင်စာရင်းမှာ ပါဝင်ခဲ့တဲ့ နစ်ပ်စေးဟက်စယ်လ်ဟာ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့မှာ လော့စ်အန်ဂျလိမှာရှိတဲ့ သူ့ရဲ့အထည်ဆိုင်ရှေ့မှာ ပစ်သတ်ခံခဲ့ရတာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နစ်ပ်စေးဟက်စယ်လ်ကို သေနတ်သမားတစ်ဦးက ပစ်ခတ်ခဲ့တာဖြစ်ပြီး လတ်တလောမှာတော့ ပြစ်မှုကျူးလွန်သူကို စုံစမ်းရှာဖွေနေဆဲဖြစ်တယ်လို့ သိရပါတယ်။ တေးသံရှင်ဟာ ကွယ်လွန်ချိန် မှာတော့ အသက် ၃၃ နှစ် အရွယ်ရှိပြီဖြစ်တယ်လို့လည်း သိရပါတယ်။

နစ်ပ်စေးဟက်စယ်လ် ကွယ်လွန်ခဲ့တဲ့ သတင်းနဲ့ အခင်းဖြစ်ရာနေရာမှာ လူအုပ်ကြီးစုဝေးနေတဲ့ပုံတွေဟာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့နေပါတယ်။ တေးသံရှင်တစ်ဦး ယခုလိုကွယ်လွန်ခဲ့တဲ့အပေါ် ဝမ်းနည်းကြောင်းကိုလည်း အခြားသော တေးသံရှင်တွေက သူတို့ရဲ့လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ ဒီလိုရေးသားဖော်ပြခဲ့သူတွေထဲမှာ နာမည်ကျော်တွေဖြစ်ကြတဲ့ ရီဟားနားနဲ့ ဒရိတ်ခ်တို့လည်း ပါဝင်ခဲ့တယ်လို့ သိရပါတယ်။

**အေးပြည့် -စုစည်းသည်**

## "BLACK PINK" ရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းလေးပုဒ် မိတ်ဆက်

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ " BLACK PINK " ဟာ တေးအယ်လ်ဘမ်သစ်ကို မကြာမီ စတင်ထုတ်လွှင့်ပေးတော့မှာဖြစ်ပြီး ယင်းတေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းလေးပုဒ်ရဲ့အမည်ကို လတ်တလောမှာထုတ်ဖော်အသိပေးခဲ့တာ ဖြစ်ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

" BLACK PINK " ဟာ မီနီတေးအယ်လ်ဘမ်သစ် "Kill This Love" နဲ့အတူ ပရိသတ်ရှေ့ အရောက်ပြန်လာဖို့ရာ စီစဉ်ထားတာဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်မှာတော့ တေးသီချင်းငါးပုဒ်ပါဝင်တာဖြစ်ပြီး ခေါင်းစီးတေး " Kill This Love " အပြင် အခြားသော တေးသီချင်းလေးပုဒ်ကို လတ်တလောမှာတော့ ထုတ်ဖော်ပြသလာတာဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ်အတွက် အဖွဲ့လိုက်ဓာတ်ပုံနဲ့အတူ မီနီတေးအယ်လ်ဘမ်မှာပါဝင်မယ့် တေးသီချင်းတွေရဲ့အမည်၊ သီဆိုသူ၊ ရေးသားသူနဲ့ တေးအယ်လ်ဘမ်သစ် စတင်ထုတ်လွှင့်ပေးမယ့် ရက်တွေကို တစ်ပါတည်းဖော်ပြခဲ့တာ တွေ့ရပါတယ်။

ခေါင်းစီးတေးအပြင် အခြားသော တေးသီချင်းတွေကတော့ "Don't Know What To Do"၊ " Kick It"၊ " Hope Not " နဲ့ "DDU-DU DDU-DU" တို့ဖြစ်ကြပြီး တေးအယ်လ်ဘမ်ကိုတော့ လာမယ့် မြို ၅ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်တယ်လို့ သိရပါတယ်။



## တာချီလိတ်မြို့နယ်ရှိ ချောင်းများ၌ သင်္ကြန်မတိုင်မီ အပန်းဖြေအနားယူသူများဖြင့်စည်ကား

**တာချီလိတ် ဧပြီ ၁**
မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်ရှိ ချောင်းများ၌ သင်္ကြန်မတိုင်မီကာလ ရေကစားသူများ၊ အပန်းဖြေအနားယူသူများဖြင့် စည်ကားနေပြီဖြစ်ကြောင်း သိရသည်။

တာချီလိတ်မြို့နယ်တွင် ပုန်းထွန်ချောင်း၊ မယ်ဟုတ်ချောင်း၊ တာလေမြို့ မိုင်းလင်း(အရှေ့) ကျေးရွာအုပ်စုရှိ နမ့်မွေချောင်းတို့တွင် သင်္ကြန်ကာလအတွက် အပန်းဖြေရေကစားရန်နှင့် ရေပေါ်စားသောက်ဆိုင်များ ဖွင့်လှစ်ထားရာ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်သူများ အပန်းဖြေအနားယူ ရေကစားလျက်ရှိသည်။



အလားတူ တာချီလိတ်မြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော်ကို နှစ်စဉ်အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင်နှင့် မယ်ဆိုင်မြို့တို့မှ ဧည့်သည်များ၊ မြို့နေပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး



**အင်းတော် ဧပြီ ၁**
စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဘိုးသန်းညွန့်သည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်ပြုံး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းတန်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မတ် ၃၁ ရက် ညနေ ၅ နာရီက အင်းတော်မြို့နယ် နတ်မဟုတ်ကလေးကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး Steel Wire Mesh Box များဖြင့် ကမ်းထိန်းလုပ်ငန်းများ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

## ငမြှောင်တောင်ပိုးနှင့်ပတ်သက်၍ သိကောင်းစရာများနှင့် တောင်သူပညာပေးဟောပြော

**ဟိုပုံး ဧပြီ ၁**
ငမြှောင်တောင်ပိုးနှင့်ပတ်သက်၍ သိကောင်းစရာများနှင့် တောင်သူပညာပေးဟောပြောပွဲကို ဧပြီ ၁ ရက် မွန်းတည့် ၁၂ နာရီက ဟိုပုံးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနန်းတင့်က အမှာစကားပြောကြားသည်။

ယင်းနောက် ဟိုပုံးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်သိန်းက ငမြှောင်တောင်ပိုး Fall Army Worm(FAW)၏ မူရင်းဒေသမှာ အမေရိကတိုက်ဖြစ်ပြီး မုန်တိုင်းလေကြောင်းများဖြင့် ပျံ့နှံ့ရာ ၂၀၁၆ ခုနှစ်တွင် အာဖရိကနိုင်ငံများ၊ ၂၀၁၈ ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း အိန္ဒိယနိုင်ငံရှိ ပြောင်းခင်းများတွင် ကျရောက်လာပြီး နိုဝင်ဘာလမှစ၍ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်ရှိ ပြောင်းခင်းများတွင် ကျရောက်ခဲ့ကြောင်း၊ ငမြှောင်တောင်ပိုးသည် ပြောင်းနှင့် အခြားအဓိကသီးနှံများဖြစ်သော စပါး၊ မြေပဲ၊ ဟင်းသီးဟင်းရွက်နှင့် ဝါသီးနှံများအပါအဝင် သီးနှံအမျိုးပေါင်း ၈၀ ကျော်ကို စားသောက်ဖျက်ဆီးနိုင်သည့်အပြင် တစ်ညအတွင်း ကီလိုမီတာ ၁၀၀ အထိ ပျံသန်းနိုင်စွမ်းရှိကြောင်း မှတ်တမ်းများရှိခဲ့ရာ ထိရောက်စွာ ကာကွယ်နှိမ်နင်းခြင်းမရှိလျှင် သီးနှံအထွက်နှုန်းကို သိသိသာသာ ထိခိုက်စေနိုင်သည့် ဖျက်ပိုးဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခိုင်သန္တာလင်းက ငမြှောင်တောင်ပိုး၏ ဘဝစက်ဝန်း၊ ဖျက်ကောင်များ၏ အလေ့အထ၊ ကျရောက်ပုံဓလေ့၊ စားသောက်ဖျက်ဆီးပုံ၊ ဖျက်ဆီးမှုလက္ခဏာ၊ ကာကွယ်နှိမ်နင်းနည်းများကို ပရိုဂျက်တာဖြင့် အကျယ်တဝင့် တောင်သူပညာပေးဟောပြောခဲ့ပြီး ကျေးရွာ၊ ရပ်ကွက်အုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ထက်ထက်(ဟိုပုံး)**

## ဘီးလင်းမြို့နယ်၌ မိုးစပါးပျက်စီးကေများအတွက် ထောက်ပံ့ငွေပေးအပ်

**ဘီးလင်း ဧပြီ ၁**
ဘီးလင်းမြို့နယ်တွင် ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်းက ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော မိုးစပါး ၁၃၉၈၇ ဧကအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၃၁ ရက် နံနက် ၁၀ နာရီက ဘီးလင်းမြို့နယ် ငှက်ပျောတောပရိယတ္တိဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဋ္ဌေးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာတို့က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်စိုးက ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ၂၀၁၈ ခုနှစ် ဩဂုတ်လအတွင်းက ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးခဲ့သော မိုးစပါး ၁၃၉၈၇ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် တောင်သူ ၁၃၆ ဦးအား ကျေးရွာအုပ်စုအလိုက် ထောက်ပံ့ငွေများကို တာဝန်ရှိသူအသီးသီးတို့က ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**တိုတိုထွာထွာဖတ်စရာ**

### နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲကျင်းပ

**ဘိုကလေး**
ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၉ နာရီက မြို့နယ်အားကစားခန်းမတွင် ကျင်းပသည်။

အဆိုပါ နွေရာသီအခြေခံအားကစားသင်တန်းကို မတ်လ ၁၉ ရက်မှ ဧပြီ ၁ ရက်ထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၁၂ ဦးအား ရိုးရာခြင်းလုံး၊ လက်ဝှေ့၊ မြန်မာ့ရိုးရာသိုင်း၊ ကြက်တောင်ရိုက်၊ ဘောလုံး စသည့်အားကစားနည်းများကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဘိုကလေး (ပြန်/ဆက်)**

### ဝိသာခါဖောင်ဒေးရှင်းက စက်ရေတွင်းတူးဖော် လှူဒါန်း

**ချောက်**
မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ရှိ ပန်းဘဲမြောက်ရွာတွင် မတ် ၃၁ ရက် နံနက်က ဝိသာခါဖောင်ဒေးရှင်းကလှူဒါန်းသည့် စက်ရေတွင်းပေးအပ်ပွဲကို ယင်းကျေးရွာရှိ စက်ရေတွင်းဝင်းအတွင်း၌ ပြုလုပ်သည်။

မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းဝင်းက စက်ရေတွင်းလှူဒါန်းပေးမှုအပေါ် ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဝိသာခါဖောင်ဒေးရှင်း အသင်းနာယက ဒေါက်တာဝင်းမင်းသစ်က စက်ရေတွင်း လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပန်းဘဲမြောက်ကျေးရွာတွင် အိမ်ခြေ ၁၆၅ အိမ်၊ ကျေးရွာနေပြည်သူ ၇၂၀ တို့အတွက် ဝိသာခါဖောင်ဒေးရှင်းက ငွေကျပ် ၁၄၁ သိန်း အကုန်အကျခံ၍ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်မိုး (ပြန်/ဆက်)**

### ကုန်မျိုးစုံရောင်းချသောဆိုင်များအားစစ်ဆေး

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးကျော်စိုးနှင့် မြို့နယ်တာဝန်ရှိသူများသည် အစားအသောက်နှင့် မုန့်များကြောင့် ပြည်သူများ ဘေးအန္တရာယ်မဖြစ်ပေါ်စေရေး၊ ထုတ်ကုန်လုံခြုံစိတ်ချမှုရှိစေရေးအတွက် မြို့မဈေးနှင့်ဝန်းကျင်နေရာများရှိ မုန့်နှင့်ကုန်မျိုးစုံရောင်းချသောဈေးဆိုင်များတွင် တားမြစ်ထားသော စားသောက်ကုန်ပစ္စည်းများ ဈေးကွက်အတွင်းမရောင်းချရေး ဧပြီ ၁ ရက် နံနက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

### ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေး

**ဆိပ်ဖြူ**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဧပြီ ၁ ရက် နံနက် ၉ နာရီက စက္ကူရုပ်ပြပုံပြောခြင်းနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင်အကြောင်း သိကောင်းစရာများ ဟောပြောခြင်းကို ပြုလုပ်သည်။

အဆိုပါဟောပြောပွဲတွင် ဆိပ်ဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က သဘာဝပတ်ဝန်းကျင်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ စက္ကူရုပ်ပြ ပုံပြင်များကို ဦးညွှန့်အောင်ကလည်းကောင်း၊ ဝေါ်ဗွီးရှင်း(မြန်မာ) ဆိပ်ဖြူမြို့နယ်ရုံးမှ ဦးဇော်မင်းထိုက်နှင့် ဒေါ်စိမ်းပိုင်တို့က ကလေးသူငယ်အခွင့်အရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

### တတိယတန်းသင်ရိုးသစ် အလုပ်ရုံဆွေးနွေး

**စစ်တွေ**
တတိယတန်း Grade.3 သင်ရိုးသစ် ရခိုင်ပြည်နယ်အဆင့်နည်းပြသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၁ ရက် နံနက် ၈ နာရီတွင် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မဟာပညာကျော်ခန်းမ၌ ကျင်းပရာ သင်တန်းသား သင်တန်းသူ ၁၃၆ ဦး တက်ရောက်ကြသည်။

အလားတူ နံနက် ၉ နာရီတွင် စစ်တွေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကလေးပျော်ကျောင်းစီမံကိန်း CFS ပြည်နယ်အဆင့် နည်းပြသင်တန်းကို ၁၀ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းသား၊ သင်တန်းသူ ၁၆၇ ဦး တက်ရောက်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### မင်းတုန်းမြို့တွင် စည်းကမ်းမဲ့ဆိုင်ကယ်မောင်းနှင်သူများအား အရေးယူ

**မင်းတုန်း**

သရက်ခရိုင် မင်းတုန်းမြို့၌ မေ ၁ ရက် နံနက် ၉ နာရီတွင် မြို့နယ်ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူများကို အရေးယူဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ဆိုင်ကယ်စီးဦးထုပ် မဆောင်းသူများ၊ မေးသိုင်းကြိုးမတပ်သူများ၊ နောက်ကြည့်မှန်နှင့် နံပါတ်ပြားမပါရှိသည့် ဆိုင်ကယ်မောင်းနှင်သူများအား အရေးယူနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချင်းကလေး(မင်းတုန်း)**

### တနိုင်းမြို့နယ်တွင် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**တနိုင်း**

မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တရုံကျေးရွာအတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သော အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနား (၁/၂၀၁၉) ကို မတ် ၃၁ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ရှင်ဗွေယန် မြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းကျော်နှင့် တနိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေထွန်းတို့ တက်ရောက်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

### မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာစေရေး စုပေါင်းအမှိုက်ကောက်

**သရက်**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး ရည်ရွယ်၍ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးဆောင်မှုဖြင့် မတ် ၃၁ ရက် နံနက် ၇ နာရီမှ စတင်ကာ စုပေါင်းအမှိုက်ကောက်ခြင်းကို ဆောင်ရွက်ခဲ့သည်။

သရက်ခရိုင်ခန်းမရှေ့ကမ်းနားလမ်းမှစတင်၍ ရုံးရပ်ကွက်၊ ကမ်းနားလမ်း၊ လမ်းမတော်၊ မင်းတုန်းလမ်းနှင့် သရက်-ကံမလမ်းဆုံထိ လမ်းဘေးဝဲ/ယာ များရှိ ပလတ်စတစ်အမှိုက်များအား ဌာနဆိုင်ရာဝန်ထမ်း ၉၃ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၄၅ ဦး၊ မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင် ၁၇ ဦး၊ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်း ၁၆ ဦး စုစုပေါင်းဝန်ထမ်း ၁၇၁ ဦးတို့ စုပေါင်း အမှိုက်ကောက်ခဲ့ကြောင်း သိရသည်။

**ဇော်ထက်(ပြန်/ဆက်)**

**သံတောင်**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် သံတောင်မြို့တွင် မေ ၁ ရက် နံနက် ၇ နာရီက မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ကိုကိုဝင်း ဦးဆောင်ပြီး သံတောင်မြို့ ဗဟိုလမ်းမကြီး ဘေးဝဲ/ယာ တစ်လျှောက် ရေမြောင်းများအတွင်း အမှိုက်သရိုက်များကို ရှင်းလင်းဖယ်ရှားခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တပ်မတော်အရာရှိစစ်သည်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ထွေ/အုပ်မှ ဝန်ထမ်းများ ၊ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများ၊ ဒေသခံများက စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်သူများနားနေရန် မီးခိုးငွေ့ကင်းစင်နယ်မြေ တည်ထောင်ထားရှိ



**တာချီလိတ် မေ ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့တွင် နယ်စပ်ဖြတ်ကျော် မီးခိုးငွေ့များကြောင့် လေထုညစ်ညမ်းမှုမြင့်တက်လာလျက်ရှိသဖြင့် ပြည်သူများ နားနေရန် ရှမ်းရိုးမကွင်းတွင် မီးခိုးငွေ့ကင်းစင်နယ်မြေတစ်ခု တည်ထောင်ထားရှိကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၏ မတ် ၃၁ ရက် နံနက် ၁၀ နာရီ တိုင်းတာချက်အရ လေထုညစ်ညမ်းမှု အညွှန်းကိန်း AQI (502) သို့ ထပ်မံမြင့်တက်လာခဲ့သဖြင့် ပြည်သူများသို့ အချက်ရှစ်ချက်ပါသော ကြေညာချက်ထုတ်ပြန်ကာ အသိပေးနှိုးဆော်ခဲ့သည်။

လေထုညစ်ညမ်းမှုဒဏ်မှ ပြည်သူများအတွက် သက်သာရာရစေပြီး နားနေနိုင်ရန် မီးခိုးငွေ့ကင်းစင် နယ်မြေတစ်ခုကို ရှမ်းရိုးမကွင်းအတွင်း၌ တည်ထောင်ထားရှိပြီး မတ် ၃၁ ရက် ညနေပိုင်းမှစ၍ ပြည်သူများ လာရောက်နားနေလျက်ရှိကြောင်း သိရသည်။

ယင်းမီးခိုးငွေ့ကင်းစင် နယ်မြေကို မိုးကာတဲများဖြင့်ဆောက်လုပ်ကာ ရေမှုန်ရေမွှားများဖြင့် ပက်ဖျန်းရန် ရေခေါင်းခြောက်ခု တပ်ဆင်ပေးထားပြီး ရေများကို ပက်ဖျန်းပေးနေမည်ဖြစ်သည်။

ပြည်သူများအတွက် အကာအကွယ်နှာခေါင်းစည်းများ စီစဉ်ထားပြီး အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် ရှေးဦးသူနာပြုစုခြင်းနှင့် အရေးပေါ်ပြည်သူ့ဆေးရုံသို့ ဆက်လက်ပို့ဆောင်ကုသမှုပေးနိုင်ရန်အတွက်လည်း စီစဉ်ပေးထားကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဝက်နှင့် ဝက်ထွက်ပစ္စည်းများတင်သွင်းမှု ယာယီကန့်သတ်

**မန္တလေး မေ ၁**

အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever) ကျရောက်ဖြစ်ပွားပြီး ဝက်အများအပြားသေဆုံးလျက်ရှိရာ မြန်မာနိုင်ငံသို့ ရောဂါပိုးကူးစက်ဝင်ရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရန်အတွက် ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်ဝင်ပေါက်များနှင့် လေဆိပ်၊ ရေဆိပ်များမှတစ်ဆင့် သယ်ယူခြင်း၊ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းများမပြုလုပ်ရန် ယာယီတားဆီးပိတ်ပင်ထားသည်။

မန္တလေးတိုင်းဒေသကြီးတွင် အာဖရိကဝက်အပြင်းဖျားရောဂါကူးစက်ပျံ့နှံ့မှုမရှိစေရေး ဇီဝလုံခြုံမှုများ စနစ်တကျမြှင့်တင်နိုင်ရန် ဝက်မွေးမြူသူများအား အသိပညာပေးဟောပြောခြင်းများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက လုပ်ဆောင်လျက်ရှိသည်။

မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မတ် ၂၉ ရက်နှင့် ၃၀ ရက်တို့က အာဖရိကဝက်အပြင်းဖျားရောဂါဖြစ်ပွားနေသော နိုင်ငံများ၏ လေကြောင်းလိုင်းများမှ ခရီးသည်များ သယ်ဆောင်လာစဉ် သိမ်းဆည်းတွေ့ရှိသော ဝက်သားခြောက်များနှင့် ဝက်အူချောင်းများအား တိရစ္ဆာန်ကျန်းမာရေးဓာတ်ခွဲခန်းမှ စစ်ဆေးရန် နမူနာပစ္စည်းများကောက်ယူခြင်းနှင့် ယာယီကန့်သတ်ထားသော ဝက်ထွက်ပစ္စည်းများအား လေဆိပ်တွင် မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။

**မောင်ပြည်သူ(မန္တလေး)**

## မြို့နယ်အချို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွား



**ကလေးဝ**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်တွင် မတ် ၃၁ ရက် ညနေ ၄ နာရီကျော်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်နှင့် အခြားအဆောက်အအုံများ သွပ်မိုးလန်၍ ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ကလေးဝမြို့နယ်အတွင်းရှိ မြို့မ၊ ရွာသာ၊ သစ်ချောက်ကျေးရွာအုပ်စုတို့မှ အိမ်ထောင်စု ၆၇ စုမှ သွပ်မိုး ၉၂၂ ချပ်၊ ဘုန်းတော်ကြီးကျောင်းနှင့် အခြားအဆောက်အအုံများ သွပ်အချပ် ၃၀ စုစုပေါင်း သွပ် ၉၅၂ ချပ် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**ခါမ်းပါတ်**

စစ်ကိုင်းတိုင်းဒေသကြီး ခါမ်းပါတ်မြို့တွင် မတ် ၃၁ ရက် ညနေ ၄ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ခါမ်းပါတ်မြို့ အမှတ်(၁) ရပ်ကွက် အလယ်တန်းကျောင်းခွဲရှိ စာသင်ဆောင်တစ်ဆောင်ရှိ အမိုးသွပ်ပြား အချပ် ၁၀၀ ခန့် လွင့်ပါ အမိုးများ ပျက်စီးခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းထွန်း**

**မတူပီ**

ချင်းပြည်နယ် မတူပီမြို့ ဖနိုင်ကျေးရွာတွင် မတ် ၃၁ ရက် ည ၁၀ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် ကျောင်းဆောင်အပါအဝင် လူနေအိမ်တချို့ အမိုးလန်ပျက်စီးသွားကြောင်း သိရသည်။

"မနေ့ည ၁၀ နာရီခွဲမှာ လေးပြင်းစတိုက်ခတ်တာ နာရီဝက်လောက်ကြာတယ်။ လေပြင်းတိုက်ခတ်မှုကြောင့် (အမက ဖနိုင်ကျောင်း) ကျောင်းဆောင်တွေ အမိုးလန်သွားတယ်။ လူနေအိမ်တချို့လည်း အမိုးလန်ပျက်စီးကုန်တယ်" ဟု ဒေသခံ ဦးမိုးလင်းက ပြောပြသည်။

**ဗန်ရိုးထန် (ပြန်/ဆက်)**

**ဖယ်ခုံ**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် မတ် ၃၁ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ပင်မသစ်သားကျောင်းဆောင် အမိုးများ ပျက်စီးခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် အထကကျောင်းဝင်းအတွင်းမှ အလျား ပေ ၁၈၀၊ အနံ ၂၉ ပေ ခရေဆောင်(ပင်မဆောင်) ၏ ခေါင်မိုးသွပ်များနှင့် သစ်သားအမိုးတန်းများ ပျက်စီးခဲ့ကြောင်း သိရသည်။

နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းကော်မတီအဖွဲ့တို့က သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**



## ပါဠိပထမပြန် စာအောင်ဆုနှင်းသဘင်ကျင်းပ

**မိုးကောင်း ဧပြီ ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ပါဠိပထမပြန်စာမေးပွဲ၌ မိုးကောင်းစာဖြေဌာနမှ ဖြေဆိုအောင်မြင်တော်မူကြသည့် စာဖြေသံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်သည့် စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မိုးကောင်းမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းက သာသနာရေးရာများလျှောက်ထားပြီး ရိပ်သာဆရာတော် အမှူးပြု ဆရာတော်ကြီးများ၊ စာမေးပွဲကြီးကြပ်ဆရာတော်များ၊ စာသင်တိုက်များမှ စာချဆရာတော်များအား တက်ရောက်လာသူများက လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စာအောင်သံဃာတော် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၆၄ ပါးတို့အား အောင်လက်မှတ် ဆက်ကပ်ကြသည်။

အခမ်းအနားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**သန်းလွင်ဦး(ပြန်/ဆက်)**

## တန်ခူးလအတွက် သင်္ကြန်ပွဲနှင့် ပိတောက်ပန်း၊ ကံ့ကော်ပန်းပါ ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ်ရောင်းချပေးမည်

**နေပြည်တော် ဧပြီ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ၁၂ လရာသီပွဲတော်များနှင့် ပန်းများ အထိမ်းအမှတ် တန်ခူးလအတွက် သင်္ကြန်ပွဲနှင့် ပိတောက်ပန်း၊ ကံ့ကော်ပန်းပါ ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို ၂၀၁၉ ခုနှစ် ဧပြီ ၅ ရက် မြန်မာ့သက္ကရာဇ် ၁၃၈၀ ပြည့်နှစ် တန်ခူးလဆန်း ၁ ရက် သောကြာနေ့ နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက် အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဧပြီ ၅ ရက်၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့ စာအိတ် (firstday cover) ပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## အောင်ပွဲရ မြန်မာမြားပစ်အသင်းပြန်လည်ရောက်ရှိ



**ရန်ကုန် ဧပြီ ၁**

အောင်ပွဲရ မြန်မာမြားပစ်အသင်းသည် ယမန်နေ့ညပိုင်းက UB-108 လေကြောင်းဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့်အဖွဲ့၊ မြန်မာနိုင်ငံ မြားပစ်အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားသမားများက ဂုဏ်ပြု ကြိုဆိုခဲ့ကြသည်။

Asia Cup World Ranking Tournament Stage I, 2019 မြားပစ်ပြိုင်ပွဲအား မတ် ၂၄ ရက်မှ ၃၁ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာ အားကစားကွင်းတွင် ကျင်းပရာ အဆိုပါပြိုင်ပွဲသို့ ကိုရီးယား၊ တရုတ်၊ အိန္ဒိယ၊ တရုတ်(တိုင်ပေ)၊ မွန်ဂိုလီးယား၊ ဟောင်ကောင်၊ နယူးဇီလန်၊ ကာတာ၊ ရုရှား၊ ကာဇက်စတန်၊ အီရန်၊ ဆော်ဒီအာရေးဗီးယား၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ နီပေါ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်း၊ ဗီယက်နမ် အစရှိသော ကမ္ဘာ့အဆင့်၊ အာရှအဆင့် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ Recurve အားကစားသမား ၁၁၄ ဦး၊ Compound အားကစားသမား ၈၈ ဦး စုစုပေါင်း ၂၀၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ မတ် ၃၀ ရက်တွင် Recurve Men Team, Recurve Women Team နှင့် Recurve Mixed Team ရှုံးထွက် ပွဲစဉ်များကို ယှဉ်ပြိုင်ခဲ့ရာ၌ Recurve Mixed Team ပြိုင်ပွဲ(၁/၈) Elimination တွင် နေလင်းဦးနှင့် သီတာနွယ်တို့အတွဲက ၂၉ ဆီးဂိမ်း ငွေတံဆိပ်ဆုရ မလေးရှားအသင်းအား (၆း၀)မှတ်ဖြင့်လည်းကောင်း၊ (၁/၈)Elimination တွင် ကမ္ဘာ့အဆင့် (၅) ရှိသော ရုရှားအသင်းကို (၅း၄) မှတ်ဖြင့်လည်းကောင်း၊ ဆီမီးဖိုင်နယ်တွင် ဘင်္ဂလားဒေ့ရှ်အသင်းကို (၅း၄)မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့်(၇)ရှိသော အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရာ၌ (၂း၆) မှတ်ဖြင့် ရှုံးနိမ့်ကာ ငွေတံဆိပ် ရရှိခဲ့သည်။

အဆိုပါ Recurve Mixed Team ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၇)ရှိ အိန္ဒိယအသင်းက ပထမ၊ မြန်မာအသင်းက ဒုတိယ၊ ကမ္ဘာ့အဆင့် ၁၃ ရှိ တရုတ်နိုင်ငံက တတိယအသီးသီး ရရှိခဲ့ကြပြီး ပြိုင်ပွဲများအပြီးတွင် မြန်မာနိုင်ငံက အဆင့်(၇) ၌ ရပ်တည်ခဲ့ကြောင်း သိရသည်။

**မြင့်စိုး**



## ဖန်းမော်၌ ပထမဆုံးအကြိမ် လမ်းလျှောက်သင်္ကြန်ပွဲ ကျင်းပမည်


**ဖန်းမော် ဧပြီ ၁**


ကချင်ပြည်နယ် ဗန်းမော်မြို့၌ ၂၀၁၉ ခုနှစ် ဧပြီလတွင်ကျရောက်မည့် မြန်မာ့ရိုးရာ နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်တွင် ပထမဆုံးအကြိမ်အဖြစ် လမ်းလျှောက်သင်္ကြန်ပွဲတော် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"လမ်းလျှောက်သင်္ကြန်ပွဲတော်ကို သိမ်တော်ကြီးရှေ့လမ်းဆုံမှတစ်ဆင့် ဗလမင်းထင်မြို့တော်ခန်းမရှေ့လမ်းမကြီးတစ်လျှောက်မှ အထက (၁) နှင့်(၂) လမ်းဆုံအထိ ကျင်းပသွားမှာပါ။ ရေလိုအပ်ချက်ကိုတော့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နဲ့ မီးသတ်တပ်ဖွဲ့က ရေသယ်ယာဉ်တွေနဲ့ ပေးပို့သွားမှာပါ" ဟု လမ်းလျှောက်သင်္ကြန်ပွဲတော်ဖြစ်မြောက်ရေး တာဝန်ရှိသူတစ်ဦးက ပြောသည်။

လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ရောင်စုံအလှထီးများဖြင့် အလှဆင်ပေးထားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများက စတုဒိသာဖြင့်ကျွေးမွေးဧည့်ခံကာ ယိမ်းအကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



ကြေးမုံ

မေ ၂၊ ၂၀၁၉

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

(၂) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၁၉ ခုနှစ်၊ ဧပြီ လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

ဝ - ၁၁၇၂၃၃

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ဋ - ၁၀၇၉၅၇ မ - ၄၂၆၅၀၇

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀၀)ဆုများ

ဇ - ၁၆၇၂၆၀
ဟ - ၂၈၀၆၆၄
ဠ - ၇၃၈၈၀၆

| | |
|---|---|
| ကခ - ၁၂၆၃၃၀ | ကက - ၉၃၇၉၆၃ |
| ဒ - ၄၉၄၀၄၈ | န - ၉၈၀၀၆၅ |

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဝ - ၁၇၅၇၉၇
ရ - ၂၆၀၂၈၁
ည - ၇၀၂၁၅၈
ခ - ၈၆၄၁၁၃
ည - ၉၇၂၂၀၃

| | |
|---|---|
| စ - ၃၃၆၆၀၉ | ဏ - ၈၃၅၉၇၇ |
| ဓ - ၄၀၆၇၀၀ | ကဃ - ၉၈၃၉၁၄ |

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ကဂ - ၁၄၃၄၁၀ | ဘ - ၅၅၇၂၄၃ |
| မ - ၁၄၅၅၅၉ | ဖ - ၅၆၈၉၀၉ |
| ဘ - ၁၆၂၇၆၅ | ကဆ - ၅၇၈၈၈၂ |
| ယ - ၄၄၉၀၁၈ | |

| | |
|---|---|
| မ - ၄၄၃၆၅၀ | ဇ - ၆၁၉၃၈၃ |
| ပ - ၄၅၅၉၄၂ | ဋ - ၆၈၈၇၆၉ |
| ရ - ၄၈၄၃၁၈ | ထ - ၉၃၃၉၇၆ |
| ဓ - ၅၉၀၅၀၇ | င - ၉၈၄၄၈၅ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

| | |
|---|---|
| ဖ - ၄၀၉၇၆၃ | ဝ - ၆၃၉၇၅၆ |
| သ - ၄၂၁၀၁၀ | ဝ - ၈၃၂၆၁၅ |
| တ - ၄၇၉၉၂၇ | ကက - ၈၅၂၀၇၂ |
| မ - ၄၉၃၈၃၀ | ကခ - ၈၇၃၄၆၂ |
| ဆ - ၅၆၂၄၃၅ | |

| | |
|---|---|
| င - ၄၅၈၇၀၆ | |
| ကဃ - ၅၇၄၆၇၂ | |
| ကဂ - ၆၂၉၃၇၃ | |
| န - ၈၆၆၆၅၇ | ကက - ၉၁၆၆၃၅ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| ကင - ၂၁၈၁၈၇ | ဈ - ၃၆၁၈၈၅ | စ - ၆၆၁၁၂၇ |
| ဍ - ၃၀၁၁၈၃ | ဖ - ၄၃၇၀၈၆ | ဋ - ၇၃၆၉၁၅ |
| ယ - ၃၀၉၈၁၃ | အ - ၆၀၈၅၇၆ | သ - ၇၆၇၃၄၃ |
| ကစ - ၃၃၂၈၀၃ | ရ - ၆၅၈၃၆၃ | ဇ - ၈၇၆၃၁၄ |

ဈ - ၄၅၃၆၉၇ ဋ - ၉၁၀၉၄၂

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | | | | |
|---|---|---|---|---|
| ဂ - ၃၅၁၁၅၃ | ထ - ၄၂၇၄၄၆ | ဂ - ၅၇၈၆၈၂ | ယ - ၇၈၄၁၄၅ | ဎ - ၉၀၄၇၅၇ |
| င - ၃၅၉၅၉၈ | က - ၄၆၀၇၄၂ | ဠ - ၅၈၅၈၀၈ | ဎ - ၈၅၉၀၅၂ | ပ - ၉၆၈၉၆၃ |
| ကစ - ၃၇၅၉၆၁ | ဠ - ၄၈၅၅၉၄ | ဆ - ၆၉၉၄၅၇ | ကစ - ၈၆၄၃၆၁ | ယ - ၉၇၂၆၄၁ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | | |
|---|---|---|---|
| င - ၁၉၉၁၅၄ | ယ - ၅၁၆၃၅၂ | ဋ - ၆၈၃၀၉၉ | ဏ - ၈၂၁၂၁၉ |
| ယ - ၂၉၀၁၆၃ | ဓ - ၅၁၈၇၅၁ | ဂ - ၇၀၂၂၅၃ | ဠ - ၈၉၁၅၀၇ |
| က - ၃၂၀၃၁၀ | စ - ၅၆၆၂၇၆ | ကဂ - ၇၇၃၄၇၆ | င - ၉၉၈၅၉၆ |
| ည - ၅၀၅၃၃၁ | ဏ - ၆၅၆၈၇၄ | ရ - ၇၉၆၃၇၉ | |

င - ၈၆၇၁၀၀

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ပ - ၁၁၈၅၃၂ | ကခ - ၄၉၀၆၉၅ | တ - ၆၆၆၁၆၆ | န - ၇၆၁၇၇၉ |
| ဓ - ၁၈၀၆၉၅ | ဒ - ၅၂၅၉၉၄ | ကခ - ၇၀၈၆၀၃ | ရ - ၈၇၄၉၄၀ |
| ယ - ၂၀၀၉၇၅ | ဏ - ၅၃၉၁၄၀ | ဇ - ၇၁၃၅၉၂ | ဇ - ၈၉၉၀၃၈ |
| ခ - ၃၇၈၉၆၉ | ခ - ၆၀၄၉၂၃ | က - ၇၁၃၉၉၇ | |

စ - ၇၂၀၀၃၁

### ဆုတစ်ဆုချင်း ကျပ်(၅)သိန်းဆုများ

| | | | | |
|---|---|---|---|---|
| ဝ - ၁၀၂၆၅၄ | ဆ - ၁၈၇၉၉၁ | ဂ - ၄၀၃၇၀၅ | ဈ - ၅၉၆၆၃၆ | ယ - ၇၉၄၅၉၂ |
| ည - ၁၅၇၂၀၃ | ဎ - ၃၂၃၈၉၀ | ဏ - ၄၄၉၃၂၄ | မ - ၅၉၆၆၉၉ | ကဆ - ၈၄၉၁၅၅ |
| င - ၁၈၀၁၃၈ | ဒ - ၃၈၂၉၉၂ | ဈ - ၅၃၃၇၅၁ | ဘ - ၆၈၉၉၇၈ | ဟ - ၉၆၄၅၇၉ |

## [illegible] ဆုမဲစနစ်

### [illegible] ကျပ်(၃)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ထ - ၂၆၄၉၈ | ဍ - ၃၅၄၉၇ | ဖ - ၅၁၅၀၀ | မ - ၆၀၈၅၀ | ဇ - ၇၂၇၄၆ | တဖ - ၉၉၅၇၅ |
| ဓ - ၃၀၃၀၃ | အ - ၄၂၅၆၀ | မ - ၅၈၂၂၄ | တတ - ၇၀၀၃၈ | ဈ - ၇၆၀၇၉ | |
| ဠ - ၇၅၀၀၅ | ဗ - ၄၄၄၇၇ | ဈ - ၁၉၉၁၇ | င - ၇၀၄၄၂ | [illegible] - ကျပ်(၃)သိန်း | |

### [illegible] ကျပ်(၂)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ယ - ၁၂၉၆ | တဝ - ၃၅၀၉ | မ - ၅၀၇၂ | ဓ - ၅၄၄၆ | လ - ၈၂၉၉ | င - ၉၄၄၉ |
| ဝ - ၁၄၆၆ | သ - ၄၄၅၈ | သ - ၅၇၅၇ | ရ - ၆၄၀၆ | ရ - ၈၄၅၀ | |
| ပ - ၂၄၅၀ | ဓ - ၄၇၉၆ | တဆ - ၅၄၀၂ | ဈ - ၇၄၂၇ | [illegible] - ကျပ်(၂)သိန်း | |

### [illegible] ကျပ်(၁)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| တစ - ၁၀၀ | ဆ - ၃၈၉ | စ - ၄၉၈ | ဠ - ၇၂၈ | ဌ - ၉၀၉ | ဟ - ၉၇၉ |
| ပ - ၁၇၅ | ပ - ၄၄၇ | တဆ - ၅၄၈ | ဝ - ၇၃၆ | ခ - ၉၇၂ | ဓ - ၉၇၉ |
| တခ - ၂၀၃ | ယ - ၄၅၀ | တင - ၅၆၇ | အ - ၈၄၈ | တခ - ၉၅၀ | သ - ၉၉၂ |

[illegible] - ကျပ်(၁)သိန်း

### [illegible] ကျပ်(၅)သောင်းဆုများ

| | | | | | |
|---|---|---|---|---|---|
| သ - ၁၅ | ဝ - ၂၇ | ဠ - ၄၇ | ဍ - ၆၂ | င - ၆၈ | တတ - ၈၉ |
| ဓ - ၂၀ | အ - ၃၅ | လ - ၄၉ | ဓ - ၆၃ | ဖ - ၈၀ | တ - ၉၉ |
| ဟ - ၂၇ | က - ၃၉ | ည - ၅၂ | ဏ - ၆၇ | ဂ - ၈၂ | |
| ဟ - ၂၆ | ဝ - ၄၇ | ဓ - ၆၁ | ခ - ၆၈ | | |

[illegible] - ကျပ်(၅)သောင်း

(၂၆) ကြိမ်မြောက် ကျပ်၅၀၀ တန်ထီပေါက်စဉ် ၂၀၁၉ ခုနှစ် ၊ မေလ (၁) ရက်နေ့

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဠ - ၃၇၄၄၇၀

### ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၁၀၀၀)ဆုများ

ဠ - ၇၀၂၁၆၉

### ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၅၀၀)ဆုများ

င - ၈၈၆၉၀၆

[illegible]

ဈ - ၆၈၉၃၀၆
ခ - ၇၇၇၈၅၀

### ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၃၀၀)ဆုများ

ယ - ၆၁၉၀၂၉

[illegible]

ဆ - ၀၃၀၇၄၅ ခ - ၇၄၆၆၆၇
ဆ - ၄၆၇၉၉၉

### ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၁၀၀)ဆုများ

ယ - ၁၅၄၅၇၅

### ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၅၀)ဆုများ

င - ၇၁၅၅၇၄ ဆ - ၉၄၈၆၅၄

### ဆုကြီးတစ်ဆုစီ ကျပ်သိန်း(၃၀)ဆုများ

ဈ - ၃၈၅၁၅၄
ခ - ၆၁၄၁၇၁

[illegible]

ခ - ၁၁၇၂၇၀

### ဆုကြီးတစ်ဆုစီ ကျပ်(၁၀)သိန်းဆုများ

| | | |
|---|---|---|
| က - ၆၂၄၇၄၁ | ခ - ၆၆၁၁၁၁ | တ - ၈၂၇၁၁၇ |
| ခ - ၆၅၁၃၄၆ | င - ၇၈၁၆၁၀ | ဠ - ၉၇၅၀၂၂ |

[illegible]

ယ - ၈၄၂၈၀၉

## [illegible] ဆုမဲစနစ်

### [illegible] ကျပ်(၃)သိန်းဆုများ

ဍ - ၅၈၂၈၅

[illegible] - ကျပ်(၃)သိန်း

### [illegible] ကျပ်(၂)သိန်းဆုများ

ဍ - ၆၀၈၄

[illegible] - ကျပ်(၂)သိန်း

### [illegible] ကျပ်(၁)သိန်းဆုများ

ခ - ၈၅၆

[illegible] - ကျပ်(၁)သိန်း

### [illegible] ကျပ်(၅)သောင်းဆုများ

ဠ - ၄၆
ဓ - ၇၄

[illegible] - ကျပ်(၅)သောင်း

က။ [illegible]

၂။ [illegible]

၃။ [illegible]

[illegible]

[illegible] www.irdmyanmar.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။

ညီးစိမ်မင်း
09-444450446, 09-444450558, 09-250144709
F.B Page:

ရွှေလမ်းညွှန်
ထားဝယ် (ရှင်ကိုးရှင်)၊ မျှော်ရစ်၊ မောင်းမကန်
ဘားအံ ဂူ(၅)ဂူ၊ မြဝတီ၊ မဲဆောက် ( ၆ ) ရက်
87000 Apr 19
09-420087371, 09-262705136

## လှိုင်မဟာစည်(၄၀)နှစ်ပြည့်နှင့် မဟာသကြ္ကန်ဝိပဿနာတရားစခန်း

ရန်ကုန်မြို့ လှိုင်မဟာစည်ဝိပဿနာကျောင်းတိုက်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ပညာပါရမီတော်ဖြည့် မဟာသတိပဋ္ဌာန် မိဂဒါဝုန်ဝိပဿနာသင်တန်း (၁၇)ရက် တရားစခန်းကို လှိုင်မဟာစည်(၄၀)နှစ်ပြည့် (သာသနမာန်အောင် ကမ္မဋ္ဌာန်းဌာန) (၈၆)နှစ်ပြည့် ၁၂-၄-၂၀၁၉ရက်မှ ၂၈-၄-၂၀၁၉ ရက်ထိ မဟာသကြ္ကန်တွင်း အထူးတရားစခန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

ကျေးဇူးရှင် သက်တော်ရှည် လှိုင်မဟာစည်ဆရာတော်ကြီးကိုယ်တိုင် အခြေခံမှစ၍ နည်းစနစ်ကျနစွာ သင်ပြဟောကြားပေးတော်မူမည်ဖြစ်ပြီး မည်သူမဆို (ဆွမ်း၊ ရေ၊ မီး စရိတ်)အခမဲ့ဖြင့် လာရောက်တရားစခန်းဝင် အားထုတ်နိုင်ပါသည်။ တရားစခန်း ဝင်လိုသူ၊ ဆွမ်း၊ ရေ၊ မီး စရိတ် လှူဒါန်းလိုသူများ ကိုယ်တိုင်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်။ (ယောဂီစာရင်း)ကြိုတင်ပေးသွင်းနိုင်ပါသည်။ နေရာအတွက် အရင်ရောက်သူ ဦးစားပေးဖြစ်ပါသည်။

**လှိုင်မဟာစည်မိဂဒါဝုန်ဝိပဿနာသင်တန်းကြီး**
**ဖြစ်မြောက်ရေးကော်မတီ**
**ယောဂီကျောင်းလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၂၆၁၈၂၊ ၀၁-၅၂၁၁၀၇၊ ၀၁-၅၁၉၇၅၀၊ ၀၉-၇၉၅၅၆၃၉၀၆၊ ၀၉-၇၇၉၅၉၉၇၀၉၊**
**၀၉-၇၉၅၅၆၃၈၀၆၊ ၀၉-၇၉၅၅၅၅၉၀၄**

ကိုညာဏ် KO NYAN
Car Rental & Travel Service
ဘုရားဖူးခရီးစဉ်အမျိုးမျိုးနှင့်လချုပ်အတွက်
Model မြင့် ကားသစ် မျိုးစုံ ငှား/ဝယ်/ငှားရန်ရှိသည်၊
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09-5078440, 01-551649, 01-209183

ဆယ်တန်းဘာသာရံ
Camp
Phy, Che, Maths
0930048155, 0973229828, 09261278044

ဒဂုံမြို့သစ်
မြောက်ပိုင်း
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်၊
09-730 90 100
09-250644566

## မင်းကွန်းတိပိဋက-နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ လှူဒါန်းနိုင်ပါသည်

၁။ ... ကျပ်-၁၀၀၀၀/- ဓိတ်ရှုက်
၂။ ... ကျပ်-၂၀၀၀၀/- ခရီ
၃။ ရေ မီး ... ကျပ်-၅၀၀၀/- လှူဒါန်း
၄။ ... ကျပ်-၅၀၀၀/- နိုင်
၅။ ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း ကျပ်-၅၀၀၀၀/- ပါသည်
၆။ ကျောင်းရှိသံဃာအကုန်နေ့ဆွမ်း ကျပ်-၁၀၀၀၀၀/-

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ

၁။ ... ရန်ကုန်၊ တိပိဋကကျောင်းတော်၊ အမှတ်(၁၂) ...
-မြန်မာ့စီးပွားရေးဘဏ် ... ရန်ကုန် A/C No.SS.177064
-KBZ BAHOSI BR Yangon. A/C No.061-301-06100094501 (U Thein Hlaing)
-AGD Bank(MGTN), A/c 3240301000254013
ရန်ကုန်မြို့ ဖုန်း- ...
၂။ ...

ဆက်ဆွယ် (SUD SUAI)

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့နေ (ဦးဖေဝင်း)-ဒေါ်မြင့်မြင့်ဦးတို့၏သမီး ဒေါ်မူယာဖြူဖြူဝင်း[၁၂/သဃက(နိုင်)၀၀၀၀၈၀]သည် မိဘတို့၏ ဆိုဆုံးမမှုကို လိုက်နာရန် အကြိမ်ကြိမ်ပျက်ကွက်ခဲ့သည့်အတွက် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မိခင်-ဒေါ်မြင့်မြင့်ဦး
[၁၀/မလမ(နိုင်)၀၂၀၃၄၃]

မိဘမေတ္တာ
အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
09-250937816
09-454899971

မိုးရှာမောင်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
အိမ်ခန်း၊ ရုံးခန်းများကို 15', 16' Box ကားနှင့် လုပ်သားများအပါ။
မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးပါသည်။
09 5024774
09 73179228
09 49155515

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
ရန်ကုန်ပဲခူးလမ်းမအနီး
YBS 37 ဂိတ်ဆုံးမြို့ပေါ်
ရပ်ကွက်၊ စားပင်သီးပင်အပါ
၄၀×၆၀ = သိန်း ၁၅၀မှ ၂၀၀ထိ
အတွင်းရောင်းရန်ရှိသည်။
အမည်ပေါက်ရရှိပါမည်။
09-5112531



## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာကျော်လွင် (John)
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကျန်းမာရေးဦးစီးဌာန**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ ခြံအမှတ် (၁၉/က)နေ ဒေါက်တာကျော်လွင် (John)(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန)သည် ၃၀-၃-၂၀၁၉ (စနေနေ့) ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဇနီး**
**ဒေါက်တာဒေါ်နန်းခမ်းမိုင် မိသားစု**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာကျော်လွင် (John)
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကျန်းမာရေးဦးစီးဌာန**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ ခြံအမှတ် (၁၉/က)နေ ဒေါက်တာကျော်လွင် (John)(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ ကျန်းမာရေးဦးစီးဌာန) သည် ၃၀-၃-၂၀၁၉ (စနေနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး**
**အမြဲတမ်းအတွင်းဝန်များနှင့် အရာထမ်း၊ အမှုထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးကျော်လွင် (John)
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကျန်းမာရေးဦးစီးဌာန**
**အသက် (၈၈) နှစ်**

မြန်မာနိုင်ငံ၊ အနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်းလုပ်ငန်းတွင် နှစ်ရှည်လများ တာဝန်ထမ်းဆောင်ပံ့ပိုးကူညီအကြံပေးခဲ့သော ဆရာကြီး ဒေါက်တာ ဦးကျော်လွင်သည် ၃၀-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအနာကြီးရောဂါတိုက်ဖျက်ရေးစီမံကိန်းဌာနစိတ်မှ**
**အရာထမ်း၊ အမှုထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးကျော်လွင် (John)
**ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ ကျန်းမာရေးဦးစီးဌာန**
**အသက် (၈၈) နှစ်**

မြန်မာနိုင်ငံ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဖွဲ့စည်းပေးခဲ့သော Technical Advisory Group for Leprosy Control ၏ နာယကဖြစ်သူ ဆရာကြီး ဒေါက်တာဦးကျော်လွင်သည် ၃၀-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**TAG အဖွဲ့ဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဦးကျော်လွင်
**အသက်(၈၈)နှစ်**

ကျန်းမာရေးဦးစီးဌာန (ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ (မြန်မာနိုင်ငံဆရာဝန်အသင်း၊ ဗုဒ္ဓဘာသာအသင်း-နာယကကြီး)ဒေါက်တာဦးကျော်လွင်သည် ၃၀-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ထွေးကြည်
**အသက်(၈၆)နှစ်**

ဦးဝင်းသူ-ဒေါ်ခင်စုစုလင်း (1994 Sr Agri)တို့၏ မိခင်ဖြစ်သူ ဒေါ်ထွေးကြည် အသက်(၈၆)နှစ် သည် ၃၁-၃-၂၀၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၉၄ စီနီယာ စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသူ/ကျောင်းသားများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်သန်းမာ
**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ L.F.M.E**
**အသက် (၇၁) နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ နှင်းဆီကုန်းလမ်း၊ အမှတ်(၆၁)နေ ဒေါ်ခင်သန်းမာသည် ၂၈-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း**
**ဝန်ထမ်းဟောင်းများအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ထွေးထွေးရင်
**ကျောင်းအုပ်ဆရာမကြီး၊ အ.မ.က-၁၃၊ ရန်ကင်းမြို့နယ်**
**အသက် (၅၉) နှစ်**

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့ နဂ္ဂဟအဖွဲ့ ဖားအောက်တောရရိပ်သာ(သန်လျင်မြို့)၏အမှုဆောင်ဒေါ်ထွေးထွေးရင်သည် ၃၁-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗုဒ္ဓသာသနာ့ နဂ္ဂဟအဖွဲ့**
**ဖားအောက်တောရရိပ်သာခွဲ(သန်လျင်မြို့)**

## ဦးခင်မောင်ရင်(မဒေါက်)
**အသက်(၇၉)နှစ်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ နန္ဒဝန်လမ်းသွယ်၊ စံပယ်ခြံ (၂)လမ်း၊ အမှတ်(၁၅၈)နေ (ဦးဖိုးစိန်-ဒေါ်မှတ်)တို့၏ သားထွေး၊ ဒေါ်မျိုးခင်ခင် (RVCI Singapore)၊ ဦးကျော်လွင်(MRTV)၊ ဒေါ်မိုးခင်ခင်($M_9$ Public Co.,Ltd.)တို့၏ ဖခင်၊ မဂဂ်ါဆည်းလည်းနွေ @ Sweety (Primary-4, SIS)၏ အဘိုး၊ [ဒေါ်ခင်သန်းနွဲ့ (အထက-၂၊ ရန်ကင်း၊ ငြိမ်း)]၏ ခင်ပွန်းသည် ၃၁-၃-၂၀၁၉ရက်နေ့ ညနေ ၆း၃၀ နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၉ရက်နေ့ မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီ ထွက်ပါမည်။) [ကွယ်လွန်သူ အားရည်စူး၍ ၆-၄-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအတွင်း အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ထွေးထွေးရင်
**ကျောင်းအုပ်ဆရာမကြီး၊ အ.မ.က-၁၃ ၊ ရန်ကင်း**
**အသက် (၅၉) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ နှင်းဆီလမ်း၊ တိုက်(A-၄)၊ အခန်း(၀၀၁)၊ ရန်ကင်းကံဘဲ့စည်ပင်အိမ်ရာနေ (ဦးကံရှိန်-ဒေါ်သိန်းရင်)တို့၏သမီးကြီး၊ ဦးခင်ဇော်-ဒေါ်ဌေးဌေးရှိန်(ဒုတိယဌာနမှူး၊ ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ YCDC)၊ ဦးဝင်းကျော်(Amigos International Co.,Ltd)-ဒေါ်မေမွန်မွန် အောင်တို့၏ အစ်မ၊ မခင်ဇာလီရှိန်(MIU)၊ မောင်ဝင်းခန့်သော်(ဒဂုံ-၁)တို့၏အဒေါ် ဒေါ်ထွေးထွေးရင်သည် ၃၁-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၇း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (ရန်ကင်းမြို့နယ်နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၁၉ (စနေနေ့) တွင် ကံဘဲ့စည်ပင်အိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**
## ဦးစိုင်းထင်ကျော် (ခ) စိုင်းလုံ
**အသက် (၅၄) နှစ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့နေ ဦးစိုင်းအောင်ကျော်-ဒေါ်ကြည်အေးတို့၏ သားကြီး၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုလမ်းနေ (ဦးစံလှဘော်-ဒေါ်ခင်ချို)တို့၏သားသမက်၊ ဦးစိန်ဝင်း၊ ဦးဝင်းမောင်-ဒေါ်မြတ်သူ၊ ဒေါ်မြင့်မြင့်သန်း၊ ဦးဉာဏ်လင်း-ဒေါ်တင်မင်းထွေး၊ ဒေါ်သန်းသန်းဌေး၊ ဒေါ်မေခင်တို့၏မောင်၊ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ နာနတ်တောလမ်း၊ MRTV ဝင်း၊ တိုက်(၆)၊ အခန်း(၂၂)နေ ဒေါ်ဖြူဖြူသင်း(MRTV)၏ ချစ်လှစွာသောခင်ပွန်း၊ မသင်းရတနာ၊ မနန်းကျော်သဲစုတို့၏ ကျေးဇူးရှင်ဖခင်သည် ၃၀-၃-၂၀၁၉ (စနေနေ့) ညနေ ၄း၅၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၄-၂၀၁၉ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်နီနီ (ပဲခူး)
**အသက်(၈၉)နှစ်**

ပဲခူးမြို့နေ (ဦးဘိုးမောင်-ဒေါ်ကျင်မှုံ)တို့၏ သမီး၊ မလှိုင်မြို့နေ (ဦးစံခင်-ဒေါ်စံအိ)တို့၏ သမီးချွေးမ၊ (ဦးစုပွင့်-ဒေါ်အေးမြ)၊ (ဦးစုလျှံ-ဒေါ်လှ)၊ (ဦးစုတင်-ဒေါ်တင်အေး)၊ (ဒေါ်တီ)တို့၏ ညီမ၊ ပဲခူးမြို့ အမှတ်(၈၃/အေ)၊ ထုံးတန်းလမ်း၊ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်နေ ဦးအောင်ကျော်မြင့်၏ ဇနီး၊ ဦးအောင်ခြိမ့်-ဒေါ်ဇာနည်ဝင့်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မဒီခြိမ့်၊ မအိဘုန်းခြိမ့် (အထက-၃၊ ပဲခူး)တို့၏ အဘွားသည် ၁-၄-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကိုအေးအာကာကို
**B.Arch, MBA(STIU)**
**အသက်(၂၆)နှစ်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၈)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ ထီးလှိုင်ရှင်အိမ်ရာ၊ အမှတ် (၁၇၃-A)နေ (ဦးသန်းမောင်)၊ (ဒေါ်ညွန့်)၊ ဦးမောင်ရွှေ-ဒေါ်ကြူအင်းတို့၏ မြေး၊ ဦးအေးနိုင်-ဒေါ်သန်းသန်းဝင်းတို့၏ သား၊ မမေသဇင်နိုင်၊ မောင်ကောင်းမြတ်မင်းသန့်တို့၏ အစ်ကိုသည် ၃၀-၃-၂၀၁၉ ရက် ည ၁၀း၃၆ နာရီတွင် Grand Hantha International Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၄-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**မြိတ်မြို့နယ်အသင်း (ရန်ကုန်)**
## ဦးစိုးဝင်း(ခ)စိုးငယ်(မြိတ်)
**အသင်းဝင်အမှတ်(၁၆၀၆)**
**အသက် (၇၆) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ် (441/2B)နေ ဒေါ်ခင်မာစိုး၏ခင်ပွန်းသည် ၃၀-၃-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

## ကိုမျိုးဝင်းအောင်(ခ)
## တရုတ်ကြီး
**အသက်(၅၀)**

အမှတ်(၁၆၈)၊ ဈေးကလေးလမ်းမတန်း၊ ဈေးကလေးရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးဌေးအောင်-(ဒေါ်ကျင်စာ)တို့၏သားကြီး၊ ဒေါ်သွယ်သွယ်အေး၊ ဦးတင်မျိုးအောင်၊ ဦးရည်ဝင်အောင်-ဒေါ်ဝင်းလဲ့လဲ့အိတို့၏ အစ်ကိုကြီး၊ မောင်သုနေလင်း၊ မပြည့်မှူးသုတို့၏ ဦးလေးသည် ၃၁-၃-၂၀၁၉ (တနင်္လာနေ့) ညနေ ၅း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၁၉ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# အနိစ္စ

## ဒေါ်လှစိန်
**အသက် (၇၂) နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၂/မြောက်)ရပ်ကွက်၊ သဒ္ဒါရုံ (၃)လမ်း၊ အမှတ်(၆၅၅/က)နေ (ဦးကျော်ရင်-ဒေါ်ဖွားအေး)တို့၏သမီး၊ (ဦးတင်ထွန်း)၏ ဇနီး၊ မောင်ရဲမိုးထွန်း-မနီလာ၊ မောင်ရဲမြင့်ထွန်း-မဖြူဖြူမွန်၊ မောင်ငွေစိုးထွန်း-မဝင်းမင်းသန်းတို့၏မိခင်၊ မြေး ငါးယောက်တို့၏ အဘွားသည် ၃၁-၃-၂၀၁၉ (တနင်္လာနေ့) ညနေ ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃း၃၀ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း**
**ဒါယကာကြီး**
## ဦးစန်းမြင့်
**(ခရမ်းမြို့နယ်၊ ကမာမတ်ကျေးရွာ)**
**အသက် (၆၄) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူလမ်း(၂၀)၊ အမှတ် (၈၆၉/က)နေ (ဦးသန်းစိန်-ဒေါ်မြရီ)တို့၏ သား၊ (ဦးတင်မောင်)-ဒေါ်ကြည်တို့၏သားသမက်၊ (ဦးစိုးတင်)-ဒေါ်ခင်လှိုင်၊ (ဦးစိုးမြင့်)-ဒေါ်သန်းမြင့်၊ ဦးစိုး-ဒေါ်ရင်မြ၊ ဦးစိုးကြည်၊ ဦးချစ်ဝင်း-ဒေါ်တင်ညွန့်၊ ဦးမြအေး-ဒေါ်မြင့်ရီ၊ (ဦးရီတင်)-ဒေါ်တင်အုန်းတို့၏ညီ/မောင်၊ ဒေါ်ခင်အေးမူ၏ခင်ပွန်း၊ ကိုထက်တေဇာကျော်၊ ကိုသူရိန်ချမ်းငြိမ်းတို့၏ မွေးသဖခင်သည် ၃၁-၃-၂၀၁၉ (တနင်္လာနေ့) ည ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်(ခ)
## ဦးစန်းတင်(ခ)အရှည်ကြီး
**အသက်(၅၄)နှစ်**
**(ညောင်လှ/မြစ်ခြေ/ပခုက္ကူ)**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၅၇၇)နေ (ဦးမြမောင်-ဒေါ်ခင်ညွန့်)တို့၏ သား၊ ဦးဝင်းလှိုင် [မြန်မာနိုင်ငံလုံးဆိုင်ရာဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ ဥက္ကဋ္ဌ၊ မြစ်ခြေနယ်အသင်း(ရန်ကုန်)] (ဒုတိယ ဥက္ကဋ္ဌ-ပခုက္ကူခရိုင်အသင်း)-ဒေါ်မြမြဝင်းတို့၏ညီ၊ ဦးကျင်ဝင်း-ဒေါ်ခီ၊ (ဦးစန်းလွင်)-ဒေါ်သီတို့မောင်သည် ၁-၄-၂၀၁၉ ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀နာရီတွင် ကျူချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [၇-၄-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**မြစ်ခြေနယ်အသင်း(ရန်ကုန်)**
## ဦးမောင်မောင်(ခ)
## ဦးစန်းတင်(ခ)အရှည်ကြီး
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၅၇၇)နေ (ဦးမြမောင်-ဒေါ်ခင်ညွန့်)တို့၏ သား၊ ဦးဝင်းလှိုင် [မြန်မာနိုင်ငံလုံးဆိုင်ရာဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ (ဥက္ကဋ္ဌ-မြစ်ခြေနယ်အသင်း-ရန်ကုန်၊ ဒုတိယဥက္ကဋ္ဌ-ပခုက္ကူခရိုင်အသင်း)]-ဒေါ်မြမြဝင်းတို့၏ ညီ၊ ဦးကျင်ဝင်း-ဒေါ်ခီ၊ (ဦးစန်းလွင်)-ဒေါ်သီတို့၏ မောင်သည် ၁-၄-၂၀၁၉ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀ နာရီတွင် ကျူချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အကြောင်းကြား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဒေါက်တာကျော်လွင် (John)
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကျန်းမာရေးဦးစီးဌာန**
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ မင်္ဂလာလမ်း၊ ခြံအမှတ် (၁၉/က)နေ (ဦးစိန်ပို-ဒေါ်စုစု)တို့၏ သား၊ ဒေါ်မြမြစိမ်း၊ (ဒေါ်အေးအေး)၊ ဦးစိန်ဝင်း(MOGE)-ဒေါ်လှလှဇင်(MOGE)၊ ဒေါ်သန်းသန်းဌေး (MPPE)၊ ဦးသိန်းဟန်(လေယာဉ်ဆီ)-(ဒေါ်နွဲ့နွဲ့ယဉ်)၊ ဦးကျော်နိုင်-ဒေါ်ခင်ခင်ဝင်း(77 Cakes)တို့၏ အစ်ကိုကြီး၊ (ဒေါ်မော်လီချစ်)၏ ခင်ပွန်း၊ ဒေါ်ဝင်းယုလွင်(ILBC)၊ ဦးထွန်းမော်ဦး-ဒေါ်သီတာအေး(ဧကရာဇ်ဆေးဆိုင်)တို့၏ဖခင်၊ ဦးဇော်လွင်(အနကမှူး-ငြိမ်း)-ဒေါ်အေးအေးအောင်၊ ဦးဉာဏ်မွန်နိုင်-ဒေါ်ဇင်မင်းလွင်ထွန်းတို့၏ ဦးလေး၊ မောင်ပြည့်ဖြိုးသူ(R2O)၊ မောင်ရဲမြတ်၊ မမြတ်သက်မွန်၊ ယဉ်မြတ်မွန်တို့၏ အဘိုးသည် ၃၀-၃-၂၀၁၉ ည ၇နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၄-၂၀၁၉ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဆရာမကြီးဒေါ်ခင်မေ
**(ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း T.T.C-ကမာရွတ်၊**
**(အထက-၅)၊ ကမာရွတ်၊ အလ-ပြ-ငြိမ်း)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ သဇ္ဇာ(၈)လမ်း၊ အမှတ် ၂၆၉နေ (ဦးလှိုင်-ဒေါ်ထားညွန့်)တို့၏ သမီးကြီး၊ [ဦးလှမြင့်-စက်မှုလယ်ယာ-ငြိမ်း]၏ ဇနီး၊ (ဦးကျော်ကျော်ခိုင်)၊ ဦးအောင်မိုး(APBM Co., Ltd)-ဒေါ်ရည်မွန်လင်း၊ (ဦးထွန်းနိုင်)-ဒေါ်ပပ၊ ဦးဇာနည်အောင်(ဒု-ဦးစီးမှူး-စက်မှုလယ်ယာ)-ဒေါ်ကေသီ (ငွေစာရင်း-စက်မှုလယ်ယာ)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ သူရဦးတင်ငွေ(တပ်ကြပ်ကြီး-ငြိမ်း)-ဒေါ်ခင်ရွှေ(အလပြ-ငြိမ်း)၊ (ဦးသော်-ဒေါ်သန်းသန်း)တို့၏ အစ်မကြီး၊ (ဦးအောင်ဌေး)၊ ဦးတင်ထွန်းအောင်၊ ဦးထွန်းစိုး၊ ဦးကျော်ထင်-ဒေါ်အေးမြင့်၊ ဗိုလ်မှူးကျော်လွင်(ငြိမ်း)(ဇေကမ္ဘာကုမ္ပဏီလီမိတက်)-ဒေါ်စမ်းစမ်းအောင်တို့၏ အဒေါ်၊ မြေးငါးယောက်တို့၏ အဘွားသည် ၃၁-၃-၂၀၁၉ (တနင်္လာနေ့) ညနေ ၆း၃၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၁၉ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဒေါ်တင်မေလှ
**အသက်(၇၇)နှစ်**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**International Trade Relation Department**
**ကုန်သွယ်ရေးဦးစီးဌာန၊ စီးပွား/ကူးသန်း**

အမှတ်(၄က/၁၃၀)၊ ၅လမ်း၊ ၈ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ၊ (ဦးတင်လှ-ဒေါ်မေမေကြည်)တို့၏သမီးကြီး၊ (ဦးဘသောင်းတင်-ဒေါ်သန်းချို)တို့၏ သမီးချွေးမ၊ (ဦးဘသန်းအေး)၏ဇနီး၊ မခင်နွေဦး-ကိုသန့်စင်ဝင်း၊ (ကိုဘသန်းဦး)-မဝါဝါထွေး၊ မနှင်းဝင်းအေး-ကိုလင်းထက်ကျော်တို့၏ချစ်လှစွာသောမိခင်ကြီး၊ မောင်မိုက်ကယ်မင်းလင်္ကာဦး၏ အဘွား ဒေါ်တင်မေလှသည် ၃၁-၃-၂၀၁၉ရက် နံနက် ၈း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၄-၂၀၁၉(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်ခန်းမ၌ ဘုရားဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ကမာရွတ်နှစ်ခြင်းခရစ်ယာန်အသင်းတော်ရှေ့မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးစိုးမြင့်(ကျောက်ဆည်)
**ထောက်လှမ်းရေး (ငြိမ်း)၊ စစ်မှုထမ်းဟောင်း (၂၇၅၄၆၇)**
**အသက် (၇၄) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ကုန်းဘောင် (၁၅)လမ်း၊ (၆)ရပ်ကွက်၊ အမှတ်(၁၂၁၄)၊ ငါးလွှာ(ဘီ)နေ ဒေါ်သင်းသင်းဝေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ထွန်းမြင့်-ဒေါ်လတ်လတ်နိုင်(USA)၊ ဦးကျော်ကျော်-ဒေါ်ဝါဝါဆွေ၊ ဦးကျော်ဝင်းထွန်း(CARNIVEL)-ဒေါ်ပွင့်ပွင့်စိုးမြင့်၊ ဦးကောင်းထက် (Rose Garden Hotel)တို့၏ဖခင်၊ မောင်ရဲသီဟမြင့်၊ မမေသူရှင်းသန့်တို့၏ဘိုးဘိုး ဦးစိုးမြင့်သည် ၁-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၆ နာရီတွင် ခုတင်(၅၀၀) ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ကြည်
**အသက်(၇၄)နှစ်**
**စား/ဖျော်(ငြိမ်း)**

ပဲခူးမြို့ ညောင်ဝိုင်းရပ်နေ(ဦးဘိုးမင်း-ဒေါ်ရွှေဖို့)တို့၏ တစ်ဦးတည်းသောသမီး၊ [သခင်စိန်(ခ)ဆရာစိန် (ရန်ကုန်တိုင်းဒေသကြီး ပါတီကော်မတီဝင်၊ မော်ကွန်းဝင် ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည်ဒုတိယဆင့်)]၏ဇနီး၊ အမှတ် (၉၃၈)၊ ပင်းယ(၁)လမ်း၊ (၆)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းနေ [ဦးသင်းထွဋ်(ခ)ဦးထက်သာ (အင်္ဂလိပ်စာနည်းပြ)]-ဒေါ်လှလှနွယ်စိန်၊ (ဦးမောင်မောင်ဦးစိန်)၊ (ဦးမောင်မောင်လတ်စိန်)၊ ဦးကျော်ဇေယျစိန်-ဒေါ်ချိုချိုသက်၊ ဦးဖြိုးဝေမင်းစိန်-ဒေါ်ညိမ်းညိမ်းအောင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မောင်မင်းခန့်ကျော်၊ မစုလမင်းသာ၊ မဖူးပွင့်ကျော်၊ မနေခြည်လင်းသာ၊ မောင်မြတ်မင်းတို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်ကြည်သည် ၃၁-၃-၂၀၁၉(တနင်္လာနေ့) ညနေ ၃း၅၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၄-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၄-၂၀၁၉(စနေနေ့) နံနက် ၈နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ထာဝရငြိမ်းချမ်းရေးဓမ္မသဘင် ပြည်သူ့ရင်ပြင်၌ ကျင်းပ



**ရန်ကုန် မေ ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်ကို ယနေ့ ည ၇ နာရီခွဲက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး ထီးတော်ရိပ်အောက်ရှိ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ရိုသေစွာနာယူကြည်ညို**

ငြိမ်းချမ်းရေးဓမ္မသဘင်ပွဲတွင် ချမ်းမြေ့ဆရာတော် အရှင်ဇနကာဘိဝံသက တရားဒေသနာတော်များ ဟောကြားရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တရားချစ်ခင်သူတော်စင်များက တရားတော်ကို ရိုသေစွာနာယူကြည်ညိုကြသည်။

ဓမ္မသဘင် မစတင်မီ ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးအတွက် အလှူတော်ငွေများအား အလှူရှင်များက ပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်တို့က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❁



အိုလံပစ်ဒုတိယအဆင့်ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း။

## တိုကျိုအိုလံပစ်အမျိုးသမီး ဒုတိယအဆင့်ခြေစစ်ပွဲ မြန်မာအသင်း နီပေါနှင့် စတင်ကစားရမည်

**မန္တလေး မေ ၁**

၂၀၂၀ တိုကျိုအိုလံပစ် အမျိုးသမီးဘောလုံး ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စုပွဲစဉ်များကို မေ ၃ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်ရာ မြန်မာအသင်းသည် နီပေါအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဒုတိယအဆင့် ခြေစစ်ပွဲ အုပ်စုအနေအထားအရ နောက်တစ်ဆင့်သို့ တက်ရောက်ရန် အခြေအနေကောင်းနေပြီး နီပေါ၊ အိန္ဒိယတို့နှင့် အဓိကယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စု သုံးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီအတွက် အိမ်ရှင်နိုင်ငံများ သတ်မှတ်ထားကာ မြန်မာအသင်း ပါဝင်သည့် အုပ်စု (က) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကာ မန္တလေးမြို့ရှိ မန္တလာသီရိကွင်းနှင့် ဗထူးကွင်းတို့၌ ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲများကို မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❖

## ဟောင်ကောင် ယူ-၁၈ နှင့် ယူ-၁၅ ပြိုင်ပွဲ မြန်မာအသင်းများ အိမ်ရှင်ဟောင်ကောင်နှင့် စတင်တွေ့ဆုံ

**ရန်ကုန် မေ ၁**

ဟောင်ကောင်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ဟောင်ကောင် ယူ-၁၈ နှင့် ယူ-၁၅ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုပွဲများ ထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာ ယူ-၁၈ အသင်းနှင့် ယူ-၁၅ အသင်းသည် အိမ်ရှင်ဟောင်ကောင်အသင်းနှင့် စတင်တွေ့ဆုံနေသည်။

**ပတ်လည်စနစ်ဖြင့် ကျင်းပမည်**

ပြိုင်ပွဲကို ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲများကို မေ ၁၉၊ ၂၀နှင့် ၂၂ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ ဟောင်ကောင်ဘောလုံး အဖွဲ့ချုပ်သည် ယူ-၁၈ ပြိုင်ပွဲနှင့် ယူ-၁၅ ပြိုင်ပွဲကို တစ်ပြိုင်နက်ကျင်းပမည်ဖြစ်ပြီး ယူ-၁၈ ပြိုင်ပွဲတွင် အိမ်ရှင်ဟောင်ကောင်၊ မြန်မာ၊ စင်ကာပူ၊ ဗီယက်နမ်၊ ယူ-၁၅ ပြိုင်ပွဲတွင် ဟောင်ကောင်၊ မြန်မာ၊ စင်ကာပူနှင့် မလေးရှားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ ပြိုင်ပွဲနှစ်ခုစလုံးကို ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ ယူ-၁၈ ပြိုင်ပွဲကို နံနက်ပိုင်း၊ ယူ-၁၅ ပြိုင်ပွဲကို ညနေပိုင်းတွင် ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

ယူ-၁၈ ပြိုင်ပွဲ အုပ်စုပွဲများအဖြစ် မေ ၁၉ ရက်တွင် မြန်မာနှင့် ဟောင်ကောင်၊ စင်ကာပူနှင့် ဗီယက်နမ်၊ မေ ၂၀ ရက်တွင် ဟောင်ကောင်နှင့် စင်ကာပူ၊ မြန်မာနှင့် ဗီယက်နမ်၊ မေ ၂၂ ရက်တွင် ဟောင်ကောင်နှင့် ဗီယက်နမ်၊ မြန်မာနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယူ-၁၅ ပြိုင်ပွဲ အုပ်စုပွဲများအဖြစ် မေ ၁၉ ရက်တွင် ဟောင်ကောင်နှင့် မြန်မာ၊ စင်ကာပူနှင့် မလေးရှား၊ မေ ၂၀ ရက်တွင် မြန်မာနှင့် မလေးရှား၊ ဟောင်ကောင်နှင့် စင်ကာပူ၊ မေ ၂၂ ရက်တွင် မြန်မာနှင့် **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❒



နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

**ပြည်သူ့အတွက် တတိယ(၁)နှစ်တာ အချပ်ပို ပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တတိယ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၄) မျက်နှာဖြင့် ဖော်ပြထားပါသည်။







ကြေးမုံ
အထူးကဏ္ဍ
မေ ၂၊ ၂၀၁၉ (အင်္ဂါနေ့)

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

## လုပ်ငန်းတွေကို ဝန်ကြီးဌာနက မဆောင်ရွက်တော့ဘဲ ထိန်းသိမ်းကွပ်ကဲတဲ့အဖွဲ့ ဖွဲ့စည်းပြီး နည်းပညာပိုင်းနဲ့ အရည်အသွေးပိုင်းတွေ မှန်ကန်ပြည့်မီဖို့ ကြပ်မတ်ဆောင်ရွက်ဖို့ စီစဉ်လျက်ရှိပြီး အဂတိကင်းရှင်းစွာနဲ့ လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်

တွေ့ဆုံမေးမြန်း - ဟန်နီဝင်း၊ နိုင်လင်းကြည်

**တစ်နိုင်ငံလုံး အတိုင်းအတာအရ လမ်း၊ တံတားနှင့် အိမ်ရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။**

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လမ်း၊ တံတား၊ မြို့ပြဆိုင်ရာ ရည်မှန်းချက်နှင့် တာဝန်ဝတ္တရားများမှာ ၂၀၃၀ ပြည့်နှစ်တွင် ကီလိုမီတာ ၄၂၀၀၀ ကျော်ရှိ လမ်းများကို ASEAN Class III ၁၈ ပေ အကျယ် ကတ္တရာလမ်း/ ကွန်ကရစ်လမ်းအဆင့် အနည်းဆုံး ရောက်ရှိရန်၊ တံတားအားလုံး အကျယ် ၂၄ ပေ နှစ်လမ်းသွား RC သံကူကွန်ကရစ်တံတား/ PC ကြိုတင် အားဖြည့်ကွန်ကရစ် တံတား/သံပေါင်တံတားအဆင့် အနည်းဆုံးရောက်ရှိရန်၊ မြန်မာနိုင်ငံရှိ မြို့ပေါင်း ၃၃၀ ကျော်ကို စနစ်ကျသည့် မြို့ပြ Urban Planning အဖြစ် အကွက်ချတည်ဆောက်ပြီးစီးသည့် မြို့များဖြစ်စေရန် ဖြစ်ကြောင်း သိရသည်။

တတိယ (၁)နှစ်တာကာလအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် ဒုတိယဝန်ကြီး ဦးကျော်လင်းတို့အား တွေ့ဆုံမေးမြန်းထားပါသည်-

**ဦးဟန်ဇော်**
**ပြည်ထောင်စုဝန်ကြီး**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**မေး။ ။ ဆောက်လုပ်ရေးဝန်ကြီး ဌာနရဲ့ လုပ်ငန်းဆောင်ရွက်ရာမှာ ချမှတ်ထားတဲ့ မူဝါဒ၊ ရည်မှန်းချက်နဲ့ တာဝန်ဝတ္တရားတွေ၊ မဟာဗျူဟာ၊ နည်းဗျူဟာတွေကို ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ ။ မူဝါဒတွေက လမ်းတွေ၊ တံတားတွေ၊ လူနေထိုင်ဖို့ အဆောက်အအုံတွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ တိုင်းဒေသကြီး/ ပြည်နယ်တွေအလိုက် လမ်း၊ တံတားနဲ့ မြို့ပြဒေသတွေ အချိုးညီ ဖွံ့ဖြိုးတိုးတက်လာစေဖို့၊ သယ်ယူပို့ဆောင်ရေးစရိတ်ကို လျှော့ချနိုင်ဖို့၊ သွားလာမယ့်အချိန်ကို အတိုဆုံးဆောင်ရွက်နိုင်ဖို့အတွက် လမ်း၊ တံတားတွေဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံသားတွေအားလုံး လူနေမှုဘဝ မြှင့်တင်စေမယ့် သင့်လျော်ကောင်းမွန်တဲ့ အိမ်ရာတွေမှာ နေထိုင်နိုင်ဖို့၊ ကျေးလက်လမ်း၊ တံတားတွေ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးပြီး ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့ ဖြစ်ပါတယ်။

အထူးကဏ္ဍ [ ခ ] သို့ »»





၂၀၁၉ ခုနှစ် မေ ၁ ရက်က ဖွင့်လှစ်လိုက်သော မြောင်းမြတံတားသစ်ကြီးကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

ဌာနရဲ့ ရည်မှန်းချက်နဲ့ တာဝန်ဝတ္တရားတွေက ၂၀၃၀ ပြည့်နှစ်မှာ ကီလိုမီတာ ၄၂၀၀၀ ကျော်ရှိတဲ့ လမ်းတွေကို ASEAN Class III ၁၈ ပေအကျယ် ကတ္တရာလမ်း / ကွန်ကရစ်လမ်းအဆင့် အနည်းဆုံးရောက်ရှိဖို့၊ တံတားတွေအားလုံး ၂၄ ပေအကျယ် နှစ်လမ်းသွား RC သံကူကွန်ကရစ်တံတား / PC ကြိုတင်အားဖြည့် ကွန်ကရစ်တံတား / သံပေါင်တံတား အဆင့် အနည်းဆုံးရောက်ရှိဖို့ ဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံက မြို့ပေါင်း ၃၃၀ ကျော်ကို စနစ်ကျတဲ့ မြို့ပြ Urban Planning အဖြစ် အကွက်ချ တည်ဆောက်ပြီးဖြစ်တဲ့ မြို့တွေဖြစ်စေဖို့ ဖြစ်ပါတယ်။ နောက်ပြီး ကျေးရွာတွေအားလုံးရဲ့ ၈၀ ရာခိုင်နှုန်းနဲ့ နိုင်ငံတွင်းကျေးလက်လူဦးရေရဲ့ ၉၀ ရာခိုင်နှုန်းအတွက် ရာသီမရွေးသွားလာနိုင်တဲ့ ကျေးလက်လမ်းတွေအဖြစ် အသုံးပြုနိုင်ဖို့အတွက် နှစ်စဉ်အဆင့်မြှင့်တင် ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**မေး။ ။ ကျေးလက်လမ်းတွေ အဆင့်မြှင့်တင်ဖို့နဲ့ပတ်သက်ပြီး အသေးစိတ်လေး ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ ။ ၂၀၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံအတွင်းက ကျေးလက်လမ်းစုစုပေါင်း မိုင် ၅၅၅၀၀ ကျော်အနက် Class A အဆင့်ရှိ လမ်းမိုင် ၂၅၆၀၀ ကျော်ကို ၁၂ ပေအကျယ် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း ဆောင်ရွက်သွားပါမယ်။ Class B အဆင့်ရှိ လမ်းမိုင် ၁၇၃၀၀ ကျော်ကို ၁၂ ပေ အကျယ် ကတ္တရာလမ်း / ကွန်ကရစ်လမ်း / ကျောက်လမ်းတွေအဖြစ် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ အလားတူပဲ Class C အဆင့်ရှိ လမ်းမိုင် ၁၂၅၀၀ ကျော်ကို ၁၂ ပေအကျယ် ကျောက်လမ်း သို့မဟုတ် အမာခံလမ်းအဖြစ် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။



ကမ္ဘာ့ဘဏ်အကူအညီဖြင့် ဆောင်ရွက်သော ကွန်ကရစ်လမ်း ခင်းထားသည့်လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

မဟာဗျူဟာ / နည်းဗျူဟာအနေနဲ့ ဆောင်ရွက်မယ့် လုပ်ငန်းတွေက နိုင်ငံတော်ရဲ့ ဘတ်ဂျက်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်တာ၊ လုပ်ငန်းတွေအနက်က ဖြစ်နိုင်ခြေရှိတဲ့ လုပ်ငန်းအချို့ကို Public Private Partnership(PPP) Program နဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်တာ၊ နိုင်ငံတကာအကူအညီ Development Partner တွေ ဖြစ်တဲ့ JICA, ADB, WB, KOICA နဲ့ TICA စတဲ့အဖွဲ့အစည်းတွေနဲ့ အလှူရှင်တွေရဲ့ ကူညီထောက်ပံ့ငွေ (Grant)/ ချေးငွေ (Loan)တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်တာတို့ ဖြစ်ပါတယ်။

ဥပဒေစည်းမျဉ်းတွေ ရေးဆွဲဆောင်ရွက်လျက်ရှိတဲ့ အခြေအနေတွေကိုလည်း ဖြည့်စွက်ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများ ၂၀၁၆ (Myanmar National Building Code -2016)ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး UN-Habitat နဲ့ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်တို့နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ပြီးတော့ Myanmar National Building Code 2016 ကို အင်္ဂလိပ်ဘာသာ (English Version)ဖြင့်လည်း ပြုစုခဲ့ပါတယ်။

ဒီစည်းမျဉ်းကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ အတည်ပြုထုတ်ဝေနိုင်ဖို့အတွက် မြန်မာဘာသာပြန်ဆိုဖို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးက အကြောင်းကြားလာတဲ့အတွက် မြန်မာဘာသာပြန်ဆိုခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ(မူကြမ်း)နဲ့ ပတ်သက်ပြီးလည်း သိချင်ပါတယ် ခင်ဗျာ။**

ဖြေ။ ။ ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ(မူကြမ်း)ကိုလည်း ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ပေးပို့ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်မှာ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေနဲ့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၇ ရက်မှာ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ နည်းဥပဒေတွေကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး ထပ်မံပြင်ဆင်တဲ့ နည်းဥပဒေတွေကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၄ ရက်မှာ ထုတ်ပြန်နိုင်ခဲ့ပါတယ်။

**မေး။ ။ အခြားရေးဆွဲနေတဲ့ ဥပဒေမူကြမ်းတွေ ရှိရင်လည်း သိချင်ပါတယ်။**

ဖြေ။ ။ မြေအောက်ရေ ကြီးကြပ်ထိန်းသိမ်းရေးဥပဒေ(မူကြမ်း)၊ မြို့ပြနှင့်ဒေသဖွံ့ဖြိုးရေးစီမံကိန်းဥပဒေ(မူကြမ်း)နဲ့ အမျိုးသားအိမ်ရာဖွံ့ဖြိုးရေးဥပဒေ (မူကြမ်း)တွေကို အတည်ပြုပြဋ္ဌာန်းနိုင်ဖို့ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

**၂၀၃၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံအတွင်းက ကျေးလက်လမ်း စုစုပေါင်း မိုင် ၅၅၅၀၀ ကျော်အနက် Class A အဆင့်ရှိ လမ်းမိုင် ၂၅၆၀၀ ကျော်ကို ၁၂ ပေအကျယ် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်း ဆောင်ရွက်သွားပါမယ်။ Class B အဆင့်ရှိ လမ်းမိုင် ၁၇၃၀၀ ကျော်ကို ၁၂ ပေ အကျယ် ကတ္တရာလမ်း / ကွန်ကရစ်လမ်း / ကျောက်လမ်းတွေအဖြစ် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ အလားတူပဲ Class C အဆင့်ရှိ လမ်းမိုင် ၁၂၅၀၀ ကျော်ကို ၁၂ ပေအကျယ် ကျောက်လမ်း သို့မဟုတ် အမာခံလမ်းအဖြစ် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။**



ဂျာမန်ဖွံ့ဖြိုးရေးဘဏ် အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် ကလောမြို့နယ် ဘော်နင်း-ဆူးပန်းအင်း-ကမ်းပါးနီ-သရက်ပုလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

အဓိက စီမံကိန်းကြီးလေးခုဖြစ်တဲ့ New Mandalay Resort City စီမံကိန်းကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် Eco Green City စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ Smart District စီမံကိန်းကို ဒဂုံဆိပ်ကမ်းမြို့နယ်နဲ့ Korea-Myanmar Industrial Complex (KMIC) စီမံကိန်းကို လှည်းကူးမြို့နယ်တို့မှာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ရှေ့ဆက်လက်ဆောင်ရွက်သွားမယ့် လုပ်ငန်းတွေကို ရှင်းပြပေးပါဦး။**

ဖြေ။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းတွေကို ဝန်ကြီးဌာနက မဆောင်ရွက်တော့ဘဲ (Regulatory Body) ထိန်းသိမ်းကွပ်ကဲတဲ့အဖွဲ့ ဖွဲ့စည်းပြီး လိုအပ်တဲ့ စည်းမျဉ်း / စည်းကမ်းတွေနဲ့အညီ နည်းပညာပိုင်းနဲ့ အရည်အသွေးပိုင်းတွေ မှန်ကန်ပြည့်မီဖို့၊ ကြပ်မတ်ဆောင်ရွက်ဖို့ စီစဉ်လျက်ရှိပြီး အဂတိကင်းရှင်းစွာနဲ့ လုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးကျော်လင်း**

**ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

**မေး။ ။ ဝန်ကြီးဌာနရဲ့ တတိယ(၃)နှစ်တာကာလအတွင်းမှာ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာတွေနဲ့ ပတ်သက်ပြီး သိချင်ပါတယ် ခင်ဗျာ။**

ဖြေ။ ။ ဝန်ကြီးဌာနအောက်မှာ ဦးစီးဌာန ငါးခုရှိပြီး အဆောက်အဦ ဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနဲ့ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ဖြစ်ပါတယ်။

အဆောက်အဦ ဦးစီးဌာနက ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့(ငွေလုံးငွေရင်း)ရဲ့ တာဝန်တွေကို တာဝန်ယူဆောင်ရွက်ရပါတယ်။ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီရဲ့ ဆောင်ရွက်မှုအနေနဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေနဲ့ ပြည်ထောင်စုဝန်ကြီးဌာန ၂၅ ခုရဲ့ တည်ဆောက်ရေးလုပ်ငန်း ၂၉၉၁ ခုကို စိစစ်အတည်ပြုပေးခဲ့ပါတယ်။

ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ(မူကြမ်း)(Construction Industry Development Board Law) ကို ရေးဆွဲလျက်ရှိပါတယ်။ ရေးဆွဲတဲ့ ရည်ရွယ်ချက်က နိုင်ငံတော်ရဲ့ ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားတဲ့ မူဝါဒတွေ၊ စံချိန်စံညွှန်းတွေကို တစ်ပြေးညီ ကျင့်သုံးအကောင်အထည်ဖော်နိုင်ဖို့ ဖြစ်ပါတယ်။

အဆောက်အဦ ဦးစီးဌာနအနေနဲ့ ရခိုင်ပြည်နယ်မှာ ပြန်လည်ဝင်ရောက်လာသူတွေအတွက် Assemble Board အလုံး ၉၀ ကို တည်ဆောက်ပြီးစီးခဲ့ပါတယ်။ Assemble Board House ၄၃ လုံးကို ကျေးရွာ လေးရွာမှာ တည်ဆောက်လျက်ရှိပါတယ်။

**မေး။ ။ ဟုတ်ကဲ့။ ဆက်ပြီး ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ။ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတွေ၊ ပြည်ထောင်စုဝန်ကြီးဌာနတွေက အပ်နှံတဲ့ တရားလွှတ်တော်တွေ၊ ဆေးရုံကြီးတွေ၊ တက္ကသိုလ်ကောလိပ်တွေ ၃၈၄ ခု တည်ဆောက်ခဲ့ပြီး ၃၁၉ ခုကို တည်ဆောက်လျက်ရှိပါတယ်။ အရည်အသွေး ထိန်းသိမ်းစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်မှုအနေနဲ့ အဆောက်အဦသုတေသန ဓာတ်ခွဲခန်းများရုံးကို အထက်မြန်မာပြည်နဲ့ အောက်မြန်မာပြည်ဆိုပြီး နှစ်ခုရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်

အထူးကဏ္ဍ [ ဂ ] သို့ »»»

»» အထူးကဏ္ဍ [ ခ ] မှ

ခြောက်လတာကာလအတွင်းမှာ အဆောက်အဦ ဦးစီးဌာနက တာဝန်ယူဦးစီးဆောက်လုပ်တဲ့ တည်ဆောက်ရေးလုပ်ငန်း ၆၁ ခုအပြင် ကျန်တဲ့လုပ်ငန်း ၃၃ ခုတို့ရဲ့ အရည်အသွေး ထိန်းသိမ်းခြင်း လုပ်ငန်းတွေကိုပါ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

အဆောက်အဦ သုတေသနဓာတ်ခွဲခန်းများရုံး(အောက်မြန်မာပြည်)ကို ISO/IEC 17025 အသိအမှတ်ပြု လက်မှတ်ရရှိရေးအတွက် ဆောင်ရွက်နေပါတယ်။ အဆောက်အဦဦးစီးဌာနအနေနဲ့ Field Engineer’s Manual နဲ့ Third Party Inspector’s Manual တို့ကို ရေးဆွဲထုတ်ဝေခဲ့ပြီးဖြစ်သလို Myanmar Standards For Materials ကို ကိုရီးယားနိုင်ငံ KCL နဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ လမ်းဦးစီးဌာနနဲ့ တံတားဦးစီးဌာနရဲ့ ဆောင်ရွက်မှုလည်း ဆက်ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ လမ်းဦးစီးဌာနနဲ့ တံတားဦးစီးဌာနအနေနဲ့ ကချင်ပြည်နယ်မှာ မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်းပိုင်း ကွန်ကရစ်ခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ကျောက်စီရေမြောင်း တည်ဆောက်ခြင်းနဲ့ လိုအပ်တဲ့နေရာတွေမှာ ကျောက်စီမြေကာနံရံ တည်ဆောက်ခြင်းလုပ်ငန်းတွေ၊ တစ်လမ်းလုံးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ မြစ်ကြီးနား - ဆွမ်ပရာဘွမ် - ပူတာအိုလမ်းပေါ်ရှိ တီယာန်ဇွပ်တံတားနဲ့ ဒရုခတံတားတို့ကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

**မေး။ ။ ပြည်နယ်အလိုက် လမ်းဦးစီးဌာနနဲ့ တံတားဦးစီးဌာနတွေက ဆောင်ရွက်ခဲ့မှုတွေကို ပြောပြပေးပါ ခင်ဗျာ။**

ဖြေ။ ။ ကယားပြည်နယ်မှာ တောင်ငူ - လိပ်သို - ယာဒို - လွိုင်ကော် - ဟိုပုံးလမ်း၊ တောင်ငူ - မော်ချီး - လွိုင်ကော်လမ်း၊ ဖားဆောင်း - မယ်ဆည်နန် - မယ်စဲ့ - နန်းမန်းလမ်းတွေကို အပိုင်းလိုက်အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ တချို့အပိုင်းတွေကို JICA ချေးငွေနဲ့ အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့သလို လွိုင်ကော်မြို့ပေါ်က ဒေါ်နိုးကူးတံတား ပေ ၂၀၀ ကိုလည်း တည်ဆောက်ပြီးစီးခဲ့ပါတယ်။

ကရင်ပြည်နယ်မှာ သထုံ - ဘားအံ - ကော့ကရိတ် - မြဝတီလမ်းကို လေးလမ်းသွား ကတ္တရာလမ်းတိုးချဲ့ခြင်းနဲ့ သံဖြူဇရပ် - ဘုရားသုံးဆူလမ်းတွင် RC တံတားခုနစ်စင်း တည်ဆောက်ခြင်း၊ တောင်ငူ - လိပ်သို - ယာဒို - လွိုင်ကော် - ဟိုပုံးလမ်းနဲ့ အိန္ဒူ - ကော့ကရိတ်လမ်း လမ်းအဆင့်မြှင့်တင်ခြင်းစတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

သထုံ - ဘားအံ - ကော့ကရိတ် - မြဝတီလမ်းပိုင်းမှာ BOT ကုမ္ပဏီနဲ့ ဆောင်ရွက်တဲ့ လမ်းပိုင်းတွေကို ပဲခူးတိုင်းဒေသကြီးအပိုင်းနဲ့ မွန်ပြည်နယ်အပိုင်း ဘားအံအထိ လေးလမ်းသွား တိုးချဲ့ပြီးသလို ကျန်အပိုင်းတွေမှာ ADB ချေးငွေနဲ့ အဆင့်မြှင့်တင်ဖို့ ဆက်လက် ဆောင်ရွက်ပေးနေပါတယ်။

ချင်းပြည်နယ်မှာ မုံရွာ - ပုလဲ - ဂန့်ဂေါ-ဟားခါးလမ်း၊ သိုင်းငင်း - တီးတိန်လမ်း၊ ဟားခါး - မတူပီလမ်းပိုင်းတွေကို အပိုင်းလိုက် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မတူပီ - ပလက်ဝလမ်း၊ တီးတိန် - တွန်းဇံ - ကျီခါးလမ်းပိုင်းတွေကို အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။ ကုလားတန်တံတား(ပလက်ဝ)ကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်မှာပြီးစီးဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ ကျန်တဲ့ ပြည်နယ်တွေလည်း ဆက်ပြောပေးပါခင်ဗျာ။**

ဖြေ။ ။ မွန်ပြည်နယ်မှာ သံဖြူဇရပ် - ဘုရားသုံးဆူလမ်း၊ မုဒုံ - ချောင်းနှစ်ခွ - မဲသရော - လှိုင်ကွယ်လမ်း၊ လေးကေ - ကတိုင်တိလမ်း၊ တရနာ - ဘုရားကုန်းလမ်းပိုင်းတွေကို ပြည်ထောင်စုဘတ်ဂျက်၊ JICA ချေးငွေနဲ့ပါ လမ်းအဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နိုင်ခဲ့သလို မွန်ပြည်နယ်အတွင်းရှိ ကျိုက်မရော - စံပယ်ဂူ - ကော့ပနော လမ်းပေါ်ရှိ အတ္ထရံမြစ်ကူး (စံပယ်ဂူ)တံတားကိုလည်း စတင်တည်ဆောက်နေပြီဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ ငါးသိုင်းချောင်း - ဂွ - သံတွဲလမ်းကို World Bank ချေးငွေနဲ့ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ မောင်တော - ကျီးကန်းပြင် - ကြိမ်ချောင်း - အောင်သပြေ - ဗန္ဓုလလမ်း၊ မောင်တော (ကြိမ်ချောင်း) - တောင်ပြို - နယ်စပ်ခြံစည်းရိုးချဉ်းကပ်လမ်း၊ ကျောက်ပန္ဒု - အင်းဒင် - စေတီပြင် မေယုတောင်ကျော်လမ်း၊ ကြိမ်ချောင်း -ဂုပ္ပိ မေယုတောင်ကျော်လမ်း၊ ဥဒေါင်း - ညောင်ချောင်း မေယုတောင်ကျော်လမ်း၊ သက်ကိုင်ညာ - ပဒဂါး မေယုတောင်ကျော်လမ်းစတဲ့ လေးလမ်းကို အဆင့်မြှင့်တင်ပြီး လမ်းပေါက်သွားအောင် ဆောင်ရွက်လျက်ရှိပါတယ်။

တချို့အပိုင်းတွေမှာ ကွန်ကရစ်လမ်းခင်းတာတွေ၊ တံတားတည်ဆောက်တာတွေကို လက်ရှိဆောင်ရွက်လျက်ရှိပါတယ်။ ပုဏ္ဏားကျွန်း - ရသေ့တောင် - ဘူးသီးတောင်လမ်းမှာ ကွန်ကရစ်လမ်း ရှစ်မိုင်ခင်းခြင်း၊ ငါးသိုင်းချောင်း - ဂွ - သံတွဲလမ်းမှာ World Bank ချေးငွေနဲ့ လမ်းအဆင့်မြှင့်တင်ခြင်းတွေ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။



ကရင်ပြည်နယ် ဘားအံမြို့တွင် တည်ဆောက်ပေးထားသည့် ကြာအင်းတောင်အိမ်ရာများကို တွေ့ရစဉ်။

ရန်ကုန် - စစ်တွေ လမ်းပေါ်ရှိ ဒါးလက်ချောင်းတံတား၊ တိမ်ညိုတံတား၊ မြေပုံ - မင်းပြားလမ်းပေါ်ရှိ ကြပ်စင်တံတားနဲ့ စစ်တွေမြို့ပေါ်ရှိ ဆတ်ရိုးကျတံတားတို့ကို တည်ဆောက်ပြီးစီးခဲ့ပါပြီ။ ကင်းချောင်းတံတားနဲ့ ရာမောင်တံတားတွေကို တည်ဆောက်လျက်ရှိပါတယ်။

ရှမ်းပြည်နယ်မှာ တောင်ငူ - လိပ်သို - ယာဒို - လွိုင်ကော် - ဟိုပုံးလမ်း၊ မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်းတွေကို အပိုင်းလိုက်အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ဟန်မြင့်မိုရ် - မြို့ကြီး - အောင်ပန်းလမ်း၊ တောင်ငူ - လိပ်သို - ယာဒို - ဟိုပုံးလမ်းတွေကို JICA ချေးငွေနဲ့ လမ်းအဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။

အောင်ပန်း - ပင်လောင်း - မိုးဗြဲ - လွိုင်ကော်လမ်း၊ မိုင်းပန် - မုံးထ - မုံးထော်လမ်း၊ တွင်းငယ် - မိုးမိတ်လမ်း၊ လားရှိုး- မန်စံလမ်း၊ သီပေါ - ပန်လုံ - နမ္မတူလမ်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ သီပေါ - ပန်လုံ - နမ့်ဆန်လမ်းပိုင်းတွေကို အပိုင်းလိုက်အဆင့်မြှင့်တင်နေသလို နမ့်ဆန်လမ်းပေါ်မှာရှိတဲ့ လေလုတံတားကို တည်ဆောက်နိုင်ခဲ့ပါတယ်။

သံလွင်မြစ်ကူးတံတားတွေ ဖြစ်တဲ့ မိတ္ထီလာ - တောင်ကြီး - ကျိုင်းတုံ - တာချီလိတ်လမ်းပေါ်က တာကော်တံတားနဲ့ မိုင်းတုံ - မိုင်းဆတ်လမ်းပေါ်က သံလွင်မြစ်ကူးတံတား (တာဆန်း)ကို စတင်တည်ဆောက်နေပြီဖြစ်ပါတယ်။

**မေး။ ။ တိုင်းဒေသကြီး အလိုက်လည်း သိချင်ပါတယ်။**

ဖြေ။ ။ စစ်ကိုင်းတိုင်းဒေသကြီးမှာ မုံရွာ - ပုလဲ - ဂန့်ဂေါလမ်း၊ ရွှေဘို-မြစ်ကြီးနားလမ်း၊ ရောင်ဟီး - ပင်လည်ဘူးလမ်း၊ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း - ခန္တီးလမ်း၊ မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း အစရှိတဲ့ လမ်းပိုင်းတွေကို အပိုင်းလိုက်အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့သလို မန္တလေး-တကောင်း - ဗန်းမော် - မြစ်ကြီးနားလမ်းကို JICA ချေးငွေနဲ့ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ချင်းတွင်းမြစ်ကူး တံတားကြီးတွေဖြစ်တဲ့ ချင်းတွင်းတံတား(ခန္တီး)နဲ့ ချင်းတွင်းတံတား (ဟုမ္မလင်း)တို့ကို ပြီးခဲ့တဲ့နှစ်အတွင်းမှာ အပြီးတည်ဆောက် ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီတံတားကြီးတွေ တည်ဆောက်ဖွင့်လှစ်နိုင်တဲ့အတွက် နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုတဲ့ တံတားကြီးတွေ ဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီးမှာ လေညာ-ရတနာပုံလမ်း၊ ထားဝယ် - ထီးခီးလမ်းမှာ NEDA ချေးငွေနဲ့ အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။ သမုတ်လွတ်လွတ်တံတား၊ ပုလုံးတုံးတုံးတံတားနဲ့ တနင်္သာရီတံတားတို့ကို တည်ဆောက်လျက်ရှိပါတယ်။ ဒီတံတားကြီးတွေ ပြီးစီးသွားရင် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအပြင် ထိုင်းနိုင်ငံနဲ့ ကုန်သွယ်ရေးမှာပါ များစွာအထောက်အကူပြုမယ့် တံတားကြီးတွေ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးမှာ တောင်ငူ - မော်ချီး - ဒီမော့ဆိုလမ်း အဆင့်မြှင့်တင်နိုင်သလို ဒိုက်ဦး - စစ်တောင်းလမ်းမှာ JICA ချေးငွေနဲ့ အပိုင်းလိုက် အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။ တောင်ငူ - လိပ်သို - ယာဒို - လွိုင်ကော်-ဟိုပုံးလမ်း၊ ပုသိမ်-မုံရွာလမ်း၊ ပဲခူး-သနပ်ပင်-ခရမ်း - သုံးခွ - သန်လျင်လမ်းတွေကို အပိုင်းလိုက် အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။ စစ်တောင်းမြစ်ကူးတံတားကြီးတွေဖြစ်တဲ့ စစ်တောင်းမြစ်ကူးတံတား(ရေတာရှည်)၊ စစ်တောင်းမြစ်ကူးတံတား(အုတ်ဖြတ်)၊ စစ်တောင်းမြစ်ကူးတံတား(မြို့စိုး)နဲ့ တောင်ငူ - ကျောက်ကြီး - ရွှေကျင် - ဝင်းကံ လမ်းပေါ်ရှိ ရွှေကျင်တံတားကြီးတွေကိုလည်း တည်ဆောက်လျက်ရှိပါတယ်။

**မေး။ ။ မကွေး၊ မန္တလေးနဲ့ ရန်ကုန်တိုင်းဒေသကြီးတွေနဲ့ ပတ်သက်ပြီး ဆက်ရှင်းပြပေးပါ ခင်ဗျာ။**

ဖြေ။ ။ မကွေးတိုင်းဒေသကြီးမှာ မုံရွာ - ပုလဲ - ဂန့်ဂေါ - ဟားခါးလမ်း၊ ဂန့်ဂေါ - ကလေးလမ်း၊ မင်းဘူး - အမ်းအပိုင်း၊ ဂန့်ဂေါ - အိုက္ကားလမ်း၊ နေပြည်တော် - တောင်ညို - မြို့သစ် - ကံပြား(မကွေး)လမ်း၊ နေပြည်တော် - တောင်ညို - ချောင်းနက် - တောင်တွင်းကြီးလမ်း၊ ပခုက္ကူ - ဆိပ်ဖြူလမ်း၊ မင်းဘူး - စလင်း - တညောင် - ဆိပ်ဖြူလမ်းအပိုင်းတွေကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့သလို မကွေးတိုင်းဒေသကြီးအတွင်း ပခုက္ကူ - ပေါက် - ထီးလင်း - ဂန့်ဂေါလမ်းပေါ်ရှိ မြစ်သာမြစ်ကူးတံတား(ဂန့်ဂေါ)ကို တည်ဆောက်ပြီးစီးခဲ့ပါပြီ။ မုန်းချောင်းတံတား (ပွင့်ဖြူ)နဲ့ ယော(ကံတွင်း)တံတား နှစ်စင်းတို့ကို တည်ဆောက်လျက်ရှိပါတယ်။

မန္တလေးတိုင်းဒေသကြီးမှာ မန္တလေး-မိုးကုတ်လမ်းကို JICA ချေးငွေနဲ့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး မန္တလေး - တကောင်း - ဗန်းမော် - မြစ်ကြီးနားလမ်း၊ ရန်ကုန်-ပြည်-မန္တလေးလမ်း၊ တွင်းငယ်-မိုးမိတ်လမ်းပိုင်းတွေကို အပိုင်းလိုက် အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။ ညောင်ဦး - မြင်းခြံလမ်းပေါ်ရှိ ဆင်တဲဝတံတားကို တည်ဆောက်လျက်ရှိပြီး မကြာမီပြီးစီးမှာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ ပဲခူး-သနပ်ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်း၊ မအူပင် - တွံတေးလမ်း၊ တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း၊ အမှတ်(၇)လမ်းမကြီး(မြို့ပတ်လမ်း) တွေကို အဆင့်မြှင့်တင်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် သန်လျင်ကနေ သီလဝါကိုသွားတဲ့ သန်လျင်-သီလဝါလမ်းမကြီးကို JICA ချေးငွေနဲ့ လက်ရှိလမ်းကို အဆင့်မြှင့်တင်ခဲ့ပါတယ်။

ကော့မှူး - ဝါးဘလောက်သောက်-သရက်တောလမ်းပိုင်းတွေကို ဆောင်ရွက်နိုင်သလို ဒေါပုံကနေ ပုဇွန်တောင်သွားတဲ့ ဒေါပုံ (သာကေတ) တံတားကိုလည်း တည်ဆောက်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

အထူးကဏ္ဍ [ ဃ ] သို့ »»



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တည်ဆောက်ပေးထားသည့် ဥမ္မာဒန္တီအိမ်ရာ စီမံကိန်းကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

**မေး။ ။ မြန်မာ - ကိုရီးယား (ဒလ) ချစ်ကြည်ရေးတံတား၊ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) နဲ့ ကျန်တဲ့တံတားတွေနဲ့ ပတ်သက်ပြီးလည်း ပြောပြပေးပါ ခင်ဗျာ။**

ဖြေ။ ။ ကိုရီးယားနိုင်ငံ ချေးငွေနဲ့ မြန်မာ - ကိုရီးယား(ဒလ) ချစ်ကြည်ရေးတံတားကို စတင်တည်ဆောက်နေပြီဖြစ်ပါတယ်။ ဂျပန်နိုင်ငံ ချေးငွေနဲ့ တည်ဆောက်မယ့် ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃) ကိုလည်း စတင်တည်ဆောက်နေပြီဖြစ်ပါတယ်။

**မေး။ ။ ရောဝတီ တိုင်းဒေသကြီးနဲ့ ပတ်သက်လို့ ဆောင်ရွက်ပေးနိုင်ခဲ့တာ၊ ဆက်လက်ဆောင်ရွက်မှာတွေကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ ဧရာဝတီတိုင်းဒေသကြီးမှာ ဖျာပုံ - ကျုံကဒွန်း - ဒေါ်ငြိမ်း - အမာလမ်း၊ ဘိုကလေး - မော်လမြိုင်ကျွန်း - ကျုံမငေး - ဝါးခယ်မ - မြောင်းမြလမ်း၊ ကြိမ်ပင်ဆည် - စက္ကော - ဓနုဖြူ - ဇလွန်လမ်း၊ ငါးသိုင်းချောင်း - ငွ - သံတွဲလမ်း၊ ဘိုကလေး - စက်ဆန်း - ထော်ပိုင် - အမာလမ်း၊ မအူပင်- ကျိုက်လတ် - ဖျာပုံလမ်းနဲ့ ဖို့ကုန် - ပုသိမ်လမ်းပိုင်းတွေကို နိုင်ငံတော်ရဲ့ဘတ်ဂျက်သာမက ADB အကူအညီနဲ့ JICA ချေးငွေတို့နဲ့ပါ ဆောင်ရွက်ပြီးစီးတဲ့ အပိုင်းတွေရှိသလို ဆက်လက်ဆောင်ရွက်မယ့်အပိုင်းတွေ ရှိပါတယ်။

အလားတူပဲ ရွှေသောင်ယံတံတား (မကျီးချောင်း)ကို တည်ဆောက်ပြီးစီးခဲ့ပြီး မြောင်းမြတံတားအသစ်လည်း မကြာမီပြီးစီးတော့မှာ ဖြစ်ပါတယ်။ စော်ကဲတံတား၊ ကျွန်းပြဿဒ်တံတား၊ ကျွန်းကုန်းတံတားနဲ့ ပုသိမ်တံတားအမှတ်(၂)တို့ကို တည်ဆောက်လျက်ရှိပြီး ရွှေလောင်းတံတား၊ ဝါးခယ်မတံတားနဲ့ လပွတ္တာ(ပင်လယ်လေး)တံတားတွေကို ကြိုးတံတားကနေ RC တံတားအဖြစ် လက်ရှိအဆင့်မြှင့်တင် တည်ဆောက်လျက်ရှိပါတယ်။

**မေး။ ။ နေပြည်တော်ကောင်စီနယ်မြေအပိုင်းကိုလည်း ပြောပြပေးပါဦး ခင်ဗျာ။**

ဖြေ။ ။ နေပြည်တော်ကောင်စီနယ်မြေမှာ နေပြည်တော် - တောင်ညို - မြို့သစ် - ကံပြား (မကွေး)လမ်း၊ နေပြည်တော် - တောင်ညို - ချောင်းနက် - တောင်တွင်းကြီးလမ်း၊ တပ်ကုန်းကနေ ရန်ကုန် - မန္တလေး အမြန်လမ်းကို ဆက်သွယ်တဲ့လမ်း၊ ဘီလပ်မြေစက်ရုံ (တောင်စဉ်အေး) - နန်းလွင်စန်း- ပြဒါးချောင်း အထက်ပေါင်းလောင်းလမ်း၊ မွန်းတည့်ခွင် - ကျည်တောင် - ခေါ်မ - ညောင်ပင်သာလမ်း စတဲ့လမ်းပိုင်းတွေကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။



၂၀၁၈ ခုနှစ် ဩဂုတ် ၂၅ ရက်က ဖွင့်လှစ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးရှိ ဒေါပုံတံတားသစ်ကြီးကို တွေ့ရစဉ်။

**မေး။ ။ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး အဆင့်မြှင့်တင်ပေးနိုင်ခဲ့တာတွေနဲ့ ပတ်သက်ပြီးလည်း သိချင်ပါတယ်။**

ဖြေ။ ။ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးကို အဆင့်မြှင့်တင်ပေးနိုင်ဖို့ ပြီးခဲ့တဲ့နှစ်အတွင်းမှာ AC ခင်းခြင်းနဲ့ Chain Link တပ်ဆင်ခြင်းတွေ ဆောင်ရွက်ခဲ့တယ်။ Raised Median ကနေ Depressed Median ပြောင်းခြင်းနဲ့ Guard Rail တပ်ဆင်ခြင်းကို လုပ်ပေးနိုင်ခဲ့ပါတယ်။ ကုန်ထုတ်လမ်းတွေမှာ အမာခံလမ်းခင်းခြင်းနဲ့ Box Culvert တည်ဆောက်ခြင်းကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ တစ်နိုင်ငံလုံး ဆောင်ရွက်ပေးနိုင်ခဲ့တဲ့ အရေအတွက်ရော သိရမလား ခင်ဗျာ။**

ဖြေ။ ။ ခြုံငုံပြီးပြောရရင် တစ်နိုင်ငံလုံးမှာ လမ်းမိုင်အရှည် ၂၆၃၃၃ မိုင် ၄ ဖာလုံရှိတဲ့အနက် ကွန်ကရစ်လမ်း ၁၂၁၃ မိုင် ၇ ဖာလုံ၊ ကတ္တရာလမ်း အဆင့် ၁၅၈၁၆ မိုင် ၃ ဖာလုံ၊ ကတ္တရာ ကွန်ကရစ်လမ်းအဆင့် ၁၅၃၆ မိုင် ၂ ဖာလုံအထိရောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ Plan ဆွဲထားတာက တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ ကွန်ကရစ်လမ်း ၃၉ မိုင် အဆင့်မြှင့်တင်သွားပြီး AC ကတ္တရာလမ်း ၁၃၇ မိုင် အဆင့်မြှင့်တင်သွားဖို့ ရှိပါတယ်။

**မေး။ ။ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရဲ့ဆောင်ရွက်မှုတွေလည်း ဆက်ပြောပြပေးပါဦး။**

ဖြေ။ ။ ကျေးလက်လမ်း ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက်မှာ ကွန်ကရစ်လမ်း ၁၇၅ မိုင်၊ ကတ္တရာလမ်း ၃၅ မိုင်၊ ကတ္တရာထပ်ပိုးလွှာ ခုနစ်ဖာလုံ၊ ကျောက်ချောလမ်း ၂၀၁ မိုင်၊ ဂဝံလမ်း ၄၀၈ မိုင်၊ ကွန်ကရစ်တံတား ၁၀၆ စင်း၊ သစ်သားတံတား ၁၁ စင်း၊ ဘေလီတံတား လေးစင်း၊ ရေကျော် ၂၂ စင်း၊ Box Culvert ပေါင်း ၄၅၉ စင်းကို တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မှာ ကွန်ကရစ်လမ်း ၃၁၇ မိုင်၊ ကတ္တရာလမ်း ၃၀၉ မိုင်၊ ကတ္တရာထပ်ပိုးလွှာ ၁၆ မိုင်၊ ကျောက်ချောလမ်း ၄၅၆ မိုင်၊ ဂဝံလမ်း ၈၈၄ မိုင် ဒါတွေကို တည်ဆောက်လျက်ရှိပါတယ်။ ကွန်ကရစ်တံတား ၄၅၇ စင်း၊ သစ်သားတံတား ၁၇ စင်း၊ ကြိုးတံတား ၃၇ စင်း၊ ရေကျော် ၇၃ စင်း၊ Box Culvert ၁၀၀၄ စင်းကို တည်ဆောက်ပေးလျက်ရှိပါတယ်။

**မေး။ ။ အိမ်ရာလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ လုပ်ဆောင်နေတာတွေကိုလည်း သိပါရစေ။**

ဖြေ။ ။ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ မြို့ပြကဏ္ဍမှာ မြို့ပြဒေသဖွံ့ဖြိုးရေးစီမံကိန်းတွေ ရေးဆွဲခြင်းကို ၂၀၁၈ ခုနှစ် ဧပြီလကနေ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအထိ တစ်နှစ်တာအတွင်း နှစ်စဉ်လျာထား မြို့ပေါင်း ခြောက်မြို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

နိုင်ငံတကာအဖွဲ့အစည်းတွေဖြစ်တဲ့ Asia Development Bank(ADB), Neighbouring Countries Economic Development Cooperation Agency (NEDA)၊ ကိုရီးယားနိုင်ငံ KOICA , LH၊ ဂျပန်နိုင်ငံ MLIT, JICA စတဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး မြို့ပြနဲ့ဒေသ ဖွံ့ဖြိုးရေးကိစ္စတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အိမ်ရာကဏ္ဍအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာစီမံကိန်းတွေမှ အိမ်ခန်းပေါင်း ၃၃၂၂ ခန်းကို ပြည်သူတွေ နေထိုင်နိုင်ဖို့ တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှာ အိမ်ခန်းပေါင်း ၆၇၆ ခန်းပါဝင်တဲ့ ဥမ္မာဒန္တီအိမ်ရာစီမံကိန်းနဲ့ အိမ်ခန်းပေါင်း ၉၆ ခန်းပါဝင်တဲ့ ပြည်တော်သာအိမ်ရာ၊ ကရင်ပြည်နယ် ဘားအံမြို့မှာ အိမ်ခန်းပေါင်း ၄၈ ခန်းပါဝင်တဲ့ ကြာအင်းတောင်အိမ်ရာတွေကို တည်ဆောက် ရောင်းချပေးလျက်ရှိပါတယ်။ ဝန်ထမ်းတွေ နေထိုင်မှုအဆင်ပြေစေဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်တွေမှာ တိုင်းဒေသကြီး/ပြည်နယ် ဘတ်ဂျက်နဲ့ ဝန်ထမ်းအိမ်ရာ ၁၅၇ လုံး၊ အခန်းပေါင်း ၂၄၈၄ ခန်း တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုရန်ပုံငွေနဲ့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တို့မှာ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ ၂၅ လုံး၊ အခန်းပေါင်း ၈၆၀ ခန်းကို လက်ရှိ တည်ဆောက်လျက်ရှိပါတယ်။

မြို့ပြအိမ်ရာက ရေးဆွဲထားတဲ့ လက်ရှိဆောင်ရွက်နေတဲ့ Mega Project ကြီးလေးခု ရှိပါတယ်။ New Mandalay Resort City ကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှာ ဧရိယာဧက ၇၀၀၀ ခန့်မှာ Clean, Green & Smart မြို့သစ်စီမံကိန်း PPP Program အနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှာ Eco Green City စီမံကိန်းကို Alliance Star Group of Companies နဲ့ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသလို Smart District အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်မှာ ဆောင်ရွက်လျက်ရှိပါတယ်။

Korea - Myanmar Industrial Complex(KMIC) စီမံကိန်းကို လှည်းကူးမြို့နယ် ညောင်နှစ်ပင်သင်တန်းကျောင်းမြေဧရိယာ ၅၅၈ ဧကပေါ်မှာ တည်ဆောက်လျက်ရှိပါတယ်။ JICA & JU ODA Two - Step Loan အိမ်ရာချေးငွေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း "Housing Finance Development Project, MY24" ရဲ့ ရည်ရွယ်ချက်က ဝင်ငွေနည်းပြည်သူတွေ တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာတွေကို သက်သာသော အတိုးနှုန်းထားနဲ့ နှစ်ရှည်ပေးချေတဲ့စနစ်နဲ့ ဝယ်ယူနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ တန်ဖိုးသင့်၊ တန်ဖိုးနည်း အိမ်ရာ ဆောက်လုပ်ရောင်းချဖို့နဲ့ ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်ခင်ဗျာ။**

ဖြေ။ ။ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနကနေ အကောင်အထည်ဖော် ပြီးစီးခဲ့တဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ တန်ဖိုးနည်း၊ တန်ဖိုးသင့် အခန်းပေါင်း ၄၄၅၂ ခန်းကို ရောင်းချဖို့ လျာထားပါတယ်။ ပြည်သူတွေ အိမ်ရာပိုင်ဆိုင်နိုင်ရေးအတွက် လိုအပ်ချက်ဖြစ်တဲ့ အိမ်ရာစုဆောင်းငွေစနစ်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၁ ရက်ကစပြီး စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။

Housing Mortgage Loan နဲ့ ပြည်သူတွေ အိမ်ရာပိုင်ဆိုင်နိုင်ဖို့ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အထိ အိမ်ရာစုဆောင်းငွေထားရှိသူ ၂၅၀၀၀ ကျော်နဲ့ ငွေကျပ် ၂၃ ဘီလီယံကျော်ကို စုဆောင်းနိုင်ခဲ့ပါတယ်။

အိမ်ရာဝယ်ယူသူ ၂၇၂၀ ကို ငွေကျပ် ၃၅ ဒသမ ၁၇ ဘီလီယံ ထုတ်ချေးဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ် (CHID Bank)က အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို CHID Bank (Construction, Housing and Infrastructure Development Bank) အဖြစ် ရည်မှန်းချက်၊ မျှော်မှန်းချက်တွေကို တိုးမြှင့်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။

*ကျေးဇူးတင်ပါတယ် ခင်ဗျာ။*



၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၈ ရက်က ဖွင့်လှစ်ပေးခဲ့သော ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ရွှေသောင်ယံတံတား(မကျီးချောင်း)ကို တွေ့ရစဉ်။

သကြီနှံ ဗိုလ်ဝင်တောင်၊ ရွှေဘုံတောင် လက်မှတ်ရောင်းပြီ
ရွှေစက်တော်၊ အလောင်းတော်ကဿပ
ဇလွန်တောင်၊အညာသီဟတောာ၊မိုးကုတ်
(၅)ရက်ခရီး စား/တက် စဆင့်သွား (လုံးဝ'မ'ပါ) ၅၅၀၀၀/-(12.4.2019) ထွက်မည်။
ရွှေစေတီ Ph:09 450024419 09 790629747

# သာဓုခေါ် ဆိုနိုင်ပါရန်

သာသနာတော်နှစ် ၂၅၆၉ ကောဇာသက္ကရာဇ် ၁၂၈၇ ခုနှစ်/ခရစ်နှစ် ၁၉၂၆ ခုနှစ်ကတည်းက တည်ထောင်ထားခဲ့သော ကြည့်မြင်တိုင်မြို့နယ် အခြေစိုက် ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပရိယတ္တိစာပေများ သင်ကြားပို့ချလျက်ရှိသော စာသင်တိုက် များသို့နှစ်စဉ်တပေါင်း လပြည့် တစ်ကြိမ်၊ ဂါဆိုလပြည့် တစ်ကြိမ်၊ တန်ဆောင်မုန်းလပြည့် တစ်ကြိမ် တစ်နှစ်လျှင် သုံးကြိမ် အစဉ်အလာမပျက် လှူဒါန်းနိုင်ခဲ့ပါသည်။ ယခုနှစ် သာသနာတော်နှစ် ၂၅၆၂၊ ကောဇာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်တွင်လည်း (၂၆၆)ကြိမ်မြောက် တပေါင်းလ ဆွမ်းဆန်တော်လှူရေစက်ချပွဲကို အမှတ်၇၇/၇၉၊ အထက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ် အသင်းတိုက်သစ်ကြီးတွင် ရေစက်ချ၍ စာသင်တိုက်(၂၈၇)တိုက်ရှိ သံဃာတော်(၂၇၁၁၆)ပါးတို့အတွက် ခွန်နီမွှေးရှယ် အမျိုးအစား ဆွမ်းဆန်တော်အိတ်ပေါင်း (၁၀၂၀၃)အိတ်၊ တန်ဖိုးအားဖြင့် ( ၃၂၆၄၉၆၀၀၀ိ/ကျပ် ) သိန်းသုံးထောင့်နှစ်ရာခြောက်ဆယ့်လေးသိန်းကိုးသောင်းခြောက်ထောင်ကျပ်တိတိ လှူဒါန်းမှုပြုနိုင်ခဲ့ကြသည့်အပြင် အသင်းကြီး၏ ဩဝါဒါစရိယဆရာတော် (၁၁)ပါး၊ ဓမ္မကထိကဆရာတော် (၁၁)ပါးတို့အား ရွှေဘိုပေါ်ဆန်းမွှေးဆန် (၂၂)အိတ်၊ တန်ဖိုးအားဖြင့် ( ၁၁၆၆၀၀၀/- )ကျပ်(တစ်ဆယ့်တစ်သိန်းခြောက်သောင်းခြောက်ထောင်ကျပ်) ထပ်ဆောင်းလှူဒါန်းမှုပြုနိုင်ခဲ့ပါသည်။ အသင်းကြီးသို့ စေတနာသဒ္ဓါထက်သန်စွာ လှူဒါန်းခဲ့ကြသည့် အလှူရှင်များ သာဓုအနုမောဒနာ ခေါ် ဆိုနိုင်ပါရန် အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့
ပရိယတ္တိသာသနာနုဂ္ဂဟရန်ကုန်ဆန်လှူအသင်းကြီး
ဖုန်း - ၀၁ - ၅၂၃၆၉၄ ၊ ၀၁ - ၉၃၁၇၂၈၆ ၊ ၀၉ - ၂၅၄၈၁၀၆၇၀

## ကသာခရိုင်အသင်း(ရန်ကုန်)
## နှစ်ပတ်လည် စည်းဝေးမည်
## (ကသာ-ကောလင်း-ထီးချိုင့်-ပင်လည်ဘူး-ဗန်းမောက်၊ ဝန်းသို-အင်းတော်)

ကသာခရိုင်(၇)မြို့နယ်မှ အသင်းဝင်မိသားစုများ၏ နှစ်စဉ်ကျင်းပမြဲ သင်းလုံးကျွတ်အစည်းအဝေးကြီးကို ၂၀၁၉၊ ဧပြီလ ၇ ရက် (တနင်္ဂနွေနေ့)နံနက် ၈ နာရီမှ ၁၂ နာရီအထိ သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကဆံဘုရားအနောက်ဘက်မုခ်ရှိ ဓမ္မဗိမ္မာန်ဓမ္မာရုံကြီးတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ/သားများနှင့် အသင်းဝင်မဟုတ်သော်လည်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ကြပါရန် အလုပ်အမှုဆောင်အဖွဲ့မှ လေးစားစွာဖိတ်ကြားအပ်ပါသည်။

(ကသာဆန်ခေါက်ဆွဲ၊ တို့ဖူးကြော်၊ ခေါပုတ်ကြော်၊ မှျစ်ချဉ်တို့ဖြင့် ဧည့်ခံပါမည်။)

**ဥက္ကဋ္ဌ-ဦးညွန့်ဦး (ဖုန်း-၀၉-၅၁၁၂၅၅၇)**
**ကသာခရိုင်အသင်း(ရန်ကုန်) အလုပ်အမှုဆောင်အဖွဲ့.**

## မအိ သကြၤန်အထူးခရီးစဉ်(ရှင်ကိုးရှင်) Apr-12

★ ထားဝယ်ရှင်ကိုးရှင်၊ မောင်မကန်၊ ရွှေ့ရစ် မြင်းချီးအော်၊ ရေတိုင်လေးကျောင်း၊ လေးမျက်နှာဘုရား၊ မုဒုံ မြင်းနှစ်ကောင်ဝင်းစိန်တောရ၊ မော်လမြိုင်၊ ကျိုက္ကမီ၊ စတ်ခဲ - တစ်ဆင့်သွားကား၊ စား-တည်း-ငြိမ်း-(၉၅၀၀၀)ကျပ်

09-43055582,09-421008185,09-776356574 ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်

## သုခမ္မမဏိဇောတရေ
## ဆရာကြီးအရဟံဆရာအောင် (အကြားအမြင်ပါရမီရှင်)

ပညာရေး၊ စီးပွားရေး၊ အရောင်းအဝယ်၊ ကလေးအမည်ပေး၊ ရာထူးကိစ္စ၊ သားသမီးများလိမ္မာရေး၊ အိမ်ထောင်ရေး (မူလအိမ်ထောင်ရှင်ဘက်မှသာ) နိုင်ငံခြားကိစ္စ၊ သင်္ဘောကိစ္စ၊ နှစ်စဉ် နှစ်တိုင်း ဧပြီလနှစ်ဆန်း ၁ ရက်၊ ၁၇-၄-၂၀၁၉ ရက် နံနက်ပိုင်းတွင် အဆောင်ယတြာများ မေတ္တာဖြင့် ပေးဝေပါမည်။

နံနက် ၈း၀၀ နာရီ - ၁း၀၀နာရီ

ဆိုင် - အမှတ်(၁၆)၊ ဆူးလေဘုရားအဝိုင်း၊ တောင်ဘက်မုခ်၊ ရန်ကုန်မြို့
အိမ် - အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့
(ကြိုတင်ဖုန်းဆက်တိုကင်ယူပါ။)

**ဖုန်း-၀၉-၇၃၁၅၃၁၈၈၊ ၀၉-၅၁၁၂၁၄၆၊ ၀၉-၃၂၃၈၈၇၉၁**

**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊**
**တရုတ်ကျောင်းလမ်း၊ တိုက်အမှတ်-၂၁၊ (၃-လွှာ/ဒုတိယထပ်)၊**
**ဦးမြင့်လွင် ပိုင်ဆိုင်သည့်တိုက်ခန်းနှင့်**
**အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူသည် အထက်ဖော်ပြပါ တိုက်ခန်းအားဆက်စပ်စာချုပ်အရ လက်ဝယ်ထား ဝယ်ယူပိုင်ဆိုင်သူ ဦးမြင့်လွင်[၇/ပတန(နိုင်)၀၁၆၃၂၇]ထံမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူများ၊ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖော်ပြပါတိုက်ခန်းအား ဝယ်ယူခြင်းကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးခိုင်ဌေး(LL.B,D.B.L,D.I.L) (စဉ်-၈၁၅၉)**
**ဒေါ်ဝတ်ရည်ကျော်(LL.B,D.M.L,D.I.L) (စဉ်-၈၉၆၁)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၈၇၊ ဈေးကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၂၅၈၈၀**

## ပွဲတော်အုပ် ဆန်ဆိုင်

ပွဲတော်အုပ်
သန့်စင်ပြီး/အရောက်ပို့
☎:01512443, 0973017656, 095055574

## "ရွှေစည်"

အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
**လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။**
09-73122029,09-795669534

## အဲယားကွန်း

Second-Hand များ နှင့် အဟောင်းအပျက်များ ဝယ်လိုသည်။
09-799663364 ကိုသစ္စာ
09-443065562

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

[illegible]

SNACKS TIME [illegible]

**SNACKS TIME**

[illegible] SNACKS TIME [illegible] Letter Head, Internet, Website [illegible]

SNACKS TIME [illegible] Pizza, Buger, Coffee, Juice, Restaurant [illegible] SNACKS TIME [illegible] Internet / Website [illegible] SNACKS TIME [illegible]

[illegible]

B.Sc, H.G.P, R.L, D.B.L, D.M.L, D.I.L, M.Dev.S
[illegible]

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

[illegible]

[illegible] Letter Head, Internet, Website [illegible]

[illegible] Internet / Website [illegible]

[illegible]

B.Sc, H.G.P, R.L, D.B.L, D.M.L, D.I.L, M.Dev.S
[illegible]

## ရွှေမဟာ

ဒုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-5106146
09-775106146

## ကိုချစ်ကို

အိမ်ခြံမြေအကျိုးဆောင်
ဒဂုံမြို့သစ် (မြောက်ပိုင်း/တောင်ပိုင်း/အရှေ့ပိုင်း/ဆိပ်ကမ်း)မြေကွက်များ ဈေးကောင်းပေး၍ ဝယ်ပါသည်။
ပွဲခပေးရန်မလိုပါ။
09-5094084
09-420755957
09-423224544

## ☆STAR☆

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-43088052
09-260660405
09-421067330

# မိခင်တိုင်းသိသင့်သည့် ဝက်သက်ရောဂါ

ယုဝတီခင်ဦး

ဝက်သက်ရောဂါဆိုသည်မှာ အဘယ်နည်း၊ ဝက်သက်ရောဂါဖြစ်လာလျှင် မည်ကဲ့သို့ ပြုစုစောင့်ရှောက်မည်နည်း၊ ဝက်သက်ရောဂါကို မည်သို့ကာကွယ်မည်နည်း စသည့် ဝက်သက်ရောဂါအကြောင်းကို အိမ်ထောင်ရှင်မတိုင်း၊ မိခင်တိုင်း သိထားသင့်သည်။

ဝက်သက်ရောဂါသည် ဗိုင်းရပ်(စ်) ရောဂါပိုးတစ်မျိုးကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်၏။ ဝက်သက်ကူးစက်ရောဂါသည် ကလေးငယ်များတွင် တစ်သက်တစ်ခါ ဖြစ်ပွားလေ့ရှိရာ ခုခံအားနည်းပြီး ကလေးငယ်ကို ကောင်းစွာကြည့်ရှုမကုသပေးလျှင် ကလေးငယ်များအတွက် အန္တရာယ်ရှိပေသည်။

**ဝက်သက်ကာကွယ်ဆေး**

မိခင်လုပ်သူက ငယ်ရွယ်စဉ်အခါတွင် ဝက်သက်ပေါက်ထားသူဖြစ်ပါက ၎င်း၏ ခန္ဓာကိုယ်ထဲ၌ ဝက်သက်ကို “ပြီး” စေသော သွေးအားဓာတ် ကိန်းအောင်းသွားသဖြင့် ၎င်းကိုယ်ဝန်ဆောင်သောအခါ ရင်သွေးငယ်၏ ခန္ဓာကိုယ်ထဲသို့ မိခင်၏ ဝက်သက် “ပြီး”စေသောသတ္တိ ရောက်သွားခြင်းကြောင့် မွေးစပေါက်ကလေးမှ ကလေးငယ်အသက် ခြောက်လမှ ခုနစ်လကျော်အထိ ဝက်သက်မပေါက်သော “ပြီး”စေသော သတ္တိရရှိနိုင်ပေသည်။ ထို့ကြောင့် ဝက်သက်ကာကွယ်ဆေးကို ငယ်ရွယ်စဉ် အသက် ကိုးလအရွယ်မှာ ပထမအကြိမ် ထိုးပေးနိုင်သည်။ ဒုတိယအကြိမ် ကလေး ၁၈ လ (တစ်နှစ်ခွဲ) အရွယ်တွင် ဒုတိယအကြိမ် ထပ်တိုးပေးရပေမည်။

ဝက်သက်ရောဂါ ခန္ဓာကိုယ်ထဲတွင် အစပျိုးချိန်မှာ တစ်ပတ်၊ ဆယ်ရက် ကြာနိုင်သည်။ ရောဂါဖြစ်နေချိန်တွင် ကလေးငယ်သည် ကိုယ်ပူပြီး မအီမသာရှိမည်။ မျက်လုံးများ နီရဲပြီး ချောင်းဆိုးမည်။ ကိုယ်ပူ တက်လိုက်ကျလိုက် ဖြစ်မည်။ အပြင်းဖျားလျှင် ကလေးခါးကော့ပြီး တက်သွားတတ်သည်။ တစ်ခါတစ်ရံ နှာခေါင်းသွေးလျှံတတ်သည်။ ဝမ်းပျက်ဝမ်းလျှောပြီး မျက်တွင်းဟောက်ပက်နှင့် တစ်ကိုယ်လုံး ပိန်ချုံးသွားတတ်သည်။

ထို့ကြောင့် မိခင်သည် ကလေးကိုယ်ပူစ မအီမသာဖြစ်ချိန်၌ ဆေးရုံ၊ ဆေးခန်း၊ ဆရာဝန်၊ ဆရာမများနှင့် စနစ်တကျ ကုသပေးဖို့ လိုအပ်ပေသည်။ ကလေးနေမကောင်းသောအခါ ပါးစပ်ကို သေချာစွာဆေးပေးလျှင် အံသွားအပေါ်ဘက် ပါးစောင်တွင် (Kopliks Sports) “ကော့ပလစ်စပေါ့” ခေါ် အနီရောင် ပါးစောင်ပေါ်တွင် ဆားပွင့်ငယ်မျှရှိသော ဖြူဝါရောင်သန်းနေသော အစက်ကလေးများကို တွေ့နိုင်ပါသည်။ ဤသို့မဟုတ်လျှင် တစ်ခါတစ်ရံ ပါးစောင်နှစ်ဖက်တွင် အနီစက်ကလေးများ ညီညီညာညာ အံသွားအပေါ်ဘက်တွင် တွေ့နိုင်ပါသည်။

**ကလေးငယ်များကို ဝက်သက်ရောဂါမှ ကင်းဝေးစေရန် ပထမအကြိမ် အသက် ကိုးလတွင် ကာကွယ်ဆေးထိုးပြီး ဒုတိယအကြိမ် အသက် ၁၈ လ (တစ်နှစ်ခွဲ)တွင် ထပ်မံထိုးပေးရမည်။ အကယ်၍ ကိုးလနှင့် တစ်နှစ်ခွဲတွင် ကာကွယ်ဆေး မထိုးမိပါက ငါးနှစ် အောက်တွင် မပျက်မကွက် ဝက်သက်ကာကွယ်ဆေးထိုးရန် တိုက်တွန်းအပ်**

ယင်း“ကော့ပလစ်စပေါ့”မှာ ၁၀ နာရီမှ ၂၄ နာရီအထိ တွေ့ရပြီးနောက် ခန္ဓာကိုယ်ပေါ်တွင် ဝက်သက်အနီရောင်အစက်များ ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ယင်းအစက်တို့ ခံတွင်းမှ ပျောက်သွားမည်ဖြစ်သည်။ ဝက်သက်အနီစက်ကလေးများသည် ခန္ဓာကိုယ်အရေပြားပေါ်တွင် စထွက်လျှင် နားရွက်အနောက်ဆံပင်သိမ်းရာ လည်ကုပ်ဘက်ဆီတွင်လည်းကောင်း၊ ဦးရေခွံပေါ်တွင်လည်းကောင်း၊ နားဘယ်ဘက်ဆီ ပါးနှစ်ဖက်ပေါ်၌လည်းကောင်း၊ ထို့နောက်မှ နဖူး၊ မျက်နှာ၊ ရင်ဘတ်၊ နောက်ကျော၊ လက်၊ ခြေ စသည်တို့ လေး၊ ငါးရက်အကြာတွင် တစ်ကိုယ်လုံး ပျံ့နှံ့သွားနိုင်သည်။

ထို့နောက် အနီစက်များသည် တဖြည်းဖြည်း ထူပျစ်လာပြီး အရေခွံပေါ်သို့ ဖောင်းကြွတက်လာသည်ကို လက်နှင့် စမ်းသပ်နိုင်သည်။ ထိုအချိန်တွင် ကလေးသည် အပူချိန်တက်ပြီး မျက်နှာကလေးအမ်း၊ မျက်ခွံများ မို့လာပြီး နှာရည်တရွှဲရွှဲနှင့် ချောင်းဆိုးပြီး အဆုတ်ရောင်၊ အဆုတ်ပွဖြစ်တတ်သည်။ ထို့နောက် အစားမစားနိုင်ဘဲ ဝမ်းပျက်နိုင်သည်။ ကျန်းမာရေးဆေးခန်း၊ ဆေးရုံ၊ ဆရာဝန်၊ ဆရာမများနှင့်ပြ၍ ဆေးကုသလျှင် အနီဖုများထွက်ပြီး လေး၊ ငါးရက်အကြာတွင် အခြေအနေကောင်းမွန်သွားမည် ဖြစ်ပေသည်။




**ကူးစက်ရောဂါ**

ဝက်သက်ရောဂါမှာ ကူးစက်ရောဂါဖြစ်၍ ကလေးကို အခြားကလေးများနှင့် အတူထားမိလျှင် ၎င်းကလေးများကို ဝက်သက်ရောဂါကူးစက်သွားနိုင်သည်။ အထူးသဖြင့် ငယ်ရွယ်သောကလေးများမှာ အဆုတ်ရောင်၊ ဝမ်းလျှော၊ ကိုယ်ပူကြီးပြီး တက်တတ်သည့်အပြင် အားအင်ဆုတ်ယုတ်ပြီးနောက်ပိုင်း အထွေထွေချူချာကာ တီဘီရောဂါ ဖြစ်ပွားတတ်သည်။ ထို့ကြောင့် ကလေးငယ်များကို ဝက်သက်ရောဂါမှ ကင်းဝေးစေရန် ပထမအကြိမ် အသက် ကိုးလတွင် ကာကွယ်ဆေးထိုးပြီး ဒုတိယအကြိမ် အသက် ၁၈ လ (တစ်နှစ်ခွဲ)တွင် ထပ်မံထိုးပေးရမည်။ အကယ်၍ ကိုးလနှင့် တစ်နှစ်ခွဲတွင် ကာကွယ်ဆေးမထိုးမိပါက ငါးနှစ်အောက်တွင် မပျက်မကွက် ဝက်သက်ကာကွယ်ဆေးထိုးရန် တိုက်တွန်းအပ်ပါသည်။ ။

# ရေဘေးသဏ္ဍာန်တူ သရုပ်ပြဇာတ်တိုက်လေ့ကျင့်



**ထားဝယ် ဧပြီ ၁**

တနင်္လာရိ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှဦးစီး၍ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် တီဇစ်ကျေးရွာရှိ ဒေသခံပြည်သူများ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက တီဇစ်ကျေးရွာ ဖိုးလမော်ကမ်းခြေ၌ ရေဘေးသဏ္ဍာန်တူ သရုပ်ပြဇာတ်တိုက် လေ့ကျင့်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးမှူး ဒေါ်ဝင်းစန္ဒာကြည်က ကျေးရွာသူ ကျေးရွာသားများအား ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရမည့် နည်းလမ်းများအကြောင်း၊ ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရမည့် နည်းလမ်းများအကြောင်း၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် လိုက်နာရမည့်အချက်များနှင့် ရှောင်ရှားသင့်သည့် အချက်များအကြောင်း၊ ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များနှင့် ရှောင်ရှားသင့်သည့် အချက်များအကြောင်းကို ရှင်းလင်းဟောပြောသည်။

ထို့နောက် လောင်းလုံးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သူက ကြိုတင်ပြင်ဆင် ဇာတ်တိုက်လေ့ကျင့်ခြင်းဖြင့် ဆုံးရှုံးမှုလျော့နည်းစေရေးနှင့် ခံနိုင်ရည်ရှိသော ဘေးဒဏ်ကို ကြံ့ကြံ့ခံနိုင်သော ကျေးရွာ လူ့အဖွဲ့အစည်း တစ်ရပ်အဖြစ် ရပ်တည်နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ရေဘေးဇာတ်တိုက်လေ့ကျင့်ခန်း ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီး မိုးလေဝသနှင့်ဇလဗေဒဦးစီးမှူး ဦးဟန်ဝင်းအောင်က သဘာဝဘေးများအကြောင်း အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ လူမှုရေးအသင်းများနှင့် ကျေးရွာနေပြည်သူများပူးပေါင်းပြီး ကျေးရွာအတွင်း မိုးလေဝသ သတင်းနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်နေမှုများ ဆောင်ရွက်နိုင်စေရန် နှိုးဆော်နေမှုများ၊ ကျေးရွာသူ ကျေးရွာသားများ အပြေးအလွှားရောက်ရှိလာနေမှုများ၊ ပင်လယ်ပြင်အတွင်း ရှာဖွေကယ်ဆယ် ဆောင်ရွက်နေမှုများ၊ ဒဏ်ရာရသူများ၊ ပျောက်ဆုံးသူများအား ရှာဖွေကယ်ဆယ် ဆောင်ရွက်နေမှုများ စသည့်တို့ကို ရေဘေးသဏ္ဍာန်တူ သရုပ်ပြဇာတ်တိုက် လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**ထားဝယ်(ခရိုင်ပြန်/ဆက်)**

**သာသနာတော်နှစ် ၂၅၆၂-၂၅၆၃ ခုနှစ် သက္ကရာဇ် ၁၃၈၀-၁၃၈၁ ခုနှစ် မဟာသင်္ကြန်**
**အကျ - အကြတ် - အတက် -နှစ်ဆန်း (၁) ရက်နှင့် ဝါဆို -ဝါကပ် - လ - ရက်နှင့် နေ့များ ၁၃၈၁ ခုနှစ်၊**
**ကဆုန်လပြည့်ကျော် (၁)ရက်၊ သာသနာတော်နှစ် ၂၅၆၃ ခုနှစ်၊ ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ မေလ (၁၉) ရက် ၊ တနင်္ဂနွေနေ့**

၁။ **မဟာသင်္ကြန်ကျရက်**
- ဇေယျတု -မြန်မာသက္ကရာဇ် - ၁၃၈၀ ပြည့်နှစ် နှောင်းတန်ခူးလဆန်း (၁၀) ရက်
- ရခိုင်သက္ကရာဇ် - ၁၃၈၀ ပြည့်နှစ် တာကူးလဆန်း (၁၀) ရက်
- ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁၄) ရက် တနင်္ဂနွေနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စံတော်ချိန် ညနေစက် ၅-နာရီ၊ ၂၁-မိနစ်၊ ၄၂-စက္ကန့် အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ **မဟာသင်္ကြန် အကြတ်ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၁)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တာကူးလဆန်း (၁၁) ရက်
- ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁၅) ရက် တနင်္လာနေ့သည် မဟာသင်္ကြန်အကြတ်ရက်ဖြစ်ပါသည်။

၃။ **မဟာသင်္ကြန် အတက်ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း (၁၂) ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၀ ပြည့်နှစ်၊ တာကူးလဆန်း (၁၂) ရက်
- ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁၆) ရက် အင်္ဂါနေ့ မြန်မာစံတော်ချိန် ညစက် ၉-နာရီ ၊ ၂၆-မိနစ်၊ ၂၃-စက္ကန့် အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

၄။ **မြန်မာ -ရခိုင် - နှစ်ဆန်း ၁ ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ်၊ ဦးတန်ခူးလဆန်း (၁၃) ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၁ ခုနှစ်၊ တာကူးလဆန်း (၁၃) ရက်
- ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁၇) ရက် ဗုဒ္ဓဟူးနေ့သည် မြန်မာ-ရခိုင် နှစ်ဆန်း (၁) ရက်နေ့ ဖြစ်ပါသည်။

၅။ **ရဟန်းတော်များအတွက် ဝါဆို - ဝါကပ် - လ - ရက်များ**

၁၃၈၁ ခုနှစ်သည် လထပ်ရက်ငင်မရှိသော ရိုးရိုးနှစ် ဖြစ်ပါ၍ သာသနာတော်နှစ် ၂၅၆၃ ခုနှစ် မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် ဝါဆိုလပြည့်ကျော် (၁) ရက် ၊ ရခိုင်သက္ကရာဇ် ၁၃၈၁ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် (၁) ရက်၊ ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက် ဗုဒ္ဓဟူးနေ့တွင် ဗုဒ္ဓဘာသာသာသနာတော်ဝန်ထမ်း ရဟန်းတော်အရှင်မြတ်တို့သည် ပထမပုရိမဝါကို ကပ်ဆိုတော်မူကြရမည်ဖြစ်ပြီး မြန်မာ -ရခိုင် ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁) ရက်၊ ခရစ်နှစ် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက် သောကြာနေ့တွင် ဒုတိယပစ္ဆိမဝါကို ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

# အလုပ်ဆိုတာအင်အားပါစာအုပ်နှင့်ပတ်သက်၍ စာဖတ်ဝိုင်းကျင်းပ

**နေပြည်တော် မေ ၁**

စာအုပ်စာပေများ ဖတ်ရှုလေ့လာခြင်းဖြင့်ရရှိသည့် အတွေးအမြင် ဗဟုသုတများကို စာဖတ်သူအချင်းချင်း ဖလှယ်ဆွေးနွေးနိုင်ရန်အတွက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ခရိုင်စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့နှင့် စာပေဝါသနာရှင်များက ယမန်နေ့နံနက် ၁၁ နာရီတွင် ဒက္ခိဏခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန၌ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)ရေးသားသည့် "အလုပ်ဆိုတာ အင်အားပါ" စာအုပ်ကို စာဖတ်ဝိုင်း ကျင်းပသည်။




အဆိုပါ စာဖတ်ဝိုင်းတွင် နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က "အလုပ်ဆိုတာအင်အားပါ" စာအုပ်တွင်ပါဝင်သည့် အကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စာအုပ်၊ စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များက ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) ရေးသားသည့် "အလုပ်ဆိုတာအင်အားပါ" စာအုပ်နှင့်ပတ်သက်၍ အလုပ်လုပ်ရာတွင် မေတ္တာတရားထားဖို့လိုကြောင်း၊ ကိုယ်ချင်းစာစိတ်ထားဖို့လိုကြောင်း၊ အလုပ်၏တန်ဖိုးထဲတွင် ဂုဏ်သိက္ခာပါရှိကြောင်း၊ အမှန်တရားကို မြတ်နိုးဖို့လိုကြောင်း၊ အလုပ်အပေါ်တွင် သစ္စာရှိဖို့လိုကြောင်း၊ အလုပ်အပေါ်တွင် ဝီရိယထားပါက အောင်မြင်မှုပန်းတိုင်ရောက်နိုင်ကြောင်း၊ မလိုအပ်သည့်နေရာတွင် အားအကုန်သုံးဖို့မလိုကြောင်း၊ လိုအပ်သည့်နေရာတွင် အားအကုန်သုံးဖို့လိုကြောင်း၊ အလုပ်လုပ်ရာတွင် ခြသေ့လိုကျင့်ကြံဖို့လိုကြောင်း၊ အလုပ်လုပ်ရာတွင် ပေါင်းသင်းဆက်ဆံရေးကောင်းဖို့လိုကြောင်း၊ အရာရာကိုလွယ်လွယ်နှင့် အရှုံးမပေးဘဲ ဇွဲရှိဖို့လိုကြောင်း၊ အလုပ်လုပ်ရာတွင် အများနှင့် ဝိုင်းဖွဲ့ဆောင်ရွက်တတ်ဖို့လိုကြောင်း၊ အလုပ်တွင်ကျယ်စေလိုလျှင် ကိုယ်ရောစိတ်ပါ ကျန်းမာဖို့လိုကြောင်းတို့ကို မိမိတို့၏သဘောထားအမြင်များ၊ သုံးသပ်ချက်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပလက်ဝမြို့၌ အစိုးရနည်းပညာအထက်တန်းကျောင်း တည်ဆောက်နေ

**ပလက်ဝ မေ ၁**

ချင်းပြည်နယ် ပလက်ဝမြို့နယ် တမန်းသားကျေးရွာအုပ်စု အန်နိုဝကျေးရွာရှိ မြို့သစ်တိုးချဲ့မြေနေရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေ ၈၄ ဒသမ ၂၆၈၉ သန်းဖြင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ပလက်ဝ)ကိုတည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါနည်းပညာအထက်တန်းကျောင်းကို အလျား ၁၉၂ ပေ၊ အနံ ၃၈ ပေ၊ RC သုံးထပ်စာသင်ဆောင် တစ်လုံးတည်ဆောက်ခြင်းဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းကို တင်ဒါအောင်မြင်သည့် ကီမိုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်က ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၃ ရက်မှစ၍ လုပ်ငန်းစတင်တည်ဆောက်ခဲ့ရာ ၆၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၅ ရက် ရာနှုန်းပြည့်ပြီးစီးအောင် လျာထားတည်ဆောက်လျက်ရှိကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်နိုင်ထံမှ သိရသည်။

**မောင်မောင်ကျော်(ပလက်ဝ)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**



# ငဖဲမြို့နယ် ပဘဲကျေးရွာအတွင်း အရှိုချင်းရိုးရာဂျပ်ခုတ်သင်တန်းဖွင့်ပွဲ ကျင်းပ

**ငဖဲ မေ ၁**

မင်းဘူးခရိုင် ငဖဲမြို့နယ် အရှိုချင်းအမျိုးသားစာပေနှင့် ယဉ်ကျေးမှုရေးရာအဖွဲ့က ဦးဆောင်၍ အရှိုချင်းလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ရိုးရာလက်မှုပညာများ ပပျောက်မှုမရှိစေရေးအတွက် အရှိုချင်းရိုးရာဂျပ်ခုတ် သင်တန်းဖွင့်ပွဲကို ငဖဲမြို့နယ် ပဘဲ ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဆလိုင်းအောင်ဝင်းက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရန်နှင့် သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက်ပြီး ရိုးရာဂျပ်ခုတ်ရက်လုပ်သူ နည်းပြဆရာမ သုံးဦးက သင်တန်းသူများအား အမျိုးသမီးဝတ်သင်တိုင်း၊ တဘက်နှင့် အမျိုးသားဝတ်စုံရက်လုပ်နည်း၊ သင်တန်းသားများအား ဝါးဖြင့်ဒေါင်းလန်း ရက်လုပ်နည်းများကို လက်တွေ့ ရက်သတ္တ တစ်ပတ်ကြာ ဖွင့်လှစ်သင်ကြား ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မယု(ငဖဲ)**

# ကျောက်ပန်းတောင်းမြို့နယ်တွင် ပလတ်စတစ် အမှိုက်လျှော့ချရေးအစီအစဉ် ၁၈ ရာခိုင်နှုန်းအထိ ရှိလာ

**ကျောက်ပန်းတောင်း မေ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ပလပ်စတစ်အမှိုက် လျှော့ချရေးကမ်ပိန်းအစီအစဉ်မှာ ၁၈ ရာခိုင်နှုန်းရှိလာကြောင်း ကျောက်ပန်းတောင်း လူငယ်ကွန်ရက်မှ သိရသည်။

ကျောက်ပန်းတောင်းလူငယ်ကွန်ရက်၏ ရည်ရွယ်ချက်တစ်ခုဖြစ်သော ကျောက်ပန်းတောင်းမြို့နယ်အတွင်း ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ပလတ်စတစ်အမှိုက် ၃၀ ရာခိုင်နှုန်းလျှော့ချရေးအစီအစဉ်မှာ လက်ရှိတွင် ၁၈ ရာခိုင်နှုန်းအထိ ရှိလာကြောင်း ကျောက်ပန်းတောင်း လူငယ်ကွန်ရက်မှ ကိုဝေလွင်ဦးက ပြောသည်။

"ကွန်ရက် စထောင်ကတည်းက တစ်လတစ်ကြိမ် ဒီကမ်ပိန်းကို ပြုလုပ်လာတာ ခုဆိုတိုးတက်မှုတွေ ရှိလာတယ်။ ၁၈ ရာခိုင်နှုန်းလောက် အောင်မြင်တယ်၊ ပလတ်စတစ်ဆိုးကျိုးတွေအကြောင်း လူသိများလာတယ်။ ရပ်ကွက်တွေက ကိုယ်ပိုင်အမှိုက်ကားတွေ ထောင်လာပြီ၊ ခုဆို ရပ်ကွက်တွေထဲ အမှိုက်ပုံတွေ မရှိတော့ဘူး။ ကျွန်တော်တို့ကွန်ရက်က တစ်လတစ်ကြိမ် အမှိုက်ကောက် ကမ်ပိန်းလုပ်တယ်၊ လုပ်တဲ့အခါလည်း ဌာနဆိုင်ရာတွေက ကူညီပေးပါတယ်"ဟု ၎င်းက ပြောသည်။

ပုပ္ပားတောင်ရှိ သဘာဝသယံဇာတများ၊ ရေအရင်းအမြစ်များ သဘာဝအတိုင်း တည်ရှိရေး၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပညာရေးဖော်ဆောင်ပေးရန်၊ ကျောက်ပန်းတောင်းမြို့နယ်ရှိ ပလတ်စတစ်အမှိုက်များကို ၂၀၁၄ ခုနှစ် မှ ၂၀၂၀ ပြည့်နှစ်အထိ ၃၀ ရာခိုင်နှုန်းလျှော့ချရေး၊ ကျောက်ပန်းတောင်းမြို့နယ်ရှိ လူငယ်များ မူးယစ်ဆေးသုံးစွဲမှု လျော့ကျပြီး အားကစားကဏ္ဍတိုးတက်စေရေး၊ သဘာဝဘေးအန္တရာယ်မှ ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များကို တတ်စွမ်းသမျှ ကူညီပေးရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျောက်ပန်းတောင်း လူငယ်ကွန်ရက်ကို ၂၀၁၄ ခုနှစ် ဩဂုတ် ၂၈ ရက်က အဖွဲ့ဝင် ၃၀ ကျော်ဖြင့် ဖွဲ့စည်းခဲ့ကြောင်း အဆိုပါ ကွန်ရက်ထံမှ သိရသည်။

**ကိုမင်း(အင်းတော်)**

